www.burmeseclassic.com

BURMESE CLASSIC .com

အချစ်ဘာသာ လုံးချင်းဝတ္ထုသစ်

ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၅၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၈၀၅၁၂

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဇူလိုင်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာအုပ်
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/-095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တန်ခူးလေပြေ
တူပါတယ်ဆို/ တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၂။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) တူပါတယ်ဆို

## အခန်း(၁)

မိုးစက်ဆိုသောကောင်သည် ပေါ့ပေါ့နေ ပေါ့ပေါ့စားကောင် ဖြစ်သည်။

ပေါ့ပေါ့နေခြင်းဆိုရာ၌ အမြဲတမ်းပေါ့တီးပေါ့ဆနိုင်ပြီး သောင်းဘီ...နှင့် ပေါ့ပေါ့ပါးပါးနေခြင်းကို ဆိုလိုပြီး၊ ပေါ့ပေါ့စားဆိုရာ၌ ငါးမုန့်ကြော်၊ ...လုံးကြော်၊ မုန့်လေပွေ အစရှိသည်တို့ကို ကြိုက်နှစ်သက်စွာ စားသုံးခြင်း ဟု ဆိုလိုပါသည်။

ဒီနေ့လည်း မြို့ထဲ၌ ပေါ့ပေါ့ပါးပါးဟန်ဖြင့် လမ်းလျှောက်ရင်း ငယ်သူငယ်ချင်းဖြစ်သူ နောက်တိုးနှင့် အမှတ်မထင် ဆုံတွေ့မိကြသည်။

'ဟေ့ကောင် လေပွေ'

'ဟာ... နောက်တိုး'

နောက်တိုးက မိုးစက်ကို လေပွေဟု ခေါ်ရခြင်းမှာ အကြောင်းရှိပါသည်။ မိုးစက်က ငယ်စဉ်ကျောင်းတက်သည့်အချိန်တုန်းက အလွန်အချော့...သည့် ကလေးတစ်ယောက်ဖြစ်ခဲ့သည်။ ထို့ကြောင့် အတန်းပိုင်ဆရာမက ...တ်အား ဖမ်းရခက်လှခြင်းကြောင့် လေပွေဟု အမည်ပေးခဲ့သည်။

ထို့ကြောင့် နောက်တိုးတို့လို ငယ်သူငယ်ချင်းများကပါ လိုက်၍ ...က်ပြောင်ခေါ်ခဲ့ကြရင်း ယနေ့ထိတိုင် ၄င်းလေပွေဆိုသည့် နာမည်ကို ...တ်ကို တွေ့တိုင်းနှုတ်ကျိုးစွာ ခေါ်ခဲ့ကြသည်။

ယခုလည်း ငယ်သူငယ်ချင်းနှစ်ယောက် မတွေ့ရတာကြာပြီဖြစ် ...ကြောင့် ယခုလို တွေ့ဆုံသည့်အခါ ပျော်ကြပါသည်။ စကားတွေ

www.burmeseclassic.com



အများကြီး ပြောချင်ကြသော်လည်း နောက်တိုးမှာ လုပ်ငန်းခွင်ကို ဝင်နေပြီဖြစ်ရာ အလုပ်အများကြီး သွားစရာရှိနေခြင်းကြောင့် စကားစကို မဖြတ်ချင်ဘဲ ဖြတ်၍···

'ငါ ဒီညနေပဲ အလုပ်ကိစ္စနဲ့ မန္တလေးကို တက်ရဦးမှာကွ'

'ဒီတော့···'

'ခုချိန်ထိ လုပ်ရမဲ့အလုပ်တွေ မပြတ်သေးဘူး'

'ဒီတော့···'

'နောက်မှပဲ တွေ့မယ်ကွာ'

'ဒီတော့···'

နောက်တိုး မိုးစက်၏ ပခုံးကို ပုတ်ကာ ရယ်၍···

'အရေးထဲ မင်းက နောက်နေသေးတယ်၊ ဒီလိုလုပ်ကွာ၊ ငါ့ဖုန်းနံပါတ်ကို မင်းယူထားလိုက်၊ အရေးအကြောင်းဆိုရင် ဆက်သွယ်လို့ရတာပေါ့'

မိုးစက် နားလည်စွာ ခေါင်းညိတ်၍···

'အေးပါကွာ၊ မင်း အလုပ်ရှုပ်နေတယ်ဆိုတော့ သွားပေါ့၊ ငါက ခုချိန်ထိ အားအားယားယားကောင်ဆိုတော့ အချိန်တွေက အရမ်းပိုနေတာ'

ထို့နောက် နောက်တိုးဆီမှ ဖုန်းနံပါတ်ယူရန်ပြင်တော့ မိုးစက်ဆီမှာ မှတ်စရာစာရွက်က မပါပါ။ ထို့ကြောင့် အလွယ်တကူပင် ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတစ်ရွက်ပေါ်တွင်သာ ၄င်းဖုန်းနံပါတ်ကို ရေးမှတ်လိုက်လေသည်။ ပြီးနောက် ၄င်းဖုန်းနံပါတ်မှတ်၍ထားသော ပိုက်ဆံကို သုံးတဲ့အထဲ မတော်တဆ ပါသွားမည်စိုးသဖြင့် ခေါက်၍ အိတ်ကပ်အသေးလေးအတွင်းသို့ မှတ်မှတ်ရရ သိမ်းထားလိုက်သည်။

ထိုဘာမဟုတ်သော လုပ်ရပ်လေးသည် နောင်မကြာသောအချိန်တစ်ခုတွင် ခန္ဓာကိုယ်၏ အဓိက အစိတ်အပိုင်းဖြစ်သော နှလုံးသားနှင့် တိုက်ရိုက်ဆက်နွယ်စေမည်မှန်း ထိုစဉ်ကတော့ မိုးစက် လုံးလုံးကို မရိပ်မိခဲ့ပါ။

ဖုန်းနံပါတ်မှတ်ပြီးသွားသောအခါ နောက်တိုးက···

'မင်း အိမ်ဖုန်းနံပါတ်က အရင်က ဖုန်းနံပါတ်ပဲ မဟုတ်လား'





'အေး'

'ကဲ··· သွားပြီ သူငယ်ချင်းရာ၊ နောက်မှတွေ့ကြမယ်'

'အေးပါ၊ အေးပါ'

ထို့နောက် မိုးစက် နောက်တိုးနှင့် လမ်းခွဲထွက်သွားပြီး ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အာလူးကြော် ဝင်ဝယ်သည်။ မိုးစက်မှာ အာလူးကြော်ကြိုက်သည်ဆိုရာ၌ တံဆိပ်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ စားခြင်းမဟုတ်။ ပြောင်းကြည့်သည့် တံဆိပ်မျိုးစုံကို ပြောင်းလဲ၍ အားပေးခြင်းသာ ဖြစ်သည်။

ယခုလည်း တံဆိပ်သစ်တစ်မျိုးကို တွေ့လိုက်ရသဖြင့် ဆိုင်ရှင်အား···

'ဦးလေး ဒီတံဆိပ်က ကောင်းလားဗျ'

'ဟာ··· ကောင်းမှကောင်း ငါ့တူရေ၊ ကြွပ်ရွနေတာပဲ'

ဆိုင်ရှင်ကတော့ ထိုသို့ညွှန်းရှာပါသည်။ ဟုတ်မဟုတ်သိရအောင် မိုးစက်က အထုပ်ဖောက်၍ မြည်းစမ်းကြည့်လိုက်၏။

'ဟာ··· ကောင်းသားပဲ'

ဒါပဲယူတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ မယူလို့လည်း မရပါ။ အထုပ်က ဖောက်ပြီးရုံတင်မက ပါးစပ်ထဲပါ အာလူးကြော်တချို့ ရောက်သွားပြီ။ ထို့ကြောင့်···

'ဦးလေး··· ဒါဘယ်လောက်လဲ'

'တစ်ထောင် ငါ့တူ၊ တစ်ထောင်'

'အင်း··· အင်း'

ပိုက်ဆံပေးရန်အတွက် ဘောင်းဘီနောက်အိတ်ကပ်ထဲတွင် ထည့်ထားသော ပိုက်ဆံအိတ်ကို လှမ်းစမ်းသည်။ မတွေ့။ နောက်အိတ်ကပ်တစ်ဖက်ကို ထပ်စမ်းသည်။ မတွေ့။ ရှေ့အိတ်ကပ်ထဲတွင် ထည့်ထားသည် ထင်သည်။ လုံးဝမရှိ။ ခေါင်းနည်းနည်းကြီးသွားသည်။ ငါ ပိုက်ဆံအိတ်ကို ဘယ်နားသွားထားလိုက်မိတာလဲဟ။

တစ်ကိုယ်လုံးကို ပြောင်းဆန်နေအောင် ရှာပစ်လိုက်သည်။ ပိုက်ဆံအိတ်နှင့်တူသည့် သားရေစလေးပင် ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အမှန်တရားက ခေါင်းထဲတွင် ဆယ်ပေါင်တူနှင့်ထုလိုက်သလို ဒိန်းခနဲ မြည်ဟည်းကာ အချက်ပေးလေသည်။

'ဟာ… ငါ့ပိုက်ဆံအိတ် ပျောက်သွားပြီ ထင်တယ်'

ထိုအသိတရားကြောင့် တစ်ကိုယ်လုံး ထူပူသွားပြီး ဆိုင်အတွင်းတွင် သွေးရူးသွေးတန်းဖြင့် ပြူးပြဲကာ ရှာပါလေတော့သည်။

ဆိုင်ရှင်ဦးလေးကြီးက ရုတ်တရက်ပြောင်းလဲသွားသော မိုးစက်၏ အခြေအနေကို ကြည့်ပြီး မျက်မှောင်ကြုံ့ကာ…

'ဒီမယ် ငါ့တူ ဘာလိုက်ရှာနေတာလဲ'

'ပိုက်ဆံလိုက်ရှာနေတာဗျ'

'ဟင်… ပိုက်ဆံက ဘယ်နားမှာ ထားထားလို့လဲ'

မိုးစက် လိုက်ရှာနေရင်းမှပင်…

'ပိုက်ဆံအိတ်ထဲမှာပဲ ထားတာပေါ့ဗျ'

'ဟော… ဒါဆို အဲဒီပိုက်ဆံအိတ်ကရော'

'ဘောင်းဘီအိတ်ကပ်ထဲမှာ ထားထားတာ'

'ဟင်… ဘောင်း… ဘောင်းဘီကရော'

'ကျွတ်… ဘောင်းဘီက ကျွန်တော့်ကိုယ်ပေါ်မှာလေဗျာ၊ ဒီမှာ ရှာလို့မတွေ့ရလို့ စိတ်တိုနေရတဲ့အထဲ အမေးအမြန်းကလာထူနေသေးတယ်၊ ဟင်း…'

မိုးစက် ထိုသို့ဘုပြောလွှတ်လိုက်သဖြင့် ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးမှာ အူတူတူဖြင့် ငြိမ်သွား၏။

ထိုသို့ဖြင့် ဆိုင်ထဲတွင် ရှာ၍မတွေ့သောအခါ ဘယ်နားလောက်မှာများ ပိုက်ဆံအိတ် ကျကျန်ရစ်ခဲ့သလဲဆိုတာကို စဉ်းစားရပြီ။

'ဟာ… ဟုတ်ပြီ၊ ဟိုနားမှာ ကျန်ခဲ့တာပဲ ဖြစ်လိမ့်မယ်'

မိုးစက် ပြောတဲ့ ဟိုနားဆိုတာက နောက်တိုးနဲ့ ရပ်စကားပြောခဲ့တဲ့ နေရာကို ဆိုလိုတာပါ။ အချိန်ကတော့ နည်းနည်းကြာသွားပြီမို့ ပြန်ရနိုင်ချေကတော့ သိပ်မရှိ။ ဒါပေမဲ့ ပိုက်ဆံပျောက်သူတို့၏ ထုံးစံအတိုင်း ပြန်ရလို





မြန်း အတွေးဖြင့် ထိုနေရာသို့ အပြေးတပိုင်းပင် ထွက်လာခဲ့ပါလေတော့သည်။ ဆိုင်ရှင်ဦးလေးကြီးက…

'ဟာ… ဟော့… ငါ့တူ… ငါ့တူ… ဘယ်သွားမလို့လဲ၊ ဟာ…'

၎င်းခေါ်သံကို မိုးစက်ဂရုစိုက်နိုင်ခြင်း မရှိပါ။ လမ်းကိုသာ အမြန်လျှောက်၍ လမ်းတစ်လျှောက်လည်း တွေ့လိုတွေ့ငြား မျက်စိဖွေကြည့်ခဲ့သေး၏။

ထိုနေရာသို့ရောက်ရန် ခပ်လှမ်းလှမ်းအလိုလောက်တွင် လမ်းမပေါ်၌ ခပ်မဲမဲအရာဝတ္ထုလေးကို လှမ်း၍တွေ့လိုက်ရပါသည်။

'ဟာ… ဟိုမှာတွေ့ပြီကွ၊ ရှိနေသေးတာပဲ'

အပျော်စိတ်တို့ ဖြတ်ဝင်သွားပြီး ခြေလှမ်းကို အရှိန်မြှင့်လိုက်စဉ်မှာပင်…

'ဟာ… သွားပြီ'

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ပြက္ခဒိန်ထဲတွင်တော့ ဒီနေ့သည် ရက်ရာဇာဟု ဖော်ပြထားပါသည်။ ဒါပေမဲ့ သဒ္ဒါရုံအဖို့တော့ ဒီနေ့သည် ပြဿဒါးနေ့ဟု ဆိုရမလိုပင် ဖြစ်နေ၏။

မိုးလင်းကတည်းက ဆိုးလိုက်တဲ့ကံ။ အိမ်မှအထွက်တွင် ဖိနပ်ပြတ်သည်။ လမ်းပေါ်ရောက်တော့ ခလုတ်တိုက်သည်။ ကားပေါ်ရောက်ပြန်တော့လည်း ကားကဘီးပေါက်သည်။ ဒီကြားထဲ ဆံပင်ထောင်ထောင်နှင့် ငတိတစ်ယောက်က တောက်တဲ့သဖွယ် ကပ်ပါလာပြီး ခုနကမှ လက်လျှော့၍ တပ်ပြန်ခေါက်သွားသည်။

ဒီထက်ပို၍ဆိုးသည်မှာ အိမ်မှလောလောလောလောဖြင့် ထွက်လာခဲ့ခြင်းဖြစ်သဖြင့် ပိုက်ဆံအိတ် မေ့ကျန်ခဲ့သည်။ ဒါကို ယခုလမ်းတစ်ဝက်ရောက်၍ ကားဘီးပေါက်မှ သိတော်မူသဖြင့် အိမ်သို့တစ်ခေါက်ပြန်ယူရဦးပေမည်။

ထို့ကြောင့် သဒ္ဒါရုံက ဒီနေ့ကို မိမိကိုယ်ပိုင်ပြဿဒါးနေ့ဟု သတ်မှတ်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းပြဿဒါးနေ့ကို အဆုံးသတ်ပေးမဲ့ကိစ္စတစ်ခုက မျက်စိရှေ့သို့ ရောက်လာသောအခါ ပြက္ခဒိန်ပါ ပြဋ္ဌာန်းချက်သည် အလိုအလျောက် မှန်ကန်သွားပြီး ရက်ရာဇာဘဝသို့ ချက်ချင်းပင် ကူးပြောင်းသွားပါတော့သည်။

'ဟင်… ပိုက်ဆံအိတ်ကလေးပါလား'





အမြင်နှင့် အသိသည် တစ်ဆက်တည်းဖြစ်သွားပြီး လက်ကအလိုအလျောက်ပင် သွက်လက်စွာ ကောက်ယူပြီးသား ဖြစ်သွားလေ၏။ အိတ်က သောက်ျားကိုင် ခေါက်အိတ်ကလေးတစ်လုံးဖြစ်ပြီး အိတ်ထဲသို့ ဖွင့်ကြည့်လိုက်ရာ ပိုက်ဆံများက အထပ်လိုက်။

'ဟာ… ကြည့်စမ်း၊ ပိုက်ဆံတွေ ပါတယ်ဟ'

အပျော်စိတ်ကြောင့် ခုန်ပေါက်မိမတတ်ဖြစ်သွားစဉ် အချိန့်တွင်…

မိုးစက်လည်း အလိုအလျောက်ပင် ခေါင်းကြီးသွားမိ၏။ မိမိရှေ့မှာတင် ကောင်မလေးတစ်ယောက်က ပိုက်ဆံအိတ်ကို ကောက်လိုက်တာမြင်လိုက်ရတာကိုး။ ထို့ကြောင့်အနားသို့ ခပ်မြန်မြန်လျှောက်သွားလိုက်ပြီး…

'ဒီမှာ… ဒီမှာ… အဲဒါ ကျွန်တော့်ပိုက်ဆံအိတ်ဗျ'

'ဟင်'

ရုတ်တရက်မို့ သူခိုးလူမိသွားသလို ဖြစ်သွားပြီး သဒ္ဒါရုံ ရှက်ကိုးရှုတ်ကန်းဖြစ်သွားမိ၏။ နောက်မှ ဒီလူ ငါကောက်တွေ့တာကို မြင်ပြီးသာအချောင်လိုချင်လို့များလားဟု တွေးမိပြီး မျက်နှာထားကို ခပ်မာမာပြန်ဖြင့်လိုက်သည်။ မိုးစက်ကဆက်၍…

'အဲဒါ ကျွန်တော့်ပိုက်ဆံအိတ်ပါ၊ ပျောက်သွားလို့ လိုက်ရှာနေတာ'

'အံမယ်… ဒီလိုရမလား၊ ရှင့်မှာ ဘာသက်သေရှိလို့လဲ၊ ပြော'

ထိုသို့ပြောလိုက်ခြင်းကြောင့် မိုးစက် ကြောင်စီစီဖြစ်သွားပြီး…

'သက်သေ ဟုတ်လား၊ ဘာကိုပြောတာလဲဗျ'

'ဒီပိုက်ဆံအိတ်က ရှင့်ပိုက်ဆံအိတ်မှန်တယ်ဆိုရင် ဒီထဲမှာ သက်သေလောက်တော့ ရှိရမှာပေါ့၊ ဥပမာ မှတ်ပုံတင်တို့၊ ဓာတ်ပုံတို့ပါလား'

မိုးစက် ခေါင်းကုတ်၍ စဉ်းစားမိသည်။

ကိုယ်က ဒါမျိုးတွေ ထည့်လေ့ထည့်ထ မရှိသဖြင့် မပါလေသတ်။

'ပါမှာမဟုတ်ဘူးဗျ၊ ကျွန်တော်က ဒါမျိုးတွေ မဆောင်တတ်ဘူး'

သဒ္ဒါရုံက မဲ့ပြုံးပြုံး၍…



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဒီပိုက်ဆံအိတ်ထဲမှာ တခြားဘာတွေပါသေးလဲ'

'ဒါလေးများဗျာ၊ ပိုက်ဆံတွေပါတယ်'

'ဪ… ဒါတော့ ရှင်ပြောမှလား'

'ဟ… ပိုက်ဆံပါလို့ပါတယ်ပြောတာပေါ့၊ မယုံရင် ခင်ဗျား ဖွင့်ကြည့်ပါလား'

လေသံက နည်းနည်းမာသွားပါသည်။ ဟုတ်သည်။ ကိုယ့်ပိုက်ဆံအိတ်ကို ကိုယ့်ရှေ့မှာတင် ပေါ်တင်ကြီးကောက်သွားပြီးမှ ခုကိုယ့်ကိုပြန်ပြီး စစ်လားဆေးလားလုပ်နေတော့ တင်းလာပြီပေါ့။

မိုးစက် ထိုကဲ့သို့ လေသံမာသွားခြင်းကြောင့် သဒ္ဒါရုံလည်း တင်းသွား၏။

'ဒီမှာ ကျွန်မ ရှင့်ကို ရှင်းရှင်းပဲ ပြောမယ်၊ ဒီပိုက်ဆံအိတ်က ရှင့်ပိုက်ဆံအိတ် အစစ်အမှန်ဆိုရင် ဒီအိတ်ထဲမှာ ဘာတွေပါလဲဆိုတာ ရှင် ကျွန်မကို မှန်အောင်ပြောရမယ်၊ တကယ်လို့ မပြောနိုင်ဘူးဆိုရင်တော့ ဆောရီးပဲ၊ ကျွန်မ သိမ်းရလိမ့်မယ်'

'ဟာ… မင်းက ဘာလဲကွ'

သဒ္ဒါရုံက ဒါပဲကွဟု ပြန်၍မပြောပါ။ မျက်နှာထားတင်းတင်းဖြင့်သာ ဆက်၍ရှိနေသည်။ မိုးစက်လည်း စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းကုတ်ကာ ဆက်၍…

'မင်းကို ငါ ပိုက်ဆံတွေပါတယ်ဆိုတဲ့အကြောင်းကို ပြောပြီးသွားပြီလေကွာ'

'ဒါပဲလား'

'အေး… ဒါပဲ'

ထိုသို့ပဲ ပြောရပေတော့မည်။ ကိုယ်စဉ်းစား၍ရသလောက်ကတော့ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံမှလွဲ၍ တခြား ဘာမှမပါပဲကိုး။

ထိုအဖြေကို သဒ္ဒါရုံက သိပ်၍ဘဝင်ကျဟန်မတူသော်လည်း…

'ဒါဆိုလည်း ကောင်းပြီလေ၊ အဲဒီပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံဘယ်လောက်ပါသလဲဆိုတာကို ရှင်အတိအကျ ပြောနိုင်ရမယ်'





'ပြောနိုင်ရင်'

'ပြောနိုင်ရင် ရှင့်ပိုက်ဆံအိတ်ဖြစ်ကြောင်း ကျွန်မလက်ခံပြီး ပြန်ပေး[illegible]မယ်လေ'

ထိုသို့ပြောလိုက်ခြင်းသည် သဒ္ဒါရုံက မိမိသည် ဒီလူအား နောက်[illegible]နေနှင့် အခွင့်အရေးပေးလိုက်ခြင်းဖြစ်သည်ဟု မှတ်ယူထားလိုက်၏။ [illegible]သည်လေ။ ဘယ်ကမှန်းမသိတဲ့လူတစ်ယောက်က ဘာတစ်ခုမှ မပြော[illegible]ဘဲနဲ့ မိမိကောက်ရသည့် ပိုက်ဆံအိတ်အား သူ့ပိုက်ဆံအိတ်ပါလို့ ပါးစပ်[illegible]နဲ့ ပြောရုံနဲ့ ပေးရလောက်အောင် ကိုယ်က ငတုံးမှ မဟုတ်တာ။

ပြီးတော့ ကိုယ်ကလည်း သူများပိုက်ဆံအိတ်ကို အချောင်လိုချင်[illegible] လုံးဝမရှိပါ။ သူ့ဘက်က မှန်ကန်ကြောင်း ပြနိုင်ရင်တော့ ပြန်ပေး[illegible]ရုံပေါ့။ အဲ… မဟုတ်ရင်တော့ ကိုယ့်ကုသိုလ်ကံကြောင့် ရတာဆိုတော့ [illegible]ပေမပေါ့။

သဒ္ဒါရုံ၏ စကားကို နားထောင်ပြီး မိုးစက် နဝေတိမ်တောင်ဖြစ်[illegible]မိသည်။ ဒီကောင်မလေးကြည့်ရတာ လွယ်လွယ်နှင့် ပိုက်ဆံအိတ်ကို [illegible]ပေးချင်ပုံမရ။ ဟုတ်တော့လည်း ဟုတ်သည်။ ကိုယ့်ဘက်က ဘာတစ်ခု[illegible]ကို ရေရေရာရာ မပြောနိုင်သေးတာကိုး။

ထို့ကြောင့် ကိုယ်ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံဘယ်လောက်ထည့်[illegible]ခဲ့သလဲဆိုတာကို ပြန်စဉ်းစားရပြီ။ တစ်သောင်းလား၊ မဟုတ်လောက်[illegible]ဆိုရင် နှစ်သောင်းနဲ့တူတယ်။ မဟုတ်သေး။ သုံးသောင်း။ ဟုတ်သည်။ [illegible]သောင်းဖြစ်လောက်သည်။ သုံးသောင်းဟု ပြောမည်ပြင်ပြီးမှ မသေချာ[illegible]ောက်သေးဘူးဟု တွေးမိပြီး ပါးစပ်ကို ပြန်၍ဘရိတ်အုပ်လိုက်မိသည်။

ပြောရရင် ပေါ့တီးပါဆနေမိခဲ့သည့် အကျိုးက ဒီမှာလာခံစားနေရ[illegible]သာဖြစ်သည်။

လွန်ခဲ့သည့် နှစ်ရက်က ပိုက်ဆံတစ်သိန်း အိတ်ထဲထည့်ထားသည်[illegible]ာက်ကိုသာ ရေရေရာရာ မှတ်မိသည်။ ဒီကြားထဲတွင် ဘယ်လောက်[illegible]ခဲ့ပြီး ဘယ်လောက်ကျန်သလဲဆိုတာကို စဉ်းစား၍မရ။ [illegible]မှန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြော၍တော့ မဖြစ်။ ဒီကောင်မလေးကြည့်ရတာ ဂျစ်ကန်ကန်နဲ့ ကိုယ်မမှ လို့ကတော့ တကယ်ပြန်မပေးမည့်သဘောမှာ ရှိသည်။

ထို့ကြောင့် သေချာစာရင်းတွက်ကြည့်ဖို့တော့ လိုပြီ…။

'ဒီမှာ မင်းမှာ စာရွက်နဲ့ဘောပင်ပါလား'

သဒ္ဒါရဲ့ မျက်မှောင်ကြုတ်၍…

'ဘာလုပ်မလို့လဲ'

'စာရင်းတွက်မလို့ကွ၊ ဒါမှသေချာသိမှာ'

သဒ္ဒါရဲ့ သက်ပြင်းကို မဲ့ကာရွဲ့ကာဖြင့်ချ၍ စိတ်မရှည်သည့်ဟန်ဖြင့် စာရွက်နှင့်ဘောပင်ကို ထုတ်ပေးလိုက်မိသည်။

မိုးစက်က စာရွက်နှင့်ဘောပင်ရသွားသောအခါ ဟိုကြည့်ဒီကြည့် ကြည့်ပြီး…

'ဒီမှာက မတ်တပ်ကြီး တွက်ရတာ အဆင်မပြေပါဘူး၊ ဟိုနားက အုတ်ခုံကလေးမှာ သွားထိုင်ရအောင်၊ အရိပ်လည်းကောင်းတယ်'

'အို… မထိုင်ပါဘူး၊ ဘာလို့သွားထိုင်ရမှာလဲ ဟွန်း'

'အဲဒါတော့ မင်းသဘောပဲလေ'

ထိုသို့ပြောပြီးနောက် မိုးစက်က အုတ်ခုံရှိရာသို့ သွား၍ စိမ်ပြေနပြေ ထိုင်ကာ လွန်ခဲ့တဲ့ရက်တွေက ကိုယ်သုံးခဲ့သော အသုံးစာရင်းကို အပီအပြင် ထိုင်၍တွက်သည်။

လက်ဖက်ရည်ဖိုးက ဘယ်လောက်၊ ကွမ်းဖိုးက ဘယ်လောက် ဆေးလိပ်ဖိုးက ဘယ်လောက် အစရှိသည့် အတိုအထွာအသေးအဖွဲ့ကလေးက စပြီး စဉ်းစားကာ စိတ်တိုင်းကျကို တွက်နေခြင်းဖြစ်သည်။

ထိုမြင်ကွင်းကို ကြည့်ပြီး သဒ္ဒါရဲ့မှာ ဒေါသချောင်းချောင်းထွက်နေလေ၏။ စဉ်းစားကြည့်လေ ကိုယ်ကကျတော့ နေပူထဲမှာ မတ်တတ်ကြီး ဒင်းကတော့ အရိပ်ထဲ ငုတ်တုတ်ထိုင်လို့ ဘယ်လောက်များ တင်းစရာကောင်းလိုက်သလဲလို့။

အချိန်နာရီဝက်ခန့်ကြာသောအခါ သဒ္ဒါရဲ့ ဘယ်လိုမှကို သည်းညည်းမခံနိုင်တော့ဘဲ မိုးစက်ရှိရာသို့ ခြေဆောင့်ကာ သွားလိုက်ပြီး…





'ဒီမှာ… ဒီမှာ'

'အာ… ဘာလဲကွာ၊ ဒီမှာ စဉ်းစားနေတာ မေ့သွားပြီ'

'ကျွတ်… ရှင်က ဒီနေ့အဖို့ ပြီးဦးမှာလား'

'နောက်တစ်နာရီလောက် ထပ်စဉ်းစားရင် ပြီးပါပြီကွ'

'ဘာပြောတယ်၊ တစ်နာရီတောင် ဟုတ်လား'

'အင်း… နည်းနည်းပါးပါး လိုတိုးပိုလျော့တော့ ရှိမယ်ထင်တယ်'

သဒ္ဒါရဲ့ ဒေါသထွက်လိုက်သည်မှာ ပြောကိုမပြောချင်တော့။

ဒါပေမဲ့ ဒေါသထွက်ရုံမှအပ ဘာမှလည်း ထပ်၍မလုပ်နိုင်သဖြင့် ဆက်၍စောင့်နေရပြန်သည်။ ဒီလိုနှင့် အချိန်ဆယ့်ငါးမိနစ်ခန့် ထပ်၍ကြာသွားသည်။ ခြေထောက်ကလည်း တော်တော်ကို ညောင်းလာပြီ။

'ဒီမှာ ရှင် အခုထိ မပြီးနိုင်သေးဘူးလား'

'အာ… လန့်လိုက်တာကွာ၊ တိုးတိုးအော်မှပေါ့'

'ကျွတ်… ကျွန်မ ညောင်းနေပြီရှင့်၊ ဟွန်း'

'ဒါဆိုလည်း ထိုင်စောင့်ပေါ့ကွ'

ထိုသို့ပြောရင်း မိုးစက်က နေရာကျယ်အောင် ခန္ဓာကိုယ်ကို အနည်းငယ် ပြင်ထိုင်ပေးလိုက်သည်။ ဒါပေမဲ့လည်း သဒ္ဒါရဲ့က ဝင်ထိုင်ခြင်းမရှိပါ။ ဘယ်ထိုင်ပါ့မလဲ။ မိန်းကလေးဆိုတော့ လမ်းဘေးအုတ်ခုံကြီးမှာ သင့်မှ သင့်တော်တာ။

ထို့နောက် မိုးစက်လည်းဘာမှပြောမနေတော့ဘဲ ကိုယ့်စာရင်းကိုယ်ပြန်တွက်သည်။ ပြီးနောက် လက်ထဲတွင်ပါလာသော အာလူးကြော်ကိုလည်း စိမ်ပြေနပြေ ဝါးသည်။ ကောင်းလိုက်သည့်ဖြစ်ခြင်း။

သဒ္ဒါရဲ့ကတော့ ဘေးနားတွင် မတ်တတ်ရပ်ရင်း မိုးစက်အား မျက်စောင်းတထိုးထိုးဖြင့် ရှိနေပါတော့သည်။ ခဏမျှကြာသောအခါ မိုးစက်က…

'ဒီမှာဟေ့… သုံးသောင်းနှစ်ထောင်လေးရာခြောက်ဆယ့်ငါးနဲ့ ငါးသောင်းငါးထောင်ငါးရာသုံးဆယ့်ငါးနဲ့ ပေါင်းရင် ဘယ်လောက်ရလဲ မင်းသိလား'



www.burmeseclassic.com

www.burmeseclassic.com



'အို… ရှင်ဘာသာရှင် ပေါင်းလေ၊ ကျွန်မကို ဘာကိစ္စလာဆေး နေရတာလဲ'

မိုးစက် ခေါင်းကုတ်၍…

'ငါက သချင်္ာညံ့လို့ အကူအညီတောင်းတာပါကွ၊ ရတယ်လေ မင်းမကူညီချင်လည်းနေပါ၊ ငါ့ဘာသာ ငါပေါင်းပါ့မယ်၊ အဲ… ပြီးတော့မှ ကြာလိုက်တာ ဘာညာတော့ လာမပြောနဲ့နော်'

ထိုသို့ ပြောလိုက်သောအခါ သဒ္ဒါရုံ မျက်စောင်းကြီးဖြင့် ဝိတ် ထိုးမိလိုက်တော့သည်။ ဘယ်လိုလူမှန်းကို မသိ။ တကယ့်ကို အရစ်ရှည်တဲ့ လူ။

'ပေး… ပေး… ပေါင်းပေးမယ်'

'အဟာ… ဒီလိုမှပေါ့ကွ၊ ရော့… ရော့'

ထိုသို့ပြောပြီး စာရွက်နှင့် ဘောပင်ကို ထိုးပေးလိုက်သည်။ ထို့ နောက်တော့ မိုးစက်က အားလူးကြော်ကို စိတ်အေးလက်အေးဟန်ဖြင့် ထိုင်စား၍ သဒ္ဒါရုံက သူ၏ ပွဲစီတက်နေသော အသုံးစာရင်းကို စိတ်ပျက် လက်ပျက်ဟန်ဖြင့် ခေါင်းစားခံ၍ တွက်နေရတော့သည်။ ခဏမျှကြာ သောအခါ သဒ္ဒါရုံက ဆောင့်ကြီးအောင့်ကြီး လေသံဖြင့်…

'ရပြီ၊ ရှင့်အသုံးစရိတ်စုစုပေါင်းက ခြောက်သောင်းခွဲ'

'သေချာလို့လား'

'မသေချာဘဲနဲ့ ပြောမလားရှင့် ဟွန်း…'

'အင်း… ဒါဆို တစ်သိန်းထဲက ခြောက်သောင်းခွဲကို နုတ်ရင် ဘယ်လောက်ကျန်မလဲကွာ'

'သုံးသောင်းခွဲပေါ့ရှင့်၊ ဒါလေးတောင်မှ မသိဘူးလား'

'အား… ဒါဆိုရင် ဟုတ်ပြီ၊ အဲဒီပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံသုံး သောင်းခွဲရှိတယ်၊ ဖွဲ… ဟဲ'

'ရှင်ပြောတာ သေချာပြီနော်'

မိုးစက် မျက်မှောင်ကိုကြုတ်၍ တစ်ချက်မျှစဉ်းစားပြီး…

'အေး… သေချာပြီကွာ'





ဟု ပြောလိုက်လေသည်။ ကိုယ်စဉ်းစားလို့ရသမျှကလည်း ဒါအကုန်ပဲကိုး။

'ကောင်းပြီ၊ ဒါဆိုရင် ကျွန်မ ပိုက်ဆံကို စရေတော့မယ်'

ထို့နောက်တော့ ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံကို သဒ္ဒါရုံ ခပ်ဖြည်း ဖြည်း ခပ်လေးလေးဟန်ဖြင့် ရေပါလေတော့သည်။ မိုးစက် ရင်တခုန်ခုန် ဖြင့်သာ ဘေးမှအသာစောင့်ကြည့်၍ နေ၏။

'သုံးသောင်းတစ်ထောင်၊ သုံးသောင်းတစ်ထောင့်ငါးရာ၊ သုံး သောင်းနှစ်ထောင်'

ဒီမှာတင် ကိစ္စက ပြတ်သွားသည်။

သဒ္ဒါရုံ မိုးစက်အား ဘယ်လိုလဲဆိုသည့် ပုံစံမျိုးဖြင့် ကြည့်လိုက် သည်။ မိုးစက် တံတွေးကို ဂလုခနဲ မြိုချ၍…

'အဟဲ… ဟိုလေ ပိုက်ဆံများ ကပ်နေမလား မသိဘူး'

'ကပ်စရာလား၊ ဒီလောက်ဂရုစိုက်ပြီး ရေထားတဲ့ဟာကို'

မိုးစက် ခေါင်းကုတ်မိသည်။ ပိုက်ဆံသုံးထောင်က ဘယ်ကနေ ဘယ်လိုကွာသွားလည်း မသိ။ ကိုယ့်အသုံးစရိတ်တစ်ခုခုအား မမှတ်မိခြင်း ကြောင့် လိုသွားခြင်းဖြစ်ဟန်တူသည်။

ဒီကောင်မလေး ကြည့်ရတာ သုံးထောင်မပြောနှင့် သုံးကျပ်ကွာ သွားရင်တောင်မှ ပြန်ပေးမယ့်သဘောမှာ မရှိ။ သို့သော် ရေနစ်မယ့်အတူတူ နောက်ဆုံးမြက်ပင်ဖြစ်ဖြစ်တော့ ဆွဲကြည့်ရပေတော့မည်။ မျက်နှာကို အချို သာဆုံးထား၍…

'ဟိုကွာ၊ ကွာတာလည်း သိပ်အများကြီးမှ မဟုတ်တာ၊ သုံး ထောင်ပဲဟာကို၊ အဟဲ…'

သဒ္ဒါရုံ ခါးထောက်၍…

'ဒီမှာ ကိုအစ့၊ သုံးထောင်ဆိုတာလည်း ပိုက်ဆံပဲ၊ ဒီတော့ကွာတာ ပဲ၊ ကျွန်မ သွားတော့မယ်'

'ဟာ… ဟေ့… ဟေ့… နေပါဦးကွ'

'ဘာလဲ၊ ဘာကိစ္စလဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် ဘာပြောရမှန်း မသိသောကြောင့် လက်ထဲမှ အာလူးကြော်ထုပ်ကြီးကို လှမ်းထိုးပေးလိုက်ကာ မျက်နှာချိုသွေးလိုက်ပြီး…

'အာလူးကြော်စားပါလားဟင် အပေါ်း'

'အို… မစားပါဘူး'

'ဟိုလေကွာ၊ ပစ္စည်းပျောက်ရင် ရေအဆုံး ကုန်းတစ်ဝက်တဲ့၊ ငါကြားဖူးတယ်၊ အဲဒါကြောင့် တစ်ဝက်လောက်တော့ ပြန်ပေးပါလားဟင်'

ဟုတ်သည်။ ဆုံးမည့်အတူတူ တစ်ဝက်လောက်ပြန်ရရင်တောင် တော်သေးသည်လေ။ သို့သော် သဒ္ဒါရှိဘက်က တူးကျူးခါးခါးလေသံဖြင့်

'အို… ဘာလို့ပေးရမှာလဲ'

မိုးစက် စိတ်ဓာတ်ကျသွားမိသည်။

'မင်းကလည်းကွာ၊ ဒါဆိုရင် သုံးပုံတစ်ပုံဆိုရင်ကောကွာ'

'မပေးနိုင်ဘူး'

'လေးပုံတစ်ပုံကွာ'

'ဆောရီးပဲ'

'ကျွတ်… ငါးပုံတစ်ပုံ'

'လုံးဝပဲ'

မိုးစက် တင်းလာပါပြီ။ ထို့ကြောင့်…

'မင်းကနော် ရုပ်ကလေးနဲ့ မလိုက်အောင် တော်တော်လောဘကြီးတာပဲ'

'ဘာရှင့်၊ ဘာပြောတယ်'

သဒ္ဒါရှိ ဒေါ့ဒေါ့ခုန်သွားမိသည်။

'ဒီမှာ ကိုအရာ၊ ကျွန်မ ဒီပိုက်ဆံတွေ လိုချင်လွန်းလို့တော့ မဟုတ်ဘူး၊ ရှင့်ကို အမြင်ကတ်လို့ကို မပေးတာ သိပြီလား'

ထိုသို့ပြောလိုက်ခြင်းကြောင့် မိုးစက် နဝေတိမ်တောင်ပင် ဖြစ်မိသွားသ၍ ကိုယ့်ပိုက်ဆံအိတ်ကိုလည်း ကိုယ့်ရှေ့မှာတင် ပေါ်တင်ကြီး ကောက်သွားသေး ခု ကိုယ့်ကိုလည်း အမြင်ကတ်သေးတယ်ဆိုတော့ ဘာလဲပေါ့။





ထို့ကြောင့် တစ်ခုခုပြန်ပြောရန် ပြင်လိုက်စဉ်မှာပင်…

'ဟာ… ရှာလိုက်ရတာ ငါ့တူရယ်၊ လက်စသပ်တော့ ငါ့တူက ဒီမှာလာပြီး အကြည်ဆိုက်နေတာကိုး'

ထိုသို့မောကြီးပန်းကြီးဖြင့် ရောက်လာပြီး ဝင်ပြောလိုက်တာက မုန့်ဆိုင်က ဦးလေးကြီးပါ။ ထို့ကြောင့် မိုးစက် အာလူးကြော်ထုတ်ကို နောက်သို့ကမန်းကတမ်း ဖွက်လိုက်ပြီး…

'အဟဲ… ဦးလေး ဘာကိစ္စရှိလို့ ကျွန်တော့်ကို လိုက်ရှာနေတာလဲဟင်'

'ကိစ္စကတော့ ငါ့တူ အခုအနောက်ကို ဖွက်လိုက်တဲ့ အာလူးကြော်ကိစ္စပါပဲကွယ်၊ ကဲ… ဦးလေးကို သနားသောအားဖြင့် အာလူးကြော်ဖိုးလေး ပေးပါဦး'

'အဟင်း… ဦးလေးကလည်း ဒါလေးများ၊ ကိုယ့်ချင်းကိုယ့်ချင်း တွေပဲဟာကို၊ ကျွန်တော် ခဏနေရင်လာပြန်ပေးမယ်လေ၊ ဦးလေးဆိုင်ကို အရင်ပြန်နှင့်တော့နော်၊ ဒီမှာက ကိစ္စလေးတွေ မပြတ်သေးလို့'

'အဲ့လိုတော့ မလုပ်ပါနဲ့ ငါ့တူရယ်၊ အခုပဲ ပေးလိုက်ပါ'

'အဟဲ… နောက်ကျရင်လာပေးမှာပေါ့ ဦးလေးရဲ့'

'အခုသာ ပေးလိုက်ပါတော့ ငါ့တူရယ်'

ထိုသို့ မိုးစက်နှင့် ဦးလေးကြီးတို့ သံသရာလည်နေစဉ် အချိန်တွင် သဒ္ဒါရှိက အသာလေး လစ်ထွက်သွားသည်။ သဒ္ဒါရှိ ထွက်သွားပြီး ခဏကြာမှ မိုးစက်လည်း သတိထားမိခြင်းကြောင့် ခေါင်းကြီးသွားတော့သည်။

'ဟာ… ဟိုငတိမ ဘယ်ရောက်သွားပြီလဲဟ'

ပတ်ဝန်းကျင်ကို ကပျာကယာလိုက်ကြည့်သော်လည်း အစအန လေးပင် ရှာမတွေ့တော့။

'ပေးပါ ငါ့တူရယ်၊ ဦးလေးက ဆိုင်ကအလုပ်သမားပါ၊ ဒီပိုက်ဆံကို ပြန်မပေးလိုက်ရင် ဆိုင်ရှင်က ဆူတော့မှာမို့လို့ပါ၊ ဦးလေးကို သနားပါဦး'

'သနားပါတယ် ဦးလေးရယ်၊ သနားပါတယ်၊ ဦးလေးကိုတင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း အရမ်းကို သနားနေပါတယ် အဟင့်…'

ဒါတွေအားလုံးက ဟိုင်တီမကြောင့် ဖြစ်ရတာ။ တွေ့မယ်။ တွေ့မယ်။ သူများတကာ ဗိုက်ဆံကို ပေါ်တင်ကြီးမသွားတာ ဟင်း… ဟင်း။

ထိုနေ့အဖို့ မိုးစက်မှာ ထိုသို့ ကြုံးဝါးရုံသာ တတ်နိုင်ခဲ့ပြီး မုန့်ဆိုင်မှ ဦးလေးကြီးအား နာရီချွတ်ပေးလိုက်ရပါလေတော့သည်။ နောင်တစ်ဖန် ထိုင်တီမနှင့် ပြန်ဆုံတွေ့ရင်တော့…။

❐ ❐ ❐



## အခန်း(၃)

မိုးစက် မကျေမချမ်းဖြင့် လက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ရှေ့တွင် သူ့အဖေ ဦးမြင့်အောင်က သူ့အား မျက်စိ ဆောကလပ် ပေကလပ်လုပ်၍ ကြည့်ကာနေ၏။ မိုးစက်က…

'ဒီမှာ အဖေ၊ မိန်းမတွေက ယောကျ်ားတွေထက် အစားနှစ်ပြန်၊ ဉာဏ်လေးဆ၊ လုံ့လခြောက်ဆ၊ ကာမဂုဏ်ရှစ်ဆသာတယ်ဆိုပြီး စာအကျ ဆရာတော်ဆိုထားတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား'

'အေး… ကြားဖူးသားပဲ၊ အဲဒါဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ အဖေရ၊ ဉာဏ်လေးဆတို့၊ လုံ့လခြောက်ဆတို့သာ တယ်ဆိုတာကတော့ ထားပါတော့လေ၊ အစားကနှစ်ပြန်၊ ကာမဂုဏ်ကရှစ်ဆဆိုတာကြီးက စဉ်းစားကြည့်ပါဦး၊ ဘယ်လောက်တောင် ကြောက်ဖို့ကောင်းသလဲလို့'

ဦးမြင့်အောင်က အင်တင်တင်လေသံဖြင့်…

'ဒီလောက်လည်း ဟုတ်မယ်မထင်ပါဘူးကွာ၊ မင်းကလည်း'

'ကျွတ်… အဖေ [illegible] အဲဒါတွေခက်တာပေါ့၊ ဒီမှာ သား ရှင်းအောင်ထပ်ပြောပြမယ်၊ မိန်းမမြတ်ဖြစ်နိုင်တဲ့ အကြောင်းရင်းက လေးချက်တည်းရှိတာ၊ မိန်းမယုတ်ဖြစ်စေနိုင်တဲ့ ဖောက်ပြန်တတ်တဲ့အကြောင်းရင်းက ဆယ့်သုံးပါးတောင်မှ ရှိတာ၊ ကြည့်ပါဦး၊ ဘယ်လောက်တောင်မှ ကွာခြားလိုက်သလဲလို့'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ခြင်းကြောင့် ဦးမြင့်အောင် နဝေတိမ်တောင်ဖြစ်သွားပြီး…

'မင်းဟာက ဟုတ်ရောဟုတ်ရဲ့လားကွာ၊ နည်းနည်းများ များနေသလားလို့'

'ဩော်… အဖေရယ်၊ မဟုတ်ဘဲနဲ့ သားကပြောပါ့မလား၊ အဖေက အမေဆုံးပြီးကတည်းက စီးပွားရေးလုပ်ငန်းတွေကိုပဲ ဇောက်ချလုပ်ကိုင်လာခဲ့တာ မိန်းမတွေအကြောင်းကို ဘယ်သိပါတော့မလဲ'

'အေးကွာ၊ ဒါတော့ မင်းပြောလည်း ခံရမှာပဲ၊ မင်းအမေနဲ့ငါနဲ့ ညားတာတောင်မှ လူကြီးတွေက ပေးစားလို့ ညားတာ၊ ပြီးတော့ မင်းကို မွေးမွေးချင်းဆုံးသွားတာဆိုတော့လည်း အင်း… ငါ ဘယ်သိပါ့မလဲ'

'ဒါကြောင့် အဖေ့ကို သားကပြောပြနေတာပေါ့၊ ဒီမှာ အဖေမသိတဲ့ မိန်းမတွေရဲ့ ဖောက်ပြန်တတ်တဲ့ အကြောင်းရင်း ဆယ့်သုံးပါးကို သား ပြောပြမယ်'

(၁) အဖနှင့်ကြီးပြင်းခဲ့ရသော မိန်းမ၊ (၂) ကိုယ်ပိုင်လွတ်လပ်ခွင့်ရတဲ့မိန်းမ၊ (၃) ပျော်ပွဲကပွဲများတွင် မကြာခဏပါဝင်သောမိန်းမ၊ (၄) အိမ်တကာလျှောက်လည်တတ်လေ့ရှိသော မိန်းမ၊ (၅) ယောကျ်ားများနှင့် ဝိုင်းဖွဲ့တတ်သောမိန်းမ၊ (၆) တစ်မြို့နှင့်တစ်မြို့ ကူးချည်သန်းချည် သွားလာနေရသော မိန်းမ၊ (၇) စာရိတ္တမကောင်းသောမိန်းမများနှင့်တွဲဖော်ပေါင်းဖက်သောမိန်းမ၊ (၈) မကြာခဏ စီးပွားပျက်တတ်သောမိန်းမ၊ (၉) အသက်ကြီးရင့်သော ခင်ပွန်းနှင့် ပေါင်းဖော်ရသော မိန်းမ၊ (၁၀) ခင်ပွန်းသည်တခြားမိန်းမများနှင့် ပျော်ပါးနေသည်ကို သိမြင်ထားသောမိန်းမ၊ (၁၁) ယောကျ်ားနှင့်အချိန်ကြာမြင့်စွာ ခွဲခွာနေရသောမိန်းမ၊ (၁၂) မူးယစ်ဆေးဝါးတစ်ခုခုစွဲလမ်းနေသောမိန်းမ၊ (၁၃) ကိုယ့်ယောကျ်ား တခြားမိန်းမများနှင့် ပျော်ပါးနေခြင်းကို မကြာခဏ အိပ်မက်မက်တတ်သောမိန်းမတဲ့ အဖေ၊ ဒါတွေကို ကြည့်ခြင်းအားဖြင့် ဒီဘက်ခေတ်မိန်းမတွေမှာ အကြောင်းအရာတစ်ခုမဟုတ် တစ်ခုနဲ့ သွားပြီးပတ်သက်နေရတာကို အဖေတွေ့ရလိမ့်မယ်"

ဦးမြင့်အောင် တစ်ချက်မျှ စဉ်းစားဟန်ပြုပြီး ခေါင်းညိတ်၍…





'အေး… ဒါတော့ဟုတ်တယ်ကွ'

'ဟုတ်ပြီ၊ ဒါဆိုရင် မိန်းမဆိုတာ ယူသင့်တဲ့ အမျိုးလား၊ မယူသင့်တဲ့အမျိုးလားဆိုတော့ အဖေပဲ စဉ်းစားကြည့်ပေတော့'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဦးမြင့်အောင် နဝေတိမ်တောင်ဖြစ်သွားပြီး ခဏမျှငြိမ်သွား၏။ ပြီးမှ အဖြေရသွားဟန်ဖြင့် မျက်လုံးကြီးပြူးလာအောင် လေသံမာမာဖြင့်…

'ဟော့ကောင်…. မိုးစက်'

'ဗျာ… အဖေ'

'ကြည့်စမ်း၊ ငါ အခုမှ သတိရတယ်၊ မင်းပြောနေတဲ့ အချိုးက ငါတပဲ နောက်မိန်းမထပ်ယူနေချင်နေတဲ့အချိုးနဲ့၊ ဒီမှာ ဟော့ကောင် မိန်းမကို ငါယူမယ်လို့ ပြောနေတာ မဟုတ်ဘူးနော်၊ မင်းကို ယူခိုင်းနေတာ၊ ဟွန်း'

ထိုသို့ပြောလိုက်မှ မိုးစက် ဟိုလိုလို ဒီလိုလိုဟန်ဖြင့်…

'သား သိပါတယ် အဖေရဲ့၊ သားက မိန်းမဆိုတာ မယူသင့် မယူအပ်ဘူးဆိုတဲ့အကြောင်းကို ရှင်းပြနေတာပါ'

ထိုအခါ ဦးမြင့်အောင်က ပစ်ပစ်နှစ်နှစ် လေသံဖြင့်…

'အောင်မာ… ဆန်ကုန်မြေလေး စကားတောင်စားကောင်ကများ ပြောရတယ်ရှိသေး၊ ဒီမှာ မင်းလိုကောင်မျိုးကို အဲဒီမိန်းကလေးက ယူမယ်ဆိုတာတောင် အင်မတန်ကံကောင်းလို့မှတ်၊ ဟိုက မျိုးကောင်းရိုးကောင်းလေးကွ ဟွန်း'

'အာ… အဖေပြောပုံအရဆိုရင် သားကပဲ အမျိုးယုတ်သလိုဖြစ်နေပြီ'

'ဟာ… မင်းက ငါမွေးထားတာဖြစ်တဲ့အတွက် အမျိုးတော့ မယုတ်ဘူး၊ ဒါပေမဲ့ မင်းရဲ့ပေါ့ပေါ့နေ ပေါ့ပေါ့စားအကျင့်က ယုတ်နေတာကွ၊ သိပြီလား'

မိုးစက် နင်ချင်သလိုလိုဖြစ်သွားမိသည်။ အဖေလုပ်သူက ပေါ်တင်ကြီးတွေ ဖွဲ့နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ ဦးမြင့်အောင်၏ စကားတို့မှာ ဒီမျှနှင့်ပင် ရပ်တန့်၍ မနေဘဲ ပုံပြင်ဟောင်းကြီးကို ပြန်လှန့်လေတော့သည်။

'ဘယ်နှယ်ကွာ၊ သားလေးတစ်ယောက်တည်းရှိလို့ အားကိုးရမလား မှတ်တယ်၊ စီးပွားရေးမှာလည်း အသုံးမဝင်၊ လူမှုရေးကျပြန်တော့လည်း သုံးမရ၊ ဟော··· အခုကောင်းကောင်းမွန်မွန် မိန်းကလေးနဲ့တွေ့ပြီး ပေးစားမယ်ဆိုတော့လည်း မယူချင်ပြန်ဘူးတဲ့··· ဟင်း···'

အဖေပြောနေသော ကောင်းကောင်းမွန်မွန်ဆိုသည့် အဖေ့မိတ်ဆွေသမီးကို မိုးစက်သိလည်း မသိပါ။ မြင်ဖူးခြင်းလည်းမရှိပါ။ သူ့ဘာသာသူ ဘာတွေကောင်းပြီး ဘာတွေမွန်နေသလည်းတော့မသိ။ ဦးမြင့်အောင်က ဆက်၍···

'အသက်ကသာ ၂၈ နှစ်ရှိနေပြီ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား စရိုက်က မပျောက်ဘူး၊ ငါ့မှာ အလုပ်တွေရှုပ်နေရတဲ့ကြားထဲ တစ်နေ့ တစ်နေ့ မင်းကိစ္စကိုပဲ ခေါင်းထဲထည့်ပြီး ပူနေရတယ်·······················'

အစရှိသည်ဖြင့် ပြောဆို၍ ဝသွားသောအခါ နောက်ဆုံးပိတ် ထိုကောင်းကောင်းမွန်မွန်ဆိုတာနှင့် ယူကိုယူရမည်ဟု ယတိပြတ်ပြောဆိုလိုက်ပြီးနောက် စကားစကို အဆုံးသတ်လိုက်တော့သည်။

သို့ရာတွင် မိုးစက်ဆိုသည့် ကောင်ကလည်း သူများက ဒါလုပ်ဆိုတိုင်း လိုက်လုပ်တတ်သောကောင်စားမျိုးမဟုတ်ခြင်းကြောင့် ပြဿနာက အလိုအလျောက် ရှည်သွားလေသည်။

'ကျွန်တော် မိန်းမယူချင်သေးဘူး အဖေ'

ဦးမြင့်အောင် ဒေါသကြောင့် မျက်နှာမာခနဲဖြစ်သွားသည်။ ပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်သည့်ဟန်ဖြင့် လေသံငြိမ်ငြိမ်ထားကာ···

'မင်း တကယ်ဆုံးဖြတ်ပြီးသွားပြီလား'

'ဟုတ်'

'ကောင်းပြီလေ၊ ဒါဆိုရင်··· မင်း ဒီနေ့ကစပြီး အိမ်ပေါ်ကဆင်းတော့'

'ဗျာ'





ထိုသို့ပြောပြီး ဦးမြင့်အောင် ထထွက်သွားသည်။ မိုးစက် ကြောင်…ဖြစ်ကာ ငုတ်တုတ်ထိုင်၍ ကျန်ရစ်ခဲ့လေသည်။

ခဏနေသောအခါ ဦးမြင့်အောင် တစ်ခေါက်ပြန်၍ ရောက်လာ…···

'ဟော့ကောင်··· ဘာထိုင်လုပ်နေတာလဲ၊ မသွားသေးဘူးလား'

'အဟီး··· အဖေကလည်း မနောက်ပါနဲ့ဗျာ'

'အောင်မာ··· မင်းလိုကောင်ကို ငါက နောက်စရာလား'

'ကွယ်လွန်သူ အမေ့မျက်နှာလေးကိုတော့ ထောက်မှပေါ့ဗျ'

'မင်းအမေသာ ရှိနေရင်လေ မင်း လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက အိမ်ပေါ်ကဆင်းနေရပြီ၊ ဟိုက ငါ့ထက်တောင် ပြတ်သေးတယ်'

'ဒါဆိုရင် သားက သောင်ပြင်ကိုလွှတ်လိုက်တဲ့ ရွှေဟင်္သာလေးလို ဖြစ်သွားမှာပေါ့ အဖေရဲ့··· အဟင့်···'

'မင်းဘာသာမင်း ရွှေဟင်္သာမကလို့ လင်းတပဲဖြစ်ဖြစ်၊ ငါ ဂရုမစိုက်ဘူး၊ သွား··· ခုချက်ချင်း အိမ်ပေါ်ကနေဆင်း'

'ကောင်းပြီလေ၊ အဖေက ဒီလိုဆုံးဖြတ်ပြီးပြီဆိုတော့လည်း သား မပြောလိုတော့ပါဘူး၊ ဒါပေမဲ့ တစ်ခုလောက်တော့ သေချာမှာခဲ့ချင်တယ်၊ သားမရှိတဲ့အချိန်မှာ အဖေ လိမ်လိမ်မာမာနေရစ်ပါ၊ ဒါပဲ'

'ဟော့ကောင်··· မင်း··· မင်း'

မိုးစက်က သုတ်ခနဲထရပ်၍···

'သွားပြီ အဖေရေ၊ တာ့တာ··· အဟီး···'

ထို့နောက်တော့ မိုးစက်တစ်ယောက် အိမ်ပေါ်မှ ဆင်းခဲ့တော့သည်။

□ □ □

ဟိုတစ်ရက်က မိမိကြုံတွေ့ခဲ့ရသော ကိစ္စကို အခါခါပြန်တွေး နေမိရင်း သဒ္ဒါရုံစိတ်ထဲတွင် ခိုးလိုးခုလုဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒီလူကြည့်ရတာက ရုပ်ရည်သန့်သန့်ပြန့်ပြန့်ပါပဲ၊ အချောင်သမားတော့ မဟုတ်လောက်ပါဘူး၊ ဒီပိုက်ဆံတွေက တကယ်ပဲ သူ့ပိုက်ဆံတွေများလား၊ သူ့ပိုက်ဆံ တကယ်ဖြစ်နေရင်တော့ ငါ မတရားရာကျသွားပြီ'

ထိုအတွေးကြောင့် စိတ်ထဲတွင် တစ်မျိုးဖြစ်သွားပြီး ကိုယ့်ကိုယ်ကိုယ် မလုံမလဲပင် ဖြစ်မိသွား၏။ ပြီးနောက် ဒီပိုက်ဆံအား မိမိ မယူသင့်ဘဲ ပိုင်ရှင်အမှန်အား ပြန်၍ပေးချင်စိတ်တို့ တဖွားဖွား ပေါ်၍လာသည်။

ထို့ကြောင့် ဘာရယ်မဟုတ်ဘဲ ပိုက်ဆံအိတ်အတွင်းသို့ ထပ်မံ၍ မွှေနှောက်ရှာကြည့်သောအခါ အိတ်ကပ်အသေးလေးတစ်ခုအတွင်းမှ တစ်ထောင်တန်တစ်ရွက်ကို ထပ်မံ၍ ရှာတွေ့သည်။ ၄င်းထောင်တန်ကိုဖြန့်၍ ကြည့်မိလိုက်သောအခါ ပိုက်ဆံပေါ်၌ ဖုန်းနံပါတ်တစ်ခုကို ရေးသားထားကြောင်း တွေ့လိုက်ရ၏။

ထိုအခါ သဒ္ဒါရဲ့ စဉ်းစားမိသည်မှာ ဒီဖုန်းနံပါတ်ရေးထားသော ပိုက်ဆံကို တကူးတက သိမ်းထားပုံထောက်တော့ ဒီဖုန်းနံပါတ်နှင့် ပိုက်ဆံအိတ်ပိုင်ရှင်သည် တစ်စုံတစ်ခု ပတ်သက်မှုတော့ ရှိလိမ့်မည်ဟု။

ထိုအတွေးကြောင့် အသင့်ရှိနေသော လက်ကိုင်ဖုန်းဖြင့် ၄င်းဖုန်းနံပါတ်အား ခေါ်ကြည့်လိုက်ရာ ဖုန်းဝင်သွားပြီး တစ်ဖက်မှ ဟဲလိုဆိုသော ထူးသံကို ကြားလိုက်ရသည်။

ထို့ကြောင့် သဒ္ဒါရဲ့ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'ဟိုလေ ကျွန်မပြောတဲ့စကားကို သေချာနားထောင်ပေးပါနော်'

ထိုသို့ပြောလိုက်ရာ နောက်တိုး ကြောင်အမ်းအမ်းဖြစ်သွားပြီး…

'ဟုတ်ကဲ့၊ ဘယ်သူလဲ မသိဘူးခင်ဗျ'

'သြော်… ကျွန်မ နာမည်ကို ပြောပြရင်လည်း ရှင် သိမှာမဟုတ်ပါဘူး၊ ဒီလိုပါ လွန်ခဲ့တဲ့ နှစ်ရက်က ကျွန်မ ပိုက်ဆံအိတ်တစ်အိတ်ကောက်ရပါတယ်၊ အဲဒီပိုက်ဆံအိတ်ပိုင်ရှင်က ရှင်များဖြစ်နေမလားလို့ လှမ်းမေးကြည့်တာပါ'





ဟုပြောလိုက်ခြင်းကြောင့် နောက်တိုး ကိုယ့်ပိုက်ဆံအိတ်ကို ကိုယ်အရင်စမ်းကြည့်လိုက်ပြီးမှ ဇဝေဇဝါလေသံဖြင့်…

'ပိုက်ဆံအိတ်၊ ကျွန်တော့်ပိုက်ဆံအိတ်က ရှိပါတယ်၊ မပျောက်ပါဘူး ဒါနဲ့ ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်လိုရတာလဲ မသိဘူး'

'ဒါက ဒီပိုက်ဆံအိတ်ထဲက ပိုက်ဆံတစ်ရွက်မှာ ဒီဖုန်းနံပါတ်ရေးထားတာတွေ့လို့ပါ၊ ရှင် မဟုတ်ရင်လည်း ရှင့်အသိထဲက ဖြစ်နိုင်လိမ့်မယ်လို့ထင်တယ်၊ ဒါကြောင့် ရှင်တစ်ချက်လောက် စဉ်းစားကြည့်ပါလား'

တစ်ဘက်မှ မိန်းကလေးပြောတာဖြစ်နိုင်သည်ဟု ထင်သည်။ ဟုတ်သည်လေ။ ကိုယ့်ဖုန်းနံပါတ်ကို ရေးမှတ်ထားတဲ့နောက်တော့ ကိုယ့်ကိုသိတဲ့လူသာဖြစ်ရမှာပေါ့။

ထို့ကြောင့် နောက်တိုး စဉ်းစားရပြီ။

ကိုယ့်အသိမိတ်ဆွေထဲက ပိုက်ဆံအိတ်ပျောက်တဲ့လူက ဘယ်သူဖြစ်နိုင်မလဲ။ အားလုံးလိုလို ဖြစ်နိုင်သည်။ လူဆိုတာက တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ ဒါမျိုးပျောက်ဖူးရှုဖူးခြင်း ရှိနိုင်တာကိုး။

သို့သော် ဖုန်းနံပါတ်ကို ပိုက်ဆံပေါ်တွင် ရေးမှတ်ထားသည်ဆိုခြင်းကြောင့် ထိုလူသည် ပြီးစလွယ်လုပ်တတ်ပြီး ပေါ့ပေါ့ဆဆနိုင်လောက်သည့် လူသာဖြစ်လိမ့်မည်။ ထိုသူမျိုးကလည်း မိမိနှင့် သိကျွမ်းသည့်လူများထဲတွင် သိပ်များများစားစား မရှိနိုင်။ ပြောရရင် လက်ချိုးရေတွက်လို့တောင်မှ ရသည်။ ထိပ်ဆုံးကတော့ ဟိုကောင် မိုးစက်။

မိုးစက်၏ နာမည်နှင့် မျက်နှာကြီး စိတ်ကူးထဲတွင် ပေါ်လာသည်နှင့် တပြိုင်နက် နောက်တိုး၏ မှတ်ဉာဏ်တို့သည် ကောင်းစွာအလုပ်လုပ်သွားတော့သည်။

ထို့ကြောင့် ဝမ်းသာအားရလေသံဖြင့်…

'ဟာ… ဟုတ်ပြီဗျ၊ ကျွန်တော် မှတ်မိပြီ၊ အဲဒါ ကျွန်တော့်သူငယ်ချင်း မိုးစက်ဆိုတဲ့ကောင်ဗျ၊ ဟိုတစ်ရက်က သူ့ကို ကျွန်တော့်ဖုန်းနံပါတ်ပေးလိုက်တုန်းက သူ့ပိုက်ဆံပေါ်မှာ ရေးလိုက်တာကို တွေ့လိုက်ပါတယ်၊ သေချာပါတယ်၊ ဒီကောင်ပဲ ဖြစ်မှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ဟာက သေချာလို့လား'

'သေချာပါတယ်ဗျ၊ နေဦး ခင်ဗျား ရှင်းသွားအောင် ကျွန်တော် မှတ်မိသလောက် ပြောကြည့်မယ်၊ ဖုန်းနံပါတ်မှတ်လိုက်တာက တစ်ထောင်တန်၊ အင်း… ပြီးတော့ အဲဒီပိုက်ဆံအိတ်ကို အိတ်အသေးလေးထဲမှာ ခေါက်ပြီး သိမ်းလိုက်တယ်၊ ပြီးတော့ ပိုက်ဆံအိတ်ပုံစံက ယောကျ်ားကိုင် ခေါက်အိတ်ကလေး အညိုနဲ့အနက်နဲ့ ရောထားတဲ့အရောင်၊ ပြီးတော့ မန်ယူ စတေကာတံဆိပ်လေးကို ကပ်ထားတယ်၊ ဟုတ်တယ်နော်'

ထိုမျှအထိ ပြောလိုက်ခြင်းကြောင့် သဒ္ဒါရုံ လက်ခံမိသွားသည်။ ထို့ကြောင့်…

'အင်း… ဒီလောက်ဆိုရင် ရှင်ပြောတဲ့လူဆိုတာ ကျွန်မ လက်ခံနိုင်ပါပြီ'

'အဟား… ဒါမှပေါ့ဗျ၊ ဒီကောင် အရမ်းပေါ့တီးပေါ့ဆနေတတ်တဲ့ကောင်၊ ပိုက်ဆံအိတ်တို့ ထီးတို့ဆိုရင် ခဏခဏကို ပျောက်တတ်တာ'

'အင်း… ဟုတ်ပြီလေ၊ ဒါဆိုရင် သူ့လိပ်စာတို့ ဖုန်းနံပါတ်တို့ ကျွန်မကို ပေးပါလား'

'ကျွန်တော်က အိမ်သိတယ်ဆိုပေမယ့် လိပ်စာကတော့ အမှတ်တမဲ့ပဲဗျ၊ အဲ… ဖုန်းနံပါတ်တော့ ရှိတယ်'

ဟုပြောပြီး မိုးစက် ဖုန်းနံပါတ်ကို နောက်တိုးက ပေးလိုက်သည်။ သဒ္ဒါရုံက ဖုန်းနံပါတ်ကို မှတ်ပြီးနောက်…

'ရှင့်သူငယ်ချင်းနာမည်က မိုးစက်နော်'

'ဟုတ်ပါတယ်၊ ဟိုလေ ဒီကနာမည်ကရောဟင်'

သဒ္ဒါရုံ နှုတ်ခမ်းကိုတစ်ချက်မဲ့၍ ဖုန်းချလိုက်သည်။

ထို့နောက်တော့ မိုးစက်ဆိုသော ငတိထံ ဖုန်းခေါ်လိုက်သည်။

ဖုန်းက ဝင်သွားပြီး အသက်ခပ်ကြီးကြီး အမျိုးသမီးကြီးတစ်ဦး လာကိုင်သံကို ကြားလိုက်ရသည်။ ထို့ကြောင့် သဒ္ဒါရုံက ပြေပြစ်စွာဖြင့် ပင်…

'ဟဲလို… ကိုမိုးစက်နဲ့ စကားပြောချင်လို့ပါ'





ဖုန်းကိုင်မိလိုက်သော အိမ်ဖော်မကြီး ဒေါ်ပုလုံးက နံဘေးထိုင်ခုံ တွင် ဒေါသမျက်နှာဖြင့် စာထိုင်၍ဖတ်နေသော ဦးမြင့်အောင်အား…

'ဆရာကြီး အစ်ကိုလေးမိုးစက်နဲ့ ပြောချင်လို့တဲ့'

၎င်းအချိန်တွင် မိုးစက်မှာ အိမ်ပေါ်မှ ဆင်းသွားကာစဖြစ်ခြင်း ကြောင့် ဦးမြင့်အောင်က စိတ်ပေါက်ပေါက်ဖြင့်…

'အေး… သေပြီလို့ ပြောလိုက်ကွာ'

ဟု ရွဲ့၍ပြောလိုက်ရာ ဒေါ်ပုလုံးလည်း အူတူတူဖြင့် တစ်ဖက်မှ သဒ္ဒါရုံအား…

'ဟို… ဟို… အစ်ကိုလေးမိုးစက်က သေ… သေသွားပြီတဲ့'

'ရှင်'

သဒ္ဒါရုံလည်း မျက်လုံးပြူးသွားပြီး…

'ဟိုလေ… ဘယ်တုန်းက ဖြစ်သွားတာလဲ မသိဘူး'

ထို့ကြောင့် ဒေါ်ပုလုံးက ဖုန်းခွက်ကို လက်ဖြင့်အုပ်ကာ ထပ်၍ ဦးမြင့်အောင်အား…

'ဆရာကြီး… ဘယ်တုန်းကလဲလို့ မေးနေတယ်'

'တယ်လေ၊ အခုဟော့… အခု… ဟွန်း…'

ဟု ဒေါသတကြီးပြောကာ ထိုင်ရာမှ ထထွက်သွားသည်။ ထို အခါ ဒေါ်ပုလုံးကလည်း ထပ်၍ သဒ္ဒါရုံအား…

'ဟို… ဟို… အခုတဲ့… အခုလေးတင်တဲ့'

'ဩော်… စိတ်မကောင်းလိုက်တာရှင်'

ဟု စိတ်ပါလက်ပါပြောပြီး သဒ္ဒါရုံလည်း ဖုန်းကို ချလိုက်မိသည်။

ဒီလိုနှင့် မိုးစက်ဆိုသော လူတစ်ယောက်သည် သဒ္ဒါရုံ၏ အသိ တရားထဲ၌ သေဆုံးသွားတော့သည်။

သဒ္ဒါရုံ ပိုက်ဆံများကိုကြည့်ရင်း ရင်ထဲတွင် စိတ်မကောင်းကြီးစွာ ဖြစ်လျက် ကြက်သီးလည်း အနည်းငယ်ထမိသွား၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# တစ်လခန့်ကြာသောအခါ



## အခန်း(၄)

လမ်းဘေးအုတ်ခုံတစ်နေရာတွင် မိုးစက်တစ်ယောက် ငုတ်တုတ်ထိုင်နေသည်။ ရင်ထဲတွင် နွမ်းလျ၍ စိတ်သည် ကြည်ကြည်လင်လင်မရှိ။ တစ်လမျှသော အချိန်ကာလတိုလေးအတွင်း၌ မိမိ၏ ပြောင်းလဲမှုကို ကက်ပြန်၍စဉ်းစားနေမိ၏။

အိမ်ပေါ်မှစ၍ဆင်းကာစက စိတ်ထဲ၌ လုံးဝပူပန်မိခြင်း မရှိခဲ့။ အဖေ့အိမ်မှာ မနေရလည်း အဒေါ်တွေအိမ်မှာ သွား၍နေလိုက်မည်ပေါ့။ ထိုသို့ပေါ့ပေါ့လေးတွေး၍ အဒေါ်တွေအိမ်ကိုရောက်သောအခါ စိတ်ကူးထားသမျှတို့ အားလုံးပြောင်းပြန်ဖြစ်ကုန်သည်။

အဖေက ကြိုတင်၍ ဖုန်းဆက်ထားခြင်းကြောင့် ဘယ်အဒေါ်ကမှ မိုးစက်အား လက်သင့်မခံရဲကြ။ ထိုအခါ အဖေလုပ်သူက သာမန်ကာ ကြောကာ ဒေါသထွက်၍ ပြောဆိုခြင်းဖြစ်သည်ဟု ထင်ထားသော မိုးစက်မှာ အမှန်တကယ် အံ့ဩဒေါသထွက်သွားမိတော့သည်။

ထို့ကြောင့် မခံချင်သည့်စိတ်တို့ ရင်ထဲမှ ထိုးထွက်လာပြီး သူငယ်ချင်းတစ်ယောက်အိမ်သို့ သွားရောက်နေထိုင်ခဲ့သည်။ ထိုသူငယ်ချင်းကလည်း အိမ်ထောင်နှင့်ဖြစ်ခြင်းကြောင့် သိပ်ကြာကြာနေ၍ မကောင်းသဖြင့် တစ်ရက်နှစ်ရက်သာနေပြီး နောက်တစ်ယောက်ထံ ပြောင်း၍ တည်းခဲ့သည်။

ထိုသူငယ်ချင်းမှာ လူပျိုလူလွတ်ဖြစ်သော်လည်း အဆင်သိပ်မပြေ



www.burmeseclassic.com

www.burmeseclassic.com



သော မိသားစုနှင့်မို့ တစ်ပတ်လောက်သာ နေဖြစ်ပြီး နောက်တစ်အိမ်သို့ ပြောင်းခဲ့ရပြန်သည်။

ဒီလိုနှင့် မိုးစက် တစ်အိမ်မှတစ်အိမ်သို့ အဆင့်ဆင့်ပြောင်းရင်း ပါလာသော ပိုက်ဆံကလည်း လက်ထဲတွင် ပြတ်လတ်သွားသောအခါ ဒုက္ခဆိုသောအရာကို နဖူးတွေ့ ဒူးတွေ့ သိမြင်ကြုံတွေ့ရတော့သည်။

နောက်ထပ် တစ်ခါမှ မတွေးမိသော အသိတရားတစ်ခုကိုလည်း အလိုအလျောက်ပင် ရရှိလာလေသည်။ ဒါက အလုပ်အကိုင်ကိစ္စပင်ဖြစ်သည်။ အပေါင်းအသင်းတိုင်းလိုလို အရွယ်ရောက်သူချည်းဖြစ်ခြင်းကြောင့် အလုပ်အကိုင်ကိုယ်စီ ရှိကြသည်။ ကိုယ်ကတော့မရှိ။ အရင်တုန်းကတော့ ဒါတွေကို သတိထားမိခြင်းမရှိပေမယ့် ယခုအခါ တစ်ဆင့်နိမ့်သွားသော အခြေအနေနှင့် ရင်ဆိုင်လာရသဖြင့် ဒီကိစ္စကို သတိထားမိလာသည်။ ပြောရရင် ရှက်တတ်လာသည်ပေါ့။

ဟုတ်တယ်လေ။ အရင်တုန်းကတော့ ဘာအရေးလဲ။ သုံးစရာ ပိုက်ဆံပြတ်သွားရင် အဖေ့ဆီက တောင်းလိုက်ရုံပဲလေ။ အခုတော့ ဒီလို လုပ်လို့မရတော့။ သုံးစရာမရှိရင် ဘယ်သူ့ဆီက လက်ဝါးဖြန့်ပြီး သွားတောင်းလို့ကောင်းမှာတဲ့လဲ။ ကိုယ့်မှာမရှိလို့ ပတ်ဝန်းကျင်က သနားစို့ မပြောနဲ့ ကွယ်ရာမှာ အလုပ်မရှိ အကိုင်မရှိကောင်လေဟု ပြောကြမည်မှာ မလွဲ။ ဟုတ်တယ်လေ။ ကိုယ်က ခြေကောင်းလက်ကောင်း ယောက်ျားကြီး တန်မဲ့နဲ့ ငုတ်တုတ်ထိုင်ပြီး သူစိမ်းတွေ ကျွေးတဲ့ထမင်းကို စားနေရတာကိုး။

ထိုသို့သော ကိစ္စရပ်များနှင့် ကြုံတွေ့ခဲ့ရသဖြင့် မိုးစက်၏ ရင်ထဲတွင် ဘဝဆိုသည်မှာ ကိုယ်ထင်ထားတာထက် ပို၍ကျယ်ပြန့်နေကြောင်းကို သိမြင်ခဲ့တော့သည်။

ထိုစဉ် အရှေ့မှ ပပဝတီ အရှုံးပေးလောက်သော ပုံစံမျိုးဖြင့် လျှောက်သွားသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ မိုးစက် လှုပ်လှုပ်ရှားရှားဖြစ်မိသွား၏။

'ဟာ... ဟိုကောင်မလေးပဲ'

ဟိုကောင်မလေးဆိုတာက ကိုယ့်ပိုက်ဆံအိတ်ကို ကိုယ့်ရှေ့မှာတင်





ခေါ်တင်ကြီးမသွားသော ငတိမလေးပါ။ တခြားအဆင်ပြေနေသော အချိန်တွင် တွေ့ပါက ဒီလောက်ထိ ဝမ်းသာမိမှာမဟုတ်သော်လည်း ယခုလို ငွေကြေးအဆင်မပြေသည့်အချိန်တွင် တွေ့မြင်လိုက်ရခြင်းကြောင့် ပြောပြ၍ မရအောင်ကို ဝမ်းသာမိသွားသည်။

'ဟုတ်ပြီ၊ ပိုက်ဆံဘယ်လောက်ပဲ ပြန်ရရ လိုက်တောင်းဦးမှပဲ'

ထိုအတွေးကြောင့် ဝုန်းခနဲ ထရပ်၍...

'ဟေ့... ဟေ့... ဒီမှာ... ဒီမှာ'

သဒ္ဒါရုံ အံ့အားသင့်သွားမိသည်။ သေသွားတဲ့ ပိုက်ဆံအိတ်ပိုင်ရှင် မိုးစက်ဆိုတဲ့လူကို ဒီလူလို့ထင်ထားတာ ခု သူက မသေဘူးဆိုတော့ မိမိ အရင်တုန်းက တွေးမိသလို တကယ်အချောင်သမားပေါ့။ ထိုအတွေးကြောင့် သဒ္ဒါရုံ၏ မျက်နှာမှာ မာခနဲပင်ဖြစ်သွားသည်။

မိုးစက်က သွားကို အစွမ်းကုန်ဖြဲ၍...

'ဟီး... ဟီး... မှတ်မိတယ် မဟုတ်လားဟင်'

'ဟွန်း... ဘာကိစ္စလဲ'

မိုးစက် ဝမ်းသာမိသွားသည်။ ဒီလေသံအရ ကိုယ့်ကိုမှတ်မိသည် ပေါ့။ ထို့ကြောင့် မျက်နှာကို ငယ်ငယ်ထား၍...

'ဟိုကွာ၊ ကြုံတုန်း ပိုက်ဆံလေးပြန်ပေးသွားပါလားဟင်'

သဒ္ဒါရုံ ထင်သားပဲဆိုသည့် အကြည့်ဖြင့် နှုတ်ခမ်းကိုမဲ့ကာ...

'ဟွန်း... ရှင်ဟာလေ ရုပ်ကလေးနဲ့မှ မလိုက်အောင် တကယ့်ကို အချောင်သမားပါလားနော်'

မိုးစက် နဝေတိမ်တောင်ဖြစ်သွားမိသည်။ သူပြောတဲ့အချောင်သမားဆိုတာက ချောင်ချောင်လည်လည်ရှိတဲ့လူကို ပြောတာလားမသိ။ ဒါဆိုရင်တော့ခုချိန်မှာ ကိုယ် လုံးဝမဟုတ်နိုင်။

'ငါက အချောင်သမားလုံးဝမဟုတ်ပါဘူးကွ၊ အဟင်း...'

'ဒီမှာ... ရှင်... ကျွန်မကိုလုံးဝလာလိမ်ဖို့ မကြိုးစားနဲ့တော့'

'ဘာလဲကွ၊ ငါဘာတွေလိမ်နေလို့လဲ'

'အဲဒီပိုက်ဆံအိတ်ပိုင်ရှင်ကို ကျွန်မ သိသွားပြီ... ဟွန်း...'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဘယ်သူလဲ'

'မိုးစက်တဲ့'

မိုးစက် ထခုန်လုမတတ်ပင် ဖြစ်သွားသည်။ မျက်နှာပြုံးဖြီးဖြီး… သွားပြီး…

'ဟာ… ကြည့်စမ်း၊ မင်းက ငါထင်ထားတာထက်တော်… ပိုတော်နေတာပဲ၊ ဟဲ… ဟဲ'

ပြီးနောက် တဆက်တည်း…

'ဒါဆိုရင် ငါ့ကို ပိုက်ဆံပြန်ပေးတော့မှာပေါ့နော်'

'ကျွတ်… ရှင် ဘယ်လိုလူလဲ၊ ဒီလောက် မိုးစက်ရဲ့ ပိုက်ဆံ… ပြောနေတာတောင်'

'အေးလေ၊ ငါလည်း အဲဒါကြောင့်မို့လို့ ပြောနေတာပေါ့'

သဒ္ဒါရုံ ခါးထောက်ပြီး မိုးစက်ကို မိုက်ကြည့်ကြည့်သည်။

'ဒီမှာ ရှင်ဟာလေ သေသွားတဲ့လူ့ရဲ့ ပိုက်ဆံကိုတောင်မှလိုချင်စိတ် ရှိသေးတယ်နော်… ဟွန်း…'

'ဟင်… ဘယ်သူသေသွားလို့လဲ'

'မိုးစက်လေ၊ မိုးစက်ဆိုတဲ့ ဒီပိုက်ဆံအိတ်ပိုင်ရှင်က သေသွား… ရှင့်'

'ဟောဗျာ'

မိုးစက် ကြက်သီးပင်ဖြန်းခနဲထမိသွား၏။ ကိုယ့်ကို အရှင်လတ်… လတ်ကြီးရှေ့မှာထားပြီး သေသွားပါတယ်လို့ လာပြောနေတော့ ကြောင်… တာပေါ့။

'မင်း… မင်းနော်၊ မဟုတ်တာတွေ လာမပြောနဲ့'

'အို… ရှင်က ဘယ်လောက်သိလို့လဲ၊ အဲဒီ မိုးစက်က သေသွား… လို့ ကျွန်မကတောင်မှ ဘုရားမှာ သူ့ပိုက်ဆံကို သူ့အတွက်ရည်စူးပြီး သွား… လှူပစ်လိုက်ပြီ'

မိုးစက် ယောင်ပြီး သာဓုပင်ခေါ်မိတော့မလိုဖြစ်သွားသေး၏… နောက်မှ မဟုတ်သေးပါဘူးဟဟု တွေးမိပြီး…



'အာ… မင်း ဘာတွေလာပြောနေတာလဲ၊ မိုးစက်ဆိုတာ ငါကွ၊ … ဘာကိစ္စကြောင့် သေရမှာလဲ၊ ဟွန်း'

ဟု ပြောပြီး ဘုကြည့်ကြည့်ပစ်လိုက်တော့သည်။ ဟုတ်တယ် … အခုမှ နုနုထွတ်ထွတ်ကလေးရှိသေးတဲ့ဟာကို ဘာကိစ္စသေရမှာလဲ

သို့ရာတွင် ငတိမက မိုးစက်အား အထင်သေးဟန်ဖြင့်ကြည့်ပြီး…

'ကျွတ်… ရှင်ကလေ တတ်လည်းတတ်နိုင်တယ်နော်၊ ကျွန်မက … ဆိုတာနဲ့ တစ်ခါတည်းကို မိုးစက်တန်းဖြစ်သွားတာပဲ၊ သေတဲ့လူနဲ့ … င်မှ တူချင်နေသေးတယ်၊ ဟုတ်လား'

မိုးစက် တင်းလာပါပြီ။ ပိုက်ဆံပြန်မပေးတဲ့အပြင် ကိုယ့်ကိုပါ … ရင်းထဲ အတင်းဆွဲသွင်းနေတာကို။ ဘုရား… ဘုရား ဖွဟဲ့လွဲပါစေ … ပါစေ။

'ဒီမှာ အမိ မင်းက ဘယ်လိုဟာလဲကွ… ဟင်'

'ရှင်ကရော ဘယ်လိုလူလဲ… ဟွန်း'

'အေး… ငါက မိုးစက်ဆိုတဲ့လူပဲ… ဟွန်း'

'ဒါဆိုရင် လဲသေပြလေ… ဟင်း'

'ရှင်… မိုးစက်ဖြစ်ချင်ရင်တော့ သေပြရမှာပေါ့'

မိုးစက် တွန့်ခနဲပင် ဖြစ်သွားမိသည်။

'ကျွတ်… မင်းကွာ တော်တော်ခက်ပါလား၊ ငါက မိုးစက် … စ်မှ အစစ်ကွ၊ ပြီးတော့ သေလည်းမသေဘူး၊ အရှင်… အရှင်'

'ရှင်တော်တော်မျက်နှာပြောင်တိုက်တဲ့လူပါလား၊ မိုးစက်က သေသွားပြီလို့ ရှင့်ကို ဘယ်နှခါပြောရမလဲ'

'ငါကလည်း မသေပါဘူးဆိုတာကို မင်းကို ဘယ်နှခါပြောရ … လဲ'

'ရှင်ဟာလေ'

'မင်းဟာလေ'

'ကလိမ်ကကျစ်တော်တော်ကျတဲ့လူ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းသာ သိသိကြီးနဲ့ပြောင်လိမ်တဲ့လူမ'

'ဘာ… ဘာပြောတယ်'

'ကြားတဲ့အတိုင်းပဲ'

သဒ္ဒါရဲ့ ပေါက်ကွဲသွားပြီး အစွမ်းကုန်ပြန်ရန်တွေ့ရန် ပြင်လိုက်… မှာပင်…

'ဟာ… ဟော့ကောင် လေပွေ'

'အာ… အေ… နောက်တိုး'

နောက်တိုးပါ။ သူငယ်ချင်းဖြစ်သူကို တွေ့လိုက်ရသဖြင့် မိုးစ… ၏ အာရုံသည် ဟိုင်တီမပေါ်မှ လွဲဖယ်၍ နောက်တိုးထံ ကျရောက်သွား… သည်။ နောက်တိုးက…

'ငါ မနေ့ကမှ ပြန်ရောက်တာကွ၊ ရောက်ရောက်ချင်း မင်းအိမ်… ဖုန်းဆက်ကြည့်သေးတယ်၊ မင်းဖားသားကြီးနဲ့တွေ့ပြီး ငါ့ကိုကောလိုက်… တယ်ကွ၊ မင်းတို့သားအဖ ဘာပြဿနာတက်ထားလို့လဲ'

'ပြောမနေချင်တော့ပါဘူးကွာ'

မိုးစက်၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ နောက်တိုးက—

'အေးကွာ၊ ဒါဆို နောက်မှပဲ အေးအေးဆေးဆေးပြောကြတာ…'

'အေးပါ'

ထိုစဉ် ဘေး၌ရပ်နေသော သဒ္ဒါရဲ့က ခါးထောက်၍…

'ဒီမှာ ကိုအတ္တ'

ကိုအတ္တဆိုတာ ကိုယ့်နာမည်မဟုတ်သော်လည်း ကိုယ့်ကိုခေါ်… ဖြစ်နိုင်သဖြင့် မိုးစက်လှည့်ကြည့်မိလိုက်သည်။

'ဘာလဲ အမိ'

'ကျွန်မ ကြားလိုက်ပါတယ်၊ ဘာတဲ့ ရှင့်နာမည်က လေပွေ… ဟုတ်လား'

'အင်း… ဟုတ်တယ်လေ'

'ဒါဆိုရင် ရှင် ဘယ်လိုနည်းလမ်းနဲ့မှ ဆက်လိမ်ချင်လည်း လိမ်… မရတော့ဘူးဆိုပါတော့'





'ဘာကွ'

'တော်ပြီ၊ ရှင်လိုလူမျိုးနဲ့ ဆက်ပြီးစကားပြောရင် ကျွန်မအတွက် …လည်းကုန်တယ်၊ လေလည်းကုန်တယ်၊ ဒီတော့ သွားပြီ'

ဟု ပြောပြီး ဘောက်ဆတ် ဘောက်ဆတ်ဖြင့် ထွက်သွားတော့ သည်။ မိုးစက်လည်း နောက်သို့လိုက်ရန် ပြင်လိုက်ပြီးမှ နောက်တိုးကို …ရခြင်းကြောင့် ကိုယ်ရှိန်သတ်၍သာ ကျန်ရစ်ခဲ့လိုက်သည်။ နောက်တိုး …

'သူက ဘယ်သူလဲကွ၊ မင်းနဲ့ဘာတွေဖြစ်နေကြတာလဲ'

မိုးစက် သက်ပြင်းကို ဂူးခနဲ မှုတ်ထုတ်၍…

'ပြောရရင်တော့ အရှည်ကြီးပြောရမှာကွ'

'ဒါဆိုရင်လည်းကွာ၊ တစ်ခုခုစားရင်းနဲ့မှ ပြောပြတော့'

'အေး… အဲဒါအကောင်းဆုံးပဲ'

❒ ❒ ❒

မိုးစက် အားရပါးရ စားသောက်နေသည့် ပုံကိုကြည့်ပြီး နောက်တိုး …ထဲတွင် တစ်မျိုးဖြစ်နေမိ၏။ မသဒ္ဒါ၍တော့ မဟုတ်ပါ။ ကိုယ့်ကောင် …လောက်ထိ အားရပါးရစားသောက်ခြင်းကို မမြင်ဖူးသောကြောင့်ဖြစ်၏။

'ဟော့ကောင်… ဖြည်းဖြည်းစားပါကွ'

'ဘာလဲ၊ မင်းမှာ ပိုက်ဆံမပါဘူးလား'

'ပါပါတယ်ကွ၊ မင်း နင်နေမှာစိုးလို့ပြောတာ'

'ငါ မနက်ကတည်းက ဘာမှမစားရသေးလို့ကွ'

လက်မှနာရီကို ကြည့်မိတော့ သုံးနာရီ။ ထို့ကြောင့်…

'မင်းက ဒီအချိန်ကြီးထိ ဘာမှမစားရသေးဘူးဆိုတော့ ဘာအလုပ် … ရှုပ်နေလို့လဲ'

'ဟော့အေး… ဘာမှမရှုပ်ဘူး၊ ပိုက်ဆံမရှိလို့'

'ဟေ'

နောက်တိုး အံ့အားသင့်မှုကြောင့် မျက်ခုံးနှစ်ခုအလည်တွင် စုသွား



www.burmeseclassic.com

www.burmeseclassic.com



၏။ မိုးစက်လို သူဌေးသားက ပိုက်ဆံတပြားမှ မရှိဘူးဆိုတော့ ဘာလဲပေါ့။ ထပ်မေးရန် ဟန်ပြင်လိုက်ပြီးမှ မိုးစက် အစားအသောက်ပျက်မှာစိုးသဖြင့် မမေးဖြစ်တော့ဘဲ ကိုယ်ရှိန်သတ်လိုက်မိသည်။ မိုးစက်ကတော့ ဝေသာလီပြည်ကို ဘီလူးဝင်စီးသည့်နှယ် တွေ့သမျှအစားအသောက်တို့ကို အငမ်းမရ စား၍ကောင်းဆဲ...။

အတန်ကြာ စား၍သောက်၍ပြီးသွားသောအခါမှ...

'ကျေးဇူးပဲကွာ သူငယ်ချင်း'

'ပြောစရာမလိုပါဘူးကွာ၊ ဒါနဲ့ မင်း အခုဘာတွေဖြစ်နေတာလဲဆိုတာကို ငါ့ကိုပြောပြဦး'

'အေးပါ၊ ဒီလိုကွ'

ဟု အစချီ၍ ခုရက်ပိုင်းအတွင်း မိမိကြုံတွေ့နေရသော ကိစ္စရပ်များကို ပြောပြလိုက်သည်။ ပြော၍ပြီးသွားသောအခါ နောက်တိုးက...

'မင်းအဖေကလည်းကွာ၊ မိန်းမ မယူချင်တာနဲ့ဘဲ ကိုယ့်သားကို အိမ်ပေါ်က နှင်ချစရာလား'

'အေးကွာ၊ ဘာဖြစ်မှန်းကို မသိပါဘူး ဟင်း'

နောက်တိုး သက်ပြင်းချမိသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

'ဟာ... နေဦးကွ၊ ငါ့ဆီကို မင်းပိုက်ဆံအိတ်ကောက်ရထားတဲ့ ကောင်မလေးတစ်ယောက် ဖုန်းဆက်တယ်ကွ၊ အဲဒါ ငါ မင်းအိမ်ဖုန်းနံပါတ်ကို ပေးလိုက်တယ်'

'ဟုတ်လား၊ အဲဒါ... ငါခုနက ပိုက်ဆံလိုက်တောင်းနေတဲ့ ကောင်မလေးလေကွာ'

'ဒါဆို မင်းကို ပိုက်ဆံပြန်မပေးသွားဘူးလား'

'မပေးတဲ့အပြင် မိုးစက်ဆိုတဲ့ ငါ့ကို သေစာရင်းပါ နေရင်းထိုင်ရင်း သွင်းလိုက်သေးတယ်'

'အာ... ဘာဖြစ်လို့ သူက ဒီလိုပြောရတာလဲ'

'အဲဒါတော့ ငါလည်း မသိဘူးလေကွာ၊ မင်းပြောပုံအရဆိုရင်





ဖြစ်နိုင်တာက သူက ငါ့အိမ်ကို ဖုန်းဆက်တော့ ငါ့အဖေက ပေါက်ကရတွေ ပြောလွှတ်လိုက်တာနေမှာပေါ့'

နောက်တိုးက မိုးစက်၏ စကားကို လက်ခံဟန်ဖြင့် ခေါင်းညိတ်၍...

'ကဲပါကွာ၊ ဒါတွေထားတော့၊ မင်း အခုနေရေးထိုင်ရေး ခက်ခဲနေတယ်ဆိုတော့ ငါ့အိမ်မှာပဲ လိုက်နေ၊ အိမ်မှာက ငါရယ် မျိုးမျိုးရယ်၊ အိမ်ဖော်မလေး မစုရယ်ပဲ ရှိတာ'

မျိုးမျိုးဆိုတာက နောက်တိုးရဲ့ မိန်းမပေါ့။ မိုးစက်နဲ့လည်း ရင်းနှီးတဲ့ သူငယ်ချင်းတွေပါ။ မိုးစက် ခဏမျှ စဉ်းစားလိုက်ပြီး...

'အေးကွာ၊ ငါ ခဏတော့လိုက်နေမယ်'

'ခဏမဟုတ်ဘူး ဟေ့ကောင်၊ ကြိုက်သလောက်သာနေ၊ မင်းအိမ်မှာရှိတော့ ခုချိန်မှာ ငါတို့အတွက် ပိုတောင်ကောင်းသေး'

'ဘာဖြစ်လို့လဲကွ'

'ဒါတော့ မင်းအိမ်ရောက်မှ သိမှာပေါ့၊ လာ... သွားမယ်'

ဒီလိုနှင့် မိုးစက်တစ်ယောက် နောက်တိုးတို့အိမ်သို့ ရောက်သွားသည်။

□ □ □

နောက်တိုး၏အိမ်သို့ရောက်သွားသောအခါ မျိုးမျိုးက ဝမ်းသာအားရလေသံဖြင့်...

'ဟယ်... လေပွေ၊ အကောင်စုတ် မတွေ့တာတောင်မှ ကြာပြီ၊ ခုမှ ဘယ်လိုစိတ်ကူးပေါက်ပြီး ငါတို့ဆီကို ရောက်လာတာတုန်း'

ဟု ပြောလိုက်မှ မိုးစက်လည်း နောက်တိုးပြောသည့် မင်းအိမ်ရောက်တော့မှ သိမှာဟုဆိုသည့် စကားကို အဓိပ္ပာယ်ပေါက်သွားတော့သည်။ မျိုးမျိုးက ဗိုက်ပူကြီးနဲ့မို့လို့ပါ။ ထို့ကြောင့် မိုးစက်က မျက်လုံးပြူး၍...



www.burmeseclassic.com

www.burmeseclassic.com



'ထာ… မျိုးမျိုး နင်တော်တော် အစားအသောက်သောင်းကျန်းထားတာပဲ'

ထိုသို့ပြောလိုက်ရာ မျိုးမျိုး နဖေတိမ်တောင်ရုပ်ဖြင့်…

'ဘာလဲဟဲ့၊ ဘာဖြစ်လို့လဲ'

'ဟ… နင့်ဗိုက်ကြီး ပူနေတယ်လေ'

'မသာကောင်'

ပြောပြီး မျိုးမျိုး ရှက်ရယ်ရယ်နေသည်။ ထို့နောက်တော့ ရှေ့ဟောင်းနှောင်းဖြစ်များကို ပြောဆိုကြမိရင်း ရယ်ဖြစ်ကြ၏။

မိုးစက်မှာ သူငယ်ချင်းများနှင့် စကားပြောဆိုနေရင်း ငြိမ်းချမ်းပျော်ရွှင်ဖွယ်ကောင်းသော နောက်တိုးတို့၏ မိသားစုဘဝကို တိတ်တိတ်ကလေး အားကျမိခဲ့လေသည်။ တဆက်တည်း အလုပ်အကိုင်တစ်ခုခုကိုလည်း အမြန်ဆုံး ရှာမှဖြစ်တော့မည်ဟု တွေးလိုက်တော့သည်။

□ □ □



## အခန်း(၅)

နွေနေ့လည်ခင်းမို့ နေပူချိန်က တော်တော်ပြင်းသည်။ ထိုပြင်းပြနေသော နေရောင်အောက်တွင် မိုးစက်ခြေဦးတည့်ရာ လမ်းလျှောက်နေမိ၏။ ဤသို့ လမ်းလျှောက်နေရသည့် ခေါင်းစဉ်ကတော့ အလုပ်ရှာရန်သာဖြစ်သည်။

ရန်ကုန်မြို့ကြီးတွင် အလုပ်တွေတော်တော် ပေါပါသည်။ ထိုသို့ပေါလွန်းအားကြီးသဖြင့် ဘယ်အလုပ်ကိုဝင်လျှောက်ရမှန်းမသိဖြစ်ကာ ယောင်ချာချာဖြင့် လမ်းလျှောက်နေမိခြင်းသာဖြစ်သည်။

ထိုစဉ် ရှေ့၌ထိပ်ပြောင်ပြောင် လူကြီးတော်တော်များများ ကိုင်ဆွဲလေ့ရှိသော လက်ဆွဲအိတ်ကြီးကိုင်ထားသော လူကြီးတစ်ယောက် လမ်းလျှောက်ရင်းမှ ယိုင်ထိုးယိုင်ထိုးဖြစ်နေခြင်းကို မိုးစက်မြင်လိုက်ရသည်။

မူးလာသည် ထင်သည်။ ဒီလောက်အပူရှိန်ပြင်းတဲ့ နေ့ခင်းကြောင်တောင်ကြီးမှာ သောက်ဖို့ကို မသင့်။ လူကြီးတွေများ ခက်ကိုခက်ပါတယ်။ ထိုသို့ စိတ်ထဲမှ ရေရွတ်မိစဉ် အချိန်တွင် ၎င်းလူကြီးမှာ လမ်းမပေါ်သို့ ဒုန်းခနဲ ပစ်လဲကျသွားသည်။

ထို့ကြောင့် မိုးစက်လည်း မနေသာတော့ဘဲ အနားသို့ပြေးသွားလိုက်ပြီး…

'ဦးလေး… ဦးလေး'



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက မျက်နှာကြီးရှုံ့မဲ့ကာ အီးအီးအင်းအင်း လုပ်ကာနေ၏။ အရက်နံ့တော့လုံးလုံးမရ။ ဒါဆိုရင်တော့ မိမိထင်ထားသလို အရက်မူးခြင်း တော့မဖြစ်နိုင်။ နေရှိန်ပြင်းလို့ မူးလဲတာဖြစ်မည်။ ကန်တော့ ဦးလေးရေ ကန်တော့။

ထိုသို့ စိတ်ထဲမှ တောင်းပန်လိုက်ပြီး မိုးစက် ၄င်းပုဂ္ဂိုလ်ကြီးကို ဆွဲထူလိုက်၏။

'ဦးလေး… ဦးလေး'

၄င်းမြင်ကွင်းကို အိမ်၏ ဝရံတာတွင် အပတ်ထွက်လှမ်းနေသော သဒ္ဒါရုံက မြင်သွား၏။ ပထမတော့ ဘယ်သူရယ် ဘယ်ဝါရယ်ဟု ကွဲကွဲပြားပြားမသိရှိသော်လည်း သေချာစူးစိုက်ကြည့်မိလိုက်သောအခါ ဟိုအချောင်သမားနှင့် မိမိ၏အဖေဖြစ်နေမှန်းကို သိလိုက်ရလေသည်။

ဟင်… အဖေက ဟိုလမ်းမပေါ်မှာလဲနေတယ်။ ဟိုအချောင်သမား ငါ့အဖေကို ဘာလုပ်လိုက်သလဲ မသိဘူး။

ထိုအတွေးကြောင့် သဒ္ဒါရုံ၏ စိုးရိမ်ပူပန်စိတ်တို့သည် ငယ်ထိပ်သို့တက်၍ဆောင့်သွားကာ အောက်သို့ခုန်ပေါက် ပြေးဆင်းလာသည်။

ထိုအချိန်တွင် မိုးစက်မှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ပျာယာခတ်နေ၏။ ပတ်ဝန်းကျင်ကို အကူအညီတောင်းရအောင်ကလည်း လူတိုင်း အပူရှိန်ကို ရှောင်ကွင်းနေကြသဖြင့် အသွားအလာက လုံးဝမရှိ။ ဒီပုဂ္ဂိုလ်ကြီး အခြေအနေကို ကြည့်ရတာကလည်း နီးစပ်ရာ ဆေးရုံ ဆေးခန်း ပို့ဖို့လိုလောက်သည်။

ထို့ကြောင့် ကားငှားလို့ရနိုင်လောက်သော်လည်း လမ်းမဘက်သို့ ထွက်ရန်အတွက် မိုးစက် ထိုပုဂ္ဂိုလ်ကြီးအား ချီပိုးကြည့်၏။ ခန္ဓာကိုယ်က ခပ်ဝဝဖြစ်နေခြင်းကြောင့် မနိုင်ပါ။ ထို့ကြောင့် အောက်သို့ပြန်ချပြီး ကိုယ်တစ်ယောက်တည်း ကားသွားငှားတော့မည်ဟု ဆုံးဖြတ်လိုက်မိ၏။

ထိုသို့ဆုံးဖြတ်လိုက်ပြီး ခြေလှမ်းလှမ်းဖို့ပြင်စဉ်မှာပင် ခေါင်းထဲသို့ အတွေးတစ်ခုက ဝင်ရောက်လာ၏။ ဒါကပုဂ္ဂိုလ်ကြီး၏ လက်ဆွဲအိတ်ကိစ္စ ပင်ဖြစ်သည်။ မိမိက ကားသွားငှားနေသည့်အချိန်တွင် မသမာသူတစ်





ယောက်ယောက်က ဒီပုဂ္ဂိုလ်ကြီးကို တွေ့ပါက မကူညီသည့်အပြင် အလွယ်တကူရှိနေသည့် လက်ဆွဲအိတ်ကို အလစ်သုတ်သွားနိုင်သည်။ ထို့ကြောင့် လက်ဆွဲအိတ်ကိုပါ တစ်ခါတည်း ယူသွားမှဖြစ်မည်ဟု တွေးမိပြီး အိတ်ကို ဘက်ကိုင်ကာ ခြေလှမ်းလှမ်းရန် ပြင်လိုက်စဉ်မှာပင် စူးရှမာထန်သော အသံလေးနှင့်အတူ…

'ရှင်… ရှင်… ဒါဘာလုပ်တာလဲ'

ဟု အသံကို ကြားလိုက်ရသဖြင့် မိုးစက် လှည့်ကြည့်မိလိုက်ရာ လက်ဆွဲအိတ်ကို ကောက်ရသွားသော ဝေါ်မလေးကို တွေ့လိုက်ရသဖြင့် အကူအညီတော့ရပြီဟု တွေးမိပြီး ဝမ်းသာအားရဖြင့်…

'ဟာ… အေး… ဒီမှာကွာ လူကြီးတစ်ယောက် မူးလဲနေလို့ ခဏကြည့်ပေးထားစမ်းပါ၊ ငါ ကားသွားငှားမလို့'

ထိုသို့ပြော၍ စကားပင်မဆုံးသေးခင် ဝေါ်မလေးက လဲကျနေသော လူကြီးကို ပြေးပွေ့၍…

'အဖေ… အဖေ… ဘယ်လိုဖြစ်တာလဲ အဖေရယ်'

ဟု စိုးရိမ်တကြီးလေသံဖြင့် ပြောလိုက်သဖြင့် မိုးစက် ကြောင်တောင်တောင်ပင် ဖြစ်မိသွား၏။ လူကြီးကတော့ စကားမေးပြန်မရဘဲ မျက်လုံးမပွင့်တပွင့်ဖြင့် အင်းအင်းအီးအီးသာ ပြန်လုပ်နေရှာ၏။

မိုးစက် နဝေတိမ်တောင်ရပ်ဖြင့်…

'ဒါ… မင်းအဖေလား'

ဟုမေးလိုက်ရာ သဒ္ဒါရုံက ကျားသစ်မကဲ့သို့ စူးခနဲကြည့်ပြီး…

'ဟုတ်တယ်၊ ရှင် ကျွန်မအဖေကို ဘာလုပ်လိုက်တာလဲ၊ အဖေ တစ်ခုခုဖြစ်လို့ကတော့ ရှင် မလွယ်ဘူးမှတ်'

ထိုသို့ပြောလိုက်သဖြင့် မိုးစက် မျက်လုံးပြူးသွားပြီး…

'ဟာ… ဟေ့… မင်းဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ သူ့ဘာသာ မူးလဲသွားတာကွ'

'အို… အပိုတွေပြောမနေစမ်းပါနဲ့၊ ရှင် ဒီအိတ်ကိုလိုချင်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အဖေကို တစ်ခုခုလုပ်လိုက်တာ မဟုတ်လား၊ ရှင့်ကို ရဲစခန်းပို့ပစ်မယ်··· ဟင်း'

ထိုသို့ပြောပြီး သူမဖခင်ဘက်သို့ လှည့်ကာ အဖေ အဖေဟု ဆက်၍အော်သည်။ မိုးစက် အံကိုတစ်ချက်ကြိတ်ပြီး လက်ထဲတွင်ကိုင်ထား မိသော အိတ်ကို မြေကြီးပေါ်သို့ ဗုန်းခနဲ ပစ်ချလိုက်၏။

ဒီကောင်မလေးပြောဆိုသွားတာတွေက အရမ်းကိုလွန်သွားပြီလေ။ ကိုယ်ကလည်း တစ်သက်လုံး ပေါက်ကရတွေသာ လုပ်ရင်လုပ်မယ်။ ဒီလို မသမာတာမျိုးကို လုပ်ဖို့မပြောနဲ့ စိတ်ကူးထဲ‌ဘောင်မှ ထည့်မမက်ခဲ့တဲ့ ကောင်ပဲဟာ။

ဒါကြောင့် တင်းသွားသည်ပေါ့။

သို့ရာတွင် ကိုယ့်ရှေ့မှာ ပက်လက်ကြီးလန်နေသော လူနာက ရှိနေသေးသဖြင့် စိတ်ကိုပြန်လျှော့ပြီး···

'ဒီမှာဟေ့ မင်း ငါ့ကိုမယုံလို့ ရဲစခန်းမကလို့ ဘယ်ပဲပို့ပို့ ငါ ဂရုမစိုက်ဘူး၊ အခု မင်းအဖေကိစ္စက အရေးကြီးတယ်၊ အဲဒါကို ငါ ဘယ်လိုကူညီရမလဲ ဒါပဲပြော'

ထိုသို့ပြောလိုက်ခြင်းကြောင့် သဒ္ဒါရုံ မိုးစက်အား ဖြတ်ခနဲလှမ်း ကြည့်၏။ တည်ကြည်နေသော မိုးစက်၏ မျက်နှာကို တွေ့လိုက်ရခြင်း ကြောင့် စိတ်ထဲတွင် တွေဝေမိသွား၏။ ထို့ပြင် မိမိ၏ အဖေဖြစ်သူကလည်း သွေးအားနည်းရောဂါရှိသဖြင့် ဒါမျိုး မကြာခဏ မူးမော်တတ်ခြင်းကလည်း ရှိသည်။

ထို့ကြောင့် နှုတ်ခမ်းကို တစ်ချက်ဖိကိုက်လိုက်ပြီး···

'ဒါဆိုရင် ကျွန်မ အဖေကို အိမ်ထဲတွဲပြီး ပို့ပေးပါ'

'ဆေးရုံပို့ဖို့လိုမယ်လို့ မင်း မထင်ဘူးလား'

'မလိုလောက်ပါဘူး၊ အဖေက ဒါမျိုးခဏခဏမူးလဲတတ်တယ် တော်ကြာနေရင် ပြန်သတိရလာမှာပါ'

'ဪ'

ထို့ကြောင့် မိုးစက် ဘာမှပြောမနေတော့ဘဲ ထိုပုဂ္ဂိုလ်ကြီးအား





ဝင်၍ တွဲလိုက်၏။ သဒ္ဒါရုံကပါ တစ်ဘက်မှ ဝင်တွဲသဖြင့် အဆင်ပြေသွား သည်။ သို့ရာတွင် နှစ်ယောက်စလုံး နည်းနည်းတော့ အားစိုက်ရသည်ပေါ့။ ထိုပုဂ္ဂိုလ်ကြီးက ဝသည်ကိုး။ အိမ်ထဲသို့ ရောက်သွားသောအခါ မိုးစက် နဖူးမှချွေးတို့ကို လက်ဖြင့် သုတ်မိလိုက်၏။

သဒ္ဒါရုံ၏ အဖေကတော့ ဆိုဖာပေါ်တွင် ဆန့်ဆန့်ကြီး···

သဒ္ဒါရုံက ရှူဆေးဘူး ကပျာကယာသွားယူ၍ အဖေဖြစ်သူ၏ နှာခေါင်းဝတွင် သွားတေ့ပေး၏။

ခဏမျှကြာသောအခါ သဒ္ဒါရုံ၏ အဖေဖြစ်သူ ဦးကျော်မောင်မှာ သတိပြန်ရလာ၏။

'အဖေ··· အဖေ သတိပြန်ရလာပြီနော်'

'အေး··· အေး··· သမီး၊ အင်း··· ကျွတ်··· ကျွတ်'

ထိုသို့ခေါင်းကိုလက်ဖြင့်ဆုပ်ကိုင်၍ ပြောလိုက်ခြင်းကြောင့် သဒ္ဒါရုံ ကပျာကယာဖြင့်···

'ခဏလေးနော် အဖေ၊ ခေါင်းကြည်သွားအောင် သမီး သံပရာရည် သွားဖျော်လိုက်ဦးမယ်'

ဟု ပြောပြီး အိမ်နောက်ဘက်သို့ ပင်သွား၏။ ထိုအခါ ဦးကျော် မောင်က အနားတွင် ရှိနေသော မိုးစက်ကို သတိထားမိသွားပြီး···

'ဒါနဲ့ မောင်ရင်က···'

'ဦး မူးလဲကျသွားတုန်းက ကျွန်တော်က ဦးနောက်နားမှာပါ၊ ဒါကြောင့် ဝင်ကူညီရင်း ဒီအိမ်ထဲကို ရောက်လာရတာပါ'

'ဟုတ်လား၊ အေး··· ကျေးဇူးပါပဲ မောင်ရင်ရာ'

'ရပါတယ် ဦး၊ ကျွန်တော်တောင် ပထမပိုင်း ဦးကို ဒီအိမ်ကမှန်း သေိတော့ ဆေးရုံပို့ဖို့ စိတ်ကူးမိပါသေးတယ်၊ နောက်မှ ဦး သမီးအပြင် ထွက်လာပြီး အကျိုးအကြောင်း သိလိုက်ရတာပါ'

'အေးကွာ၊ ဦးက နှလုံးသွေး အားနည်းရောဂါရှိတော့ ဒါမျိုး မကြာခဏ မူးလဲတတ်တယ်၊ ပြီးတော့ အပြင်မှာ နေကအရမ်းပြင်းတာ သည်းပါတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် ခေါင်းညိတ်၍…

'ဟုတ်တယ် ဦး၊ ခုလိုချိန်မျိုးမှာက အပြင်ကိုထွက်ရင် ထီးလေး ဦးထုပ်လေးတော့ ပါသင့်ပါတယ်'

ဦးကျော်မောင်က ပြုံး၍…

'ဒီလိုကွ၊ ဦးမှာက ကားပါပါတယ်၊ ဒီကိုအပြန်လမ်းထိပ်… ရောက်မှ ကားက ဘာဖြစ်မှန်းမသိ၊ ထိုးရပ်သွားလို့ စိတ်မရှည်ဖြစ်ပြီး လမ်းဆင်းလျှောက်ရင်း ဒီလိုဖြစ်သွားတာပါပဲကွာ'

'ဪ'

ထိုစဉ် သဒ္ဒါရုံ သံပုရာရည်တစ်ခွက်ကိုင်ပြီး အရှေ့သို့ ထွက်လာ၏။

ဦးကျော်အောင်က မျက်မှောင်ကြုတ်၍…

'ဟဲ့… သမီး ဧည့်သည်အတွက်ရော ယူမလာဘူးလား'

ဟု ပြောလိုက်ရာ သဒ္ဒါရုံ ဘာပြန်၍ပြောရမှန်းမသိဖြစ်နေစဉ် အချိန်တွင် မိုးစက်က…

'ရပါတယ် ဦး၊ ကျွန်တော် ဘာမှမသောက်တော့ပါဘူး'

ဟုပြောရင်း သဒ္ဒါရုံဘက်သို့ လှည့်၍တဆက်တည်း…

'ကဲ… မင်း အဆင်ပြေပြီဆိုရင် ငါတို့ရဲစခန်းကို သွားကြမယ် လေ'

ထိုသို့ပြောလိုက်ရာ သဒ္ဒါရုံ မျက်လုံးဝိုင်းသွားပြီး ဦးကျော်မောင် က အံ့အားသင့်သွားဟန်ဖြင့် မိုးစက်အား…

'ဟေ… ရဲစခန်း ဟုတ်လား၊ ဘာများဖြစ်လို့လဲကွ'

'ဒီလိုပါ ဦး၊ ကျွန်တော်က ဦးကို ဝင်ကူညီပေးနေတာကို သူ… ကျွန်တော့်ကို အိတ်အလစ်သုတ်မယ့်လူလို့ ထင်နေတဲ့အတွက် ရဲစခန်း… သွားပြီး ဖြေရှင်းဖို့အတွက် ပြောလိုက်တာပါ'

'အာ… မဟုတ်တာကွယ်'

ဟုပြောရင်း သဒ္ဒါရုံဘက်သို့လှည့်ကာ…

'သမီးက ဘာဖြစ်လို့ ကိုယ့်ကိုကူညီတဲ့လူကို ဒီလိုထင်ရတာလဲ'





သဒ္ဒါရုံ ဟိုလိုလို ဒီလိုလိုရုပ်ကလေးဖြင့်…

'ဟို အဖေ သမီး သူ့ကို တွေ့လိုက်ရတဲ့အချိန်မှာ သူ့လက်ထဲမှာ …ငွေအိတ်ကို ကိုင်ထားတော့လေ၊ ဟို… ဟို'

'တော်စမ်းကွာ၊ အဓိပ္ပာယ်မရှိတာတွေ၊ ဒီမှာ သမီး ဒီသူငယ်သာ …ကယ်တမ်း မသမာတဲ့လူစားမျိုးဆိုရင် ဒီအထိတောင်မှလိုက်လာစရာ …အကြောင်းမရှိဘူး၊ သမီးကိုတွေ့တာနဲ့ တစ်ခါတည်း ထွက်ပြေးသွား …တော့မှာပေါ့'

သဒ္ဒါရုံ ဘာမှပြန်၍မပြောဖြစ်ဘဲ မျက်နှာရှုံ့မဲ့ရှုံ့မဲ့ဖြင့် ငြိမ်နေ၏။ …ပဲပြောပြော ကိုယ့်ဘက်က ခြေခြေမြစ်မြစ်မရှိဘဲ စကားတွေလွှတ်သွား …ကို အဖေပြောတာကလည်း ဟုတ်လောက်သည်။ သူသာ တကယ် …မ်း မသမာတဲ့လူစားမျိုးဆိုရင် အိတ်ယူပြီးတော့ ထွက်ပြေးသွားရင် မိမိ …မှတတ်နိုင်မှာလည်း မဟုတ်။ ဒါပေမဲ့ ယခင်ပိုက်ဆံအိတ်ကိစ္စကလည်း …သေးတော့ သိပ်လည်းမယုံချင်ပြန်။

သို့ရာတွင် ဖခင်ဖြစ်သူ၏မျက်နှာကိုထောက်၍ ဘာမှမပြောဖြစ် …ဘူး၊ ဦးကျော်မောင်က ဆက်၍…

'ဒီမှာ သမီး လူဆိုတာက အပွေးမြင် အပင်သိရတယ်ကွဲ့'

မိုးစက် တွန့်ခနဲဖြစ်သွားသည်။ ကိုယ့်ရဲ့ဘယ်နေရာမှာ အပွေးတက် …သို့ ဒီဥပမာကို ပေးသလဲမှမသိတာ။

'ခုကြည့်စမ်း၊ သမီး လုပ်ပုံက ဒီသူငယ်ကို ဘယ်လောက်တောင် …ဖို့ ကောင်းလိုက်သလဲ'

မိုးစက် ရင်ကိုကော့ထားလိုက်သည်။ ဦးကျော်မောင်က မိုးစက် …ထံသို့ လှည့်ကာ စကားကိုဆက်၍…

'ဒီက မောင်ရင်ကို ဦးကပဲ တောင်းပန်ပါတယ်ကွာ'

'ဟာ… ဦး တောင်းပန်ဖို့မလိုပါဘူး၊ တကယ်တမ်း တောင်းပန် …င့်တာက ဦး သမီးပါ'

ဟုပြောကာ မိုးစက် ဟိုငတိမကို ရပ်ပစ်လိုက်တော့သည်။ …ကျော်မောင်က မိုးစက်၏ စကားကို ခေါင်းညိတ်ထောက်ခံ၍…



www.burmeseclassic.com

www.burmeseclassic.com



'အေး... မောင်ရင်ပြောတာ ဟုတ်တယ်၊ တောင်းပန်ရမှာက ဦးသမီးပဲ၊ ဒီတော့...'

'ကဲ... သမီး၊ ဒီသူငယ်ကို တောင်းပန်လိုက်စမ်း'

သဒ္ဒါရုံ မိုးစက်ကို ကြည့်၍ မျက်လုံးပြူးသည်။ ပြီးနောက် အံကြိတ်သည်။ တောက်... တော်တော်လူပါးဝတဲ့ အချောင်သမား။ ငါက အဖေ့ရှေ့မှာမို့ ငြိမ်နေတာကို အကောင်းမှတ်နေတယ်။

ထိုသို့ စိတ်ထဲမှ မခံချိမခံသာ ပြောလိုက်စဉ်အချိန်တွင် မိုးစက်က...

'ဟိုမှာ... ဟိုမှာ... ဦးသမီးက ကျွန်တော့်ကို မတောင်းပန်တဲ့အပြင် မျက်လုံးပြူးပြီး အံကြိတ်ပြနေတယ်'

'ကြည့်စမ်း သမီး၊ ဘာတွေလုပ်ပြနေတာလဲ၊ မြန်မြန်တောင်းပန်လိုက်လေ'

'ဟုတ်တယ် ဦး၊ ဟုတ်တယ်'

သဒ္ဒါရုံ၏ ရင်သည် ဒေါသကြောင့် နိမ့်တုံမြင့်တုံဖြစ်လာသည်။ စိတ်ထဲတွင် ဒီလူ့ကို အမှုန့်ခြေပစ်လိုက်ချင်စိတ်တို့ အပြင်းအထန် ဖြစ်ပေါ်နေမိသော်လည်း အခြေအနေက ကိုယ့်ဘက်မှာ လုံးဝမရှိတော့ပြီမို့ အင်တင်တင်လေသံဖြင့်...

'ဒီမှာ ကိုအတွာ ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်'

'အား... ရပါတယ်၊ ရပါတယ်၊ နောက်တစ်ခါ ဒါမျိုးမဖြစ်အောင် ဆင်ခြင်ပေါ့ကွာ၊ ဟဲ... ဟဲ'

ပြီးနောက် ဦးကျော်မောင်ဘက်သို့ လှည့်၍...

'ကျွန်တော် ပြန်လိုက်ပါဦးမယ် ဦး၊ သြော်... ဦးလည်း ကျန်းမာရေးကို ဂရုစိုက်ပါခင်ဗျ၊ ရာသီဥတုကလည်း ပူပြီးတော့ ဦး သမီးကလည်း ဂျစ်ကန်ကန်နဲ့ဆိုတော့ အဟင်း'

ဦးကျော်မောင် ခေါင်းတညိတ်ညိတ်ဖြင့်...

'အေး... အေး... မောင်ရင် ကျေးဇူးပါပဲကွာ၊ ကဲ... သမီး ဧည့်သည်ကို ခြံတံခါးလိုက်ဖွင့်ပေးလိုက်ပါဦး'





ထို့နောက်တော့ သဒ္ဒါရုံ ရှုပုတ်ပုတ်ရုပ်ဖြင့် ရှေ့မှဘောက်ဆတ်ဘောက်ဆတ်လျှောက်သည်။ မိုးစက်က ဘဝင်လေဟပ်နေသည့်ရုပ်ဖြင့် မြောက်ကြွမြောက်ကြွလိုက်သည်။ ဟင်း... ဟင်း... မိုးစက်ကို ဒီလိုလာလုပ်ရင် ဒီလိုခံရတတ်တယ် ငတိမလေးရဲ့။

ခြံတံခါးဖွင့်ပြီးနောက် သဒ္ဒါရုံက မတွန်းထုတ်ရုံလေသံမျိုးဖြင့်...

'ကြွ... ကြွ... မြန်မြန်ကြွ'

'ကြွမှာပါကွ၊ မင်းကလည်း... မင်းက တစ်ညအိပ်ပါဦးဆိုရင်တောင်မှ ငါက မအိပ်နိုင်ပါဘူး'

'အောင်မာ... လူပါးဝလို့'

'ဟိတ်... ကိုယ့်ကျေးဇူးရှင်ကို ဒီလိုပြောရင် မိုးကြိုးပစ်မှာ မကြောက်ဘူးလား'

'အောင်မာ... အချောင်သမားက ကြံဖန်ခွင်တည့်သွားတာများ... ဘာကျေးဇူးရှင်လဲ ဟွန်း'

တယ် ဒီကလေးမ အပြောအဆို တော်တော်မယဉ်ကျေးတာပဲ။

'ဒီမှာ ကြံဖန်ခွင်တည့်သွားတာ မဟုတ်ဘူးကွ၊ ဘုန်းကံရှိ တဲ့လူကို မဟုတ်တာ စွပ်စွဲမိလို့ သိကြားမင်း ကျောက်ဖျာတင်းသွားတာ'

'ပါးစပ်ဝဲပေါက်နေပါဦးမယ်'

'ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ငါက ဘုန်းနဲ့ကံနဲ့ကောင်ဆိုတော့ ဘာမှမဖြစ်လောက်ပါဘူး၊ ဟင်း... ဟင်း'

ထိုသို့ပြောပြီး မိုးစက် ခြံပြင်သို့ လှမ်းထွက်လိုက်ကာ...

'သြော်... ဒါနဲ့ မင်းကလေ... ငါတစ်ခါထပ်တွေ့တိုင်း ပိုပိုပြီး ရုပ်လှလာတယ် သိလား'

'ဘာ... ဘာ'

'သွားပြီ... သွားပြီ'

ထိုသို့ပြောပြီး မိုးစက်လစ်တော့သည်။

သဒ္ဒါရုံကတော့ ဇွေ့ဇွေ့ခုန်ကာ ကျန်ရစ်ခဲ့လျက်...

'ကြွတာ ရိုးရိုးမကြွဘူး... ဘာကြီးမှန်းလဲ မသိဘူး'

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မနက်မိုးလင်းနေပါပြီ။ အိပ်ယာမှ နိုးနေပြီဖြစ်သော်လည်း မထဖြစ်သေးဘဲ ဆက်လက်၍ မှိန်းနေစဉ်အချိန်တွင် အိမ်ရှေ့ဧည့်ခန်းမှနောက်တိုးနှင့် ဧည့်သည်တစ်စု စကားပြောနေသည်ကို ကြားလိုက်ရသဖြင့် အသာနားစွင့်လိုက်မိ၏။ နောက်တိုးက...

'ဟုတ်ပါတယ် ဥက္ကဋ္ဌရယ်၊ ကျွန်တော်လည်း ဒီအပင်ကို ခုတ်မယ် ခုတ်မယ်နဲ့ ဟိုလေ အလုပ်ကမအားတော့ မခုတ်ဖြစ်တာပါ'

ထို့နောက် လူကြီးတစ်ဦး၏ လေသံဖြင့်...

'ဒါကို ကျွန်တော်တို့လည်း နားလည်ပါတယ် ကိုနောက်တိုးကို အပင်တစ်ပင်လုံးလည်း ခုတ်ဖို့ပြောနေတာမဟုတ်ပါဘူး၊ ဓာတ်ကြိုးနဲ့ မလွတ်လောက်တဲ့ အကိုင်းတွေကိုသာ ခုတ်ဖို့ပြောနေတာပါ'

'ဟုတ်ကဲ့၊ ဒါပေမဲ့ နောက်နေ့မှ ဒါကိုလုပ်လို့မရဘူးလားခင်ဗျ။ ဒီနေ့က ကျွန်တော် အလုပ်သွားချိန် အရမ်းကိုနီးနေပြီဆိုတော့လေ'

'အဲဒါတော့ မရဘူး ကိုနောက်တိုးရဲ့၊ ဒီနေ့ပဲ လုပ်မှကိုဖြစ်မှာ၊ ဘာဖြစ်လို့လဲဆိုတော့ တာဝန်ရှိတဲ့လူတွေက ဒီနေ့လာစစ်မှာကိုး၊ ဒါကို ကျွန်တော်တို့ ဟိုရက်တွေကတည်းက ပြောပြီးသွားပါပြီ၊ တခြားအိမ်တွေက ရှင်းသင့်တာရှင်း၊ ခုတ်သင့်တာကို ခုတ်ပြီးပေမယ့် ကိုနောက်တိုး အိမ်ရှေ့က အပင်တစ်ပင်တည်း ကျန်နေလို့ပါ'

'အေးဗျာ၊ ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ဘူး'





မိုးစက် အိပ်ယာထက်မှ လူးလဲထ၍ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။ ပြီးနောက် ရင်ကိုကော့ကာ...

'ဒီကိစ္စအတွက် ဘာမှပူမနေကြပါနဲ့၊ ကျွန်တော် အပြည့်အဝ တာဝန်ယူပါတယ်၊ ဟဲ··· ဟဲ'

ဟုပြောလိုက်သဖြင့် သိပ်မကြာခင်ကာလတွင် မိုးစက်တစ်ယောက် ဓားမကိုင် ခါးတောင်းကျိုက်၍ အိမ်ရှေ့ရှိသစ်ပင်ပေါ်သို့ ရောက်သွားတော့သည်။

❐ ❐ ❐

သစ်ပင်ခုတ်ခြင်းသည် အပြောလွယ်ပါသည်။ ပြီးတော့ အမြင်လွယ်ပါသည်။ ဒါပေမဲ့ တကယ်တမ်း ကိုယ်တိုင်ကိုယ်ကျ တက်ခုတ်ကြည့်ပါက ထင်သလောက်မလွယ်ကူသော ကိစ္စမျိုးဖြစ်ပါသည်။

ဥပမာ ပထမဦးစွာ သစ်ပင်အမြင့်ကို တက်ရသည့်အတွက် ရင်တုန်နိုင်သည်။ ဒုတိယသစ်ကိုင်းကိုခုတ်ရခြင်းအတွက် လက်နာပါသည်။ တတိယ အပင်ပေါ်တွင် နေထိုင်သော ပုရွက်ဆိတ်၊ ပျား စသည့်အကောင်ဗလောင်တို့၏ အကိုက်အခဲကို ခံရနိုင်ပါသည်။

ထို့ကြောင့် အပင်ပေါ်သို့ ရောက်ရောက်ချင်းပင် မိုးစက် ရင်တုန်ပန်းတုန်ဖြစ်၍နေပါသည်။

ဘုရား···ဘုရား မြင့်တယ်ဟ···။

အောက်ဘက်မှ မော့ကြည့်လျှင် သိပ်မမြင့်လောက်ဟုထင်ထားသောနေရာသည် အပေါ်သို့ ရောက်သောအခါ အတော်အတန်မြင့်နေကြောင်းကို သိလိုက်ရ၏။

သို့ရာတွင် ပေါက်သည့်နဖူး မထူးတော့သည့်အတူတူ တုန်ရီတုန်ရီဖြင့် ခါးကြားထဲ၌ ထိုးလာသော ဓားကို ထုတ်၍ ဓာတ်ကြိုးနှင့်မလွတ်လောက်သော အကိုင်းကိုစတင်ခုတ်လိုက်သည်။

ခုတ်၍ အရှိန်အနည်းငယ်ရလာသောအခါ အထာ်းကျသွားပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကြောက်သည့်စိတ်တို့ ပျောက်သွားပြီး ပျော်သလိုလို ဘာလိုလိုပင် ဖြစ်လာတော့၏။

'အဟား… မဆိုးပါလားဟ'

ခုတ်နေသော သစ်ကိုင်းက ယောကျ်ားကြီးလက်မောင်းလောက် တုတ်နိုင်သဖြင့် ခုတ်၍တစ်ဝက်ကျော်ကျော်ခန့်ကျလာသောအခါ သစ်ကိုင်း၏ အရှိန်ကြောင့် တဖျစ်ဖျစ်ဖြင့် အသံထွက်လာသည်။ ဒါသည် ကျိုးတော့မည်ဆိုသော ရှေ့ပြေးအသံ။ ထို့ကြောင့် မိုးစက် အားတက်သွားပြီး ကိုယ့်ကိုယ်ကိုယ် ဂျက်လီဟု သဘောပိုက်လိုက်ပြီး အားရပါးရ လွှဲခုတ်လိုက်တော့သည်။

'ဒုတ်'

'ဂျွတ်… ဂျွတ်… ဖြောင်း'

'အဟာ… ကျိုးပြီ၊ ကျိုးပြီကွ၊ ငါကွ'

ထိုသို့ကြုံးဝါးပြီးနောက် အကိုင်းမှာ တစ်စတစ်စ ကျိုးနေသည့်အချိန်နှင့် အံကိုက်ပင် သစ်ပင်အောက်တည့်တည့်သို့ ကားလေးတစ်စီးဝင်လာရပ်၏။

မိုးစက် မျက်လုံးပြူးသွားမိသည်။

'ဟာ… ဟေ့… ကားကို ဒီအောက်မှာ လာမရပ်နဲ့လေ၊ ဒီမှာ သစ်ကိုင်းက ကျိုးကျတော့မှာ'

စကားပင် မဆုံးခင်မှာ သစ်ကိုင်းက ဖြောင်းခနဲ အသံမြည်၍ လုံးဝကို ကျိုးကျသွားသည်။ ထို့ကြောင့် မိုးစက် မျက်စိစုံမှိတ်ကာ ဘုရားတလိုက်ရပါသည်။

နားထဲသို့ သစ်ကိုင်းကြီးက ကားပေါ်သို့ ဒုန်းခနဲ ကျသွားသံကို ပီပီသသကြီး ကြားလိုက်ရသည်။ သွားရှာပြီ။

မိုးစက် စိတ်ပျက်လက်ပျက်ဖြင့်ပင် မျက်လုံးကို ပြန်၍ဖွင့်ကြည့်လိုက်၏။ မြင်ကွင်းက မကြည့်ရက်စရာပါ။ ကားရှေ့ဖုံးတစ်ခုလုံးတွင် ထိုးထိုးထောင်ထောင်သစ်ကိုင်းကြီးက နေရာယူလို့ လျော်ရမည်မှာ ကျိန်းသေသလောက်တော့ ရှိသွားပြီ။ စိတ်ဓာတ်သည် အဝီစိအထိသို့ ကျသွား၏။





ထိုစဉ် ကားရှေ့ခန်းတံခါးဖွင့်၍ လူတစ်ယောက်ထွက်လာပြီး ဆေသံမာမာဖြင့် အပင်ပေါ်သို့ မော့ကြည့်ကာ…

'ဒါ… ဘယ်ကောင်လုပ်တာလဲကွ… ဟေ…'

မိုးစက် စိတ်မညစ်သွားပါ။ ပျော်တောင်ပျော်သွားပါ၏။

'ဟာ… အဖေ'

ဟုတ်ပါသည်။ ကိုယ့်ရဲ့ကျေးဇူးရှင်ဖခင်အရင်းခေါက်ခေါက်ကြီးပါ။ ဒီတော့ လျော်ဖို့မလိုတော့ဘူးပေါ့။ ဦးမြင့်အောင် အံ့အားသင့်သွားဟန်ဖြင့်…

'ဟာ… ဟေ့ကောင်… မိုးစက်'

'ဟုတ်တယ် အဖေ၊ သား… သား'

ဦးမြင့်အောင် မျက်မှောင်ကြုတ်၍…

'ဒါဆိုရင် ငါ့ကားပေါ်ကို သစ်ကိုင်းခုတ်ချတာ မင်းပေါ့'

'မှန်လိုက်တာ အဖေရယ်၊ သားမှသား အစစ်'

'မင်း… မင်း… ဒါ ငါ့ကို မကျေနပ်လို့ တမင်တကာလုပ်တာပေါ့လေ'

'ဘာ… အဖေကလည်း မတော်တဆဖြစ်သွားတာပါ၊ သားက အဖေ့ကို ဒီလိုလုပ်စရာလား'

ဦးမြင့်အောင် သိပ်ကျေနပ်ဟန်မတူသော်လည်း တရားခံက ကိုယ့်သားဖြစ်နေသဖြင့် မပြောသာတော့ဘဲ…

'ကဲ… ကဲ… မင်းအပင်ပေါ်က ဆင်းခဲ့စမ်း'

'ဟုတ်… အဖေ၊ ဟုတ်'

ထိုသို့ဝမ်းသာအားရ ဖြေကြားပြီး အပင်ထက်က ကမန်းကတမ်းဆင်းလိုက်စဉ်အချိန်တွင် ခြေချော်၍သွားပြီး…

'ဟာ… အား… အဖေရေ… အဖေ'

'ဟာ… ဟေ့ကောင်… ဟေ့ကောင် ပြုတ်ကျမယ်'

မိုးစက် လေထဲတွင် တွဲလောင်းကြီးဖြစ်သွားတာပါ။ ကြောက်လန့်တကြားဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'အား… အဖေ သား ဘာလုပ်ရမှာလဲ'

'ခုန်ချပေါ့ကွ၊ ခုန်ချ'

'ခုန်ချရင် အဖေဆီးပြီးဖမ်းထားမှာလား'

'အာ… အဲဒါတော့ ဘယ်ဖြစ်မလဲကွ၊ ငါ မင်းခန္ဓာကိုယ်ကြီး[illegible] ဘယ်နိုင်မှာလဲ'

ထိုသို့ သားအဖနှစ်ယောက် တိုင်ပတ်နေစဉ်အချိန်တွင် မိုးစက်[illegible] ခါးကြားတွင်ထိုးထားသော ဓားမမှာ အောက်သို့ပြုတ်ကျသွားသည်။

ကျသည့်နေရာကလည်း ဦးမြင့်အောင်နှင့် တစ်လက်မပင်မကွာ[illegible]

'ဟဲ့… ပလုတ်တုတ်၊ ဟာ… ဟေ့ကောင် မင်း ငါ့ကို လုပ်ကြံ[illegible] မြန်ပြီ'

မိုးစက် တွဲလောင်းကြီးဖြစ်နေလျက်မှပင်…

'အီး… အဖေကလည်း ဒီလောက်ဒုက္ခရောက်နေတဲ့ဟာကို အဖေ[illegible] ကို လုပ်ကြံစရာလား'

'ခွီးတဲ့မှပဲ၊ ထိဖို့သီသီလေးပဲ လိုတော့တာကွ'

'ကန်တော့ အဖေရာ၊ ကန်တော့… ဒီမှာ သား လက်အံသေနေ[illegible] အီး'

ဦးမြင့်အောင် ခပ်လှမ်းလှမ်းသို့ နေရာရွှေ့သွားပြီး…

'ငါလည်း ဘာမှမတတ်နိုင်ဘူး ဟေ့ကောင်၊ ခုန်သာခုန်ချလို[illegible] ကျိုးသွားပဲ့သွားရင် ငါ ဆေးပြန်ကုပေးမယ်'

'အာဗျာ… ဒုက္ခပါပဲ'

မိုးစက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ပါ။ လက်အံကလည်း[illegible] တော်တော်သေနေပြီ။ အခြေအနေကလည်း ခုန်ချရန်မှတစ်ပါး အခြား[illegible]

ထို့ကြောင့် အောက်သို့တစ်ချက်အကဲခတ်လိုက်သည်။ ဒီမှာ[illegible] အဆင်ပြေမယ့်နည်းလမ်းက ဘွားခနဲ သွားတွေ့၏။ ဒါက ခုန်ချ[illegible] မြေပြင်ပေါ်သို့ တိုက်ရိုက်ခုန်ချခြင်းမပြုဘဲ အဖေ့ကားခေါင်မိုးပေါ်[illegible] ခုန်ချရန်ဖြစ်သည်။



မြေပြင်ထက်စာလျှင် ဒီလိုကားပေါ်ခုန်ချခြင်းက ပို၍အန္တရာယ် [illegible]င်းနိုင်သလို သိပ်လည်းမမြင့်သဖြင့် အဆင်ပြေလောက်သည်။ အဲ… [illegible]တော့ နည်းနည်းပိန်သွားလောက်သည်။ ပိန်ပါစေ။ သစ်ကိုင်းကြောင့် [illegible]သောနက်တစ်ခုလုံး ပိန်နေတဲ့ဟာပဲဟာ။ ခု ခေါင်မိုးပါထပ်ပိန်တော့လည်း [illegible]ဖြစ်လဲပေါ့။ ထို့ကြောင့်…

'အဖေ… သား ကားခေါင်မိုးပေါ်ကို ခုန်ချလိုက်မယ်'

'အာ… ဟေ့ကောင် ငါ့ကား ပိန်သွားမှာပေါ့ကွ'

'မြေပေါ်ခုန်ချရင် သား ခြေထောက်တွေ မသန်မစွမ်းနဲ့ ပိန်ပိန် [illegible]ဖြစ်သွားမှာကိုတော့ အဖေ မစဉ်းစားဘူးလား'

ဦးမြင့်အောင် ခေါင်းကို တဖြင်းဖြင်းကုတ်သည်။ သားနှင့်ကားကို [illegible]ထဲ၌ ချိန်ခြားပစ်လိုက်ပြီး သက်ပြင်းချကာ…

'အေးကွာ၊ လုပ်… လုပ်… ခုန်… ခုန်… ဒါပေမဲ့ ညင်ညင် [illegible]သာတော့ ခုန်ပါကွာ'

'စိတ်ချပါ အဖေရ'

ထိုသို့ပြောပြီး မိုးစက် ကားခေါင်မိုးပေါ်သို့ ဘုရားတကာ ခုန် [illegible]လိုက်သည်။

'ဒုန်း'

'ခွမ်… ဂလွမ်'

မိုးစက် ဘာမှမဖြစ်ပါ။

ကားသည်သာ ခေါင်မိုးပိန်သွားပြီး ရှေ့လေကာမှန်လည်း ကွဲ [illegible]သွား၏။ ထို့နောက်တော့ မိုးစက် ကားခေါင်မိုးပေါ်က သက်တောင့် [illegible]သာ ဆက်လက်ခုန်ဆင်း၍ အဖေဖြစ်သူထံသို့ လျှောက်သွားလိုက်၏။

ဦးမြင့်အောင် မိုးစက်ကို ကြည့်မနေပါ။ သူတွေတွေကြီး ကြည့်နေ [illegible] ရုပ်ပျက်ဆင်းပျက် ဖြစ်၍သွားသော သူ့ကားကိုသာ ဖြစ်၏။

မိုးစက်က ကားကို တစ်ချက်စောင်းငဲ့ကြည့်၍…

'ဒါတွေက အနိစ္စသဘောပါ အဖေရာ၊ ဖြစ်ပြီးရင်ပျက်[illegible]က [illegible]ပဲလေ၊ ဟော… ခုကြည့်စမ်း၊ ခုနကမှ လှလှပပခန့်ခန့်ညားညားရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထားကြီးက ခုဓာချက်ချင်းမှာ ယိုယွင်းပျက်စီးသွားပြီ၊ ဒီသဘောတွေကို အဖေ ရှုမြင်တတ်ရင် တရားတောင်မှ ပေါက်သွားနိုင်တယ်နော် ဟင်း… ဟင်း'

ဦးမြင့်အောင်က မိုးစက်အား ဘုကြည့်ကြည့်၍…

'မင်း ပြောလို့ပြီးသွားပြီလား'

'ပြီးပြီ အဖေ၊ ပြီးပြီ'

'အေး… ဒါဆို ဒီကားကို ပြင်ဆင်တဲ့ စရိတ်ကို မင်း မုန့်ဖိုးထဲက

နေ ငါ ပြန်ဖြတ်မယ်'

မိုးစက် မျက်လုံးပြူးသွားပြီး…

'အာ… အဖေကလည်း မလုပ်ပါနဲ့ဗျ'

'လုပ်မှာပဲ၊ ငါ ဒီကားကို ဝယ်ထားတာ တစ်ပတ်တောင်မှ မ

သေးဘူးကွ၊ခုတော့ အော်… ပျက်ကုန်ပြီ'

ဦးမြင့်အောင် ပြောတဲ့ အော်ဆိုတာက အော်ရီဂျင်နယ်ကို အ

ကောက်ပြောတာပါ။ ဒါပေမဲ့ မိုးစက်က အဓိပ္ပာယ်ပေါက်လွဲသွားပြီး…

'အဖေ့ကားက အော်ပြီးပျက်တယ်ဆိုတော့ တိတ်တိတ်ကလေးပျ

တာတို့ ဘာတို့ရော ရှိလားဟင်'

'အာ… ဒီကောင် ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမှာ ငါလ

ရင်းကိစ္စကိုပဲ ပြောတော့မယ်၊ မင်း အခု နောင်တရနေပြီလား'

'ရတာပေါ့ အဖေရယ်၊ သား နောက်ဆို ဘယ်တော့မှ သစ်

တက်မခုတ်တော့ဘူး'

'ဟော့ကောင်… ငါ အဲဒါကို မေးနေတာ မဟုတ်ဘူးကွ၊ မင်း

ငါ အိမ်ပေါ်ကနေ နှင်ချထားတဲ့ကိစ္စကို မေးနေတာ'

'သြော်… ဒါလား၊ အင်း… ရတော့ရချင်နေသလိုပဲ'

အမှန်တော့ ရကိုရနေတာပါ။ ပိုက်ဆံလည်းမရှိသလို နေရထိုင်

တာကလည်း အဆင်မပြေတဲ့ဟာ။ ဦးမြင့်အောင် ခေါင်းညိတ်၍…

'အေး… အဲဒီလို ရစေချင်လို့ပဲ ငါက မင်းကို အကြောင်း

အကြောင်းရှာပြီး အိမ်ပေါ်က နှင်ချလိုက်တာ၊ ဟင်း… ဟင်း'





ထိုအခါမှ မိုးစက် သဘောပေါက်သွားပြီး…

'နေပါဦး အဖေ့ကို အဲဒီအကြံ ဘယ်သူပေးတာလဲ'

'ဘယ်သူမှ မပေးဘူး၊ ငါ့ဘာသာ မြန်မာကားတွေထဲကအတိုင်း

တုပ်လုပ်လိုက်တာ'

'ဖြစ်မှဖြစ်ရလေ အဖေရယ်'

'ကဲပါ၊ မင်း နောင်တရနေပြီဆိုတော့ ငါနဲ့ ပြန်လိုက်ခဲ့ပေတော့'

'သား ဒီလိုကြီးတော့ ပြန်မလိုက်နိုင်ဘူး အဖေ'

ထိုသို့ပြောလိုက်ရာ ဦးမြင့်အောင်က တွေခနဲဖြစ်သွားပြီး မိုးစက်

ကြောင်ကြောင်ကြည့်ကြည့်ကြည့် လေသံဖြင့်…

'ဒီမှာ ငါ့သား တစ်လောကလုံး ပြေးကြည့်မှ ဒီသားအဖနှစ်

ယောက်တည်းရှိတာပါကွာ၊ သားက ငယ်ငယ်ကတည်းက မိဘဆိုးလေးဖြစ်

သွားလို့ အဖေ နောက်အိမ်ထောင်တောင်မှ မပြုခဲ့ဘဲနဲ့ သားအပေါ်ကို

မေတ္တာတွေ အားလုံးပုံပြီးချစ်ခဲ့တာကို သား အသိဆုံးပါ၊ သားကို အိမ်ပေါ်

က နှင်ချခဲ့တာကလည်း သားကောင်းဖို့အတွက် အဖေ ရင်နာနာနဲ့လုပ်ခဲ့

တာပါ သားရယ်၊ ဒါကို သားက အဖေ့ကို စိတ်နာပြီး အိမ်ကိုပြန်မလိုက်

ဘူးဆိုတော့ အဖေ တကယ်ကို ဝမ်းနည်းမိတယ်ကွာ'

ဟု မျက်ရည်တဝိုင်းဝိုင်းဖြင့် ပြောလိုက်ရာ မိုးစက် ခေါင်းကို

ခြင်းခြင်းကုတ်၍…

'အာ… အဖေကလည်း မြန်မာကားတွေထဲကအတိုင်း လျှောက်

ပြောနေပြန်ပြီ၊ သား ဒီအတိုင်းပြန်မလိုက်နိုင်ဘူးဆိုတာက အဖေ့ကားကြောင့်

ပြောနေတာ၊ ကားကြီးက ဒီလောက်စုတ်ပြတ်နေတဲ့ဟာကို ဘယ်လိုလုပ်ပြီး

စီးရမှာလဲ၊ ဒါကြောင့်တက္ကစီနဲ့ ပြန်မယ်လို့ ပြောမလို့ဟာကို'

ထိုသို့ပြောလိုက်မှ ဦးမြင့်အောင် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး…

'သြော်… ဒီလိုလား၊ သိဘူးလေကွာ၊ မင်းက ပြန်မလိုက်နိုင်ဘူး

ပြောလိုက်တော့ ငါလည်း မြန်မာကားတွေထဲကအတိုင်းဖြစ်ပြီထင်ပြီး

မြန်မာကားတွေထဲကအတိုင်း ပြောမိတာပေါ့ကွ၊ အဟင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ရမယ် အဖေရာ'

ဒီလိုနှင့် မိုးစက်တစ်ယောက် နောက်တိုးတို့မိသားစုကို နှုတ်ဆ
ကာ တက္ကစီငှား၍ အိမ်သို့ ပြန်ရောက်လာခဲ့သည်။

'သားလိမ္မာတွေဆိုတာ ဒီလိုပဲလေ'

□ □ □



## အခန်း(၇)

ထိုနောက်ပိုင်း အိမ်ကိုပြန်ရောက်သွားပြီးနောက် မိုးစက်တစ်ယောက် ကိုယ့်အနေအထိုင်များကို တတ်နိုင်သလောက် ဆင်ခြင်ပါသည်။ ယခင်က ဲ့ ယောင်ခြောက်ဆယ် လုပ်၍မနေတော့ဘဲ အဖေဖြစ်သူ၏ အလုပ်များကို ည်း တတ်နိုင်သလောက် ကူညီလုပ်ကိုင်ပေးသည်။ ပြောရရင်တော့ က်တစ်ယောက် ဘဝသင်ခန်းစာများကို နည်းနည်းပါးပါး ရသွားခဲ့သည် ပေါ့။

အဲ... တစ်ခါတစ်ရံကျရင်တော့ ဘာကြောင့်မှန်းမသိ ကိုယ့်ကို တွေ့တိုင်း စွတ်စွဲလေ့ရှိတတ်သော ဟိုင်တီမလေးကို သတိရမိနေသည်။ ဒီင်တီမလေးရော ကိုယ့်ကိုများ သတိရနေမလားဘဲ။ ရတော့ရနိုင်သည် င်သည်။ ဘာကြောင့်လဲဆိုတော့ ဟိုနယူတန်ဆိုသည့် ပုဂ္ဂိုလ်ကြီးပြော တားက ဘာတဲ့ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုဆိုတာ ရှိပါသည်တဲ့။ အကယ်၍များ သူ ကိုယ့်ကို သတိပြန်မရဘူးဆိုရင် ဒီပုဂ္ဂိုလ် ကြီး လိမ်ရာကျသွားမည်ပေါ့။ ထို့ကြောင့် ကိုယ့်ကို မိနက်ကလေးတန်မှ သတိရနေမည်ဖြစ်သော ဒီင်တီမလေးကို သနားမိချင်သလို ဘာလိုလိုပင် ဖြစ်လာမိ၏။

တစ်ရက်တွင် မိုးစက် အဖေဖြစ်သူ၏ စေခိုင်းချက်အရ ဘဏ်တွင် ငိုက်ဆံအပ်ရန်အတွက် ကိုယ့်ကားကိုယ်မောင်းကာ ထွက်လာမိ၏။ ဘဏ် ရှေ့သို့ရောက်သောအခါ ကားပါကင်ဝင်ရန် အခက်အခဲဖြစ်နေစဉ်အချိန်တွင်

www.burmeseclassic.com



ထားလေးတစ်စီး ခေါင်းထွက်သွားသဖြင့် ၄င်းနေရာကို အလျင်အမြ ဝါထင်ဝင်ထိုးလိုက်သည်။ တံခါးကို လော့ချပြီး အပြင်သို့ ထွက်လိုက်ပြီး ထားတံခါးကိုပိတ်လိုက်ပြီးပြီးချင်းအချိန်မှာပင် ကိုယ်အမှားကြီးတစ်ခု ကျူးလွန်လိုက်မိပြီဆိုတာကို သိလိုက်ရလေတော့သည်။

ဒါက ကားထဲတွင် သော့ရော ငွေအိတ်ပါ ကျန်နေခဲ့ခြင်းကြောင့် ဖြစ်၏။ တံခါးက လော့ကျသွားပြီ။

'အာကွာ၊ ဒုက္ခပါပဲ'

ထိုသို့အသံထွက်အောင်ပင် ညည်းညူမိလိုက်၏။ ကိုယ့်ရဲ့ပေါ့ ပေါ့ဆနေတတ်သော အကျင့်က ဒုက္ခပေးသွားခြင်းဖြစ်သည်။

'တောက် ငါကိုက မဟုတ်တာ ဟင်း'

ထိုသို့ မကျေမနပ်ဖြင့် ရေရွတ်မိနေစဉ် အချိန်တွင် ၄င်းမြင်ကွင်း အစအဆုံးမြင်တွေ့နေဟန်တူသော ဘဏ်လုံခြုံရေးဝန်ထမ်းကလေးက အနား သို့ ရောက်လာပြီး...

'ကျွန်တော် ဘာကူညီပေးရမလဲ အစ်ကို'

'အေးကွာ၊ ငါက မေ့ပြီး တံခါးကို လော့ချပိတ်မိလိုက်တာ သော့ရော ဘဏ်ကိုအပ်မဲ့ပိုက်ဆံတွေရောဏာ အထဲမှာ ကျန်ခဲ့လို့'

ဘဏ်လုံခြုံရေးဝန်ထမ်းကလေး နားလည်သွားဟန်ဖြင့် ခေါင်း ညိတ်၍...

'ဒီလိုလုပ်ပါလား အစ်ကို၊ မှန်ကိုခွဲလိုက်ပါလား'

'အာ... မလုပ်ပါနဲ့ကွာ၊ ဟိုတစ်ရက်ကပဲ ငါကြောင့် ကားတစ်စီး လုံး ကြေသွားပြီးပြီ၊ ခုမှန်ကိုထပ်ခွဲရင် ငါ့အဖေ ငါ့ကို သတ်လိမ့်မယ်ကွ'

ထိုသို့ပြန်ပြောလိုက်စဉ်တွင် လုံခြုံရေးကထပ်၍...

'ဒါဆိုရင် အစ်ကို့အဖေ မမြင်အောင် ခေါင်မိုးပေါ်က သံပြားကို အပေါက်ဖောက်လိုက်ပါလား'

'ဖြစ်ရမယ်၊ မင်းကနော်... ငါ့ကားကို တော်တော်မေတ္တာထားပုံရ တယ်'

'အဟီး... ကျွန်တော်က အကောင်းနဲ့ အကြံပေးတာပါ အစ်ကိုရ'

'တော်ပါတော့ ရွှေညာဏ်ရှင်ရယ်၊ ငါ့ဘာသာစဉ်းစားပါဦးမယ်'

ထို့နောက်တော့ မိုးစက် ကားကိုလှည့်ပတ်ကြည့်၍ကားထဲတွင်ရှိ သော သော့ကို ဘယ်လိုယူလျှင် ကောင်းမလဲဟု အကြံထုတ်သည်။ အကြံ ထုတ်သောအခါ အကြံပေါ်ပါသည်။

ဖြစ်ပုံမှာ ကားမှန်ကို အဆုံးထိ မတင်ထားမိခြင်းကြောင့် အပေါ် တွင် လက်နှစ်လုံးလောက် ဟနေခြင်းကို တွေ့ရသည်။ ၄င်း ဟနေ သော အပေါက်မှ သွပ်နန်းကြိုးဖြင့် ထိုး၍ ကားသော့ကို လှမ်းချိတ်လျှင် ပြဿနာချေက ရာနှုန်းပြည့်နီးပါးဖြစ်သွားနိုင်သည်။ ထို့ကြောင့် မိုးစက် သောအားရဖြင့် ရွှေညာဏ်ရှင်အား...

'ဟေ့ကောင်... ငါ့ကို သွပ်နန်းကြိုးရှည်ရှည်တစ်ချောင်းလောက် ပေးလို့ ရမလား'

'ဘာလုပ်မလို့လဲ အစ်ကို'

'ရှာသာရှာခဲ့စမ်းပါကွာ၊ ပြီးတော့မှ သိရမှာပေါ့'

ထိုသို့ ခပ်ဆတ်ဆတ် ပြောလိုက်မှ ငတိ ဘာမှဆက်မမေးတော့ အနားမှ ထွက်သွားသည်။ ခဏမျှကြာသောအခါ သွပ်နန်းကြိုးတစ် ချောင်းကိုင်၍ ပြန်ရောက်လာ၏။

ထိုအခါ မိုးစက်က ၄င်းသွပ်နန်းကြိုးကို အဖျားတွင် ခပ်ကောက် ကောက် ပြုလုပ်၍ ဟနေသော မှန်ကြားထဲမှ လှမ်းထိုးထည့်လိုက်၏။

ထိုအခါမှ ရွှေညာဏ်ရှင်က သဘောပေါက်သွားပုံရပြီး...

'အဟား... ကြည့်စမ်း၊ အစ်ကိုက ကျွန်တော့်ထက်တောင်မှ ညာဏ်ကောင်းသေးတယ်'

ဖြစ်ရမယ်၊ ပြောပါစေ ကျေးဇူးရှင် စိတ်ချမ်းသာရင် ပြီးရော...

ထို့နောက် မိုးစက် သော့ကိုလှမ်းချိတ်နေစဉ်အချိန်တွင် ရွှေညာဏ်ရှင် က...

'အစ်ကို ကျွန်တော့်နေရာ ပြန်လိုက်ဦးမယ်နော်၊ လိုအပ်ရင် လှမ်း ခေါ်လိုက်'

'သြော်... အေး... အေး'



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ညာဏ်ရှင် ထွက်သွားပြီးနောက် မိုးစက်တစ်ယောက်တည်း သော့ကို သွပ်နန်းကြိုး၌ ချိတ်မိစေရန် ကြိုးစားသည်။

ပထမတစ်ခါမရ။ ဒုတိယတစ်ခါ အဆင်မပြေ။ အဲ... တတိယ တစ်ခါတော့ အောင်မြင်စွာ ချိတ်လိုက်နိုင်သည်။

ထိုမြင်ကွင်းကို တစ်စုံတစ်ယောက်က စူးစိုက်စွာ စောင့်ကြည့်နေ၏။

ထို့နောက် မိုးစက် သွပ်နန်းကြိုးကို အသက်အောင့်၍ ဖြည်းညှင်းစွာ ဆွဲသည်။ ချိတ်မိနေသော သော့က ပြုတ်ကျမလိုလို ဘာလိုလိုဖြစ်သွား သေး၏။

နောက်တော့လည်း အောင်မြင်စွာဖြင့် သော့ကို ထုတ်ယူနိုင်လိုက် ပါသည်။

'အဟား... ငါကွ၊ ဘာမှတ်လဲ၊ ဟင်း... ဟင်း'

ထိုသို့ဖြင့် နောက်ပိုင်းကိစ္စများသည် လွယ်ကူသွားပါသည်။ ကား တံခါးကို သော့ဖြင့်ဖွင့်သည်။ ပြီးတော့ နောက်ခန်းထဲရှိ ငွေအိတ်ကိုဆွဲယူ လိုက်စဉ်အချိန်တွင် နောက်ဘက်မှခပ်ကြွတ်ကြွတ်လေသံဖြင့်...

'ရှင်... ရှင်... တော်တော်အတင့်ရဲတဲ့လူပါလား'

'ဟင်'

□ □ □

လူ့လောကကြီးတွင် တိုက်ဆိုင်မှုဆိုသော ကံအကြောင်းတရား သည် ခံစားမှုမျိုးစုံကို ပေးစွမ်းနိုင်စွမ်းရှိသော အရာတစ်ခုဖြစ်သည်။ လူ တစ်ယောက်သည် အကြောင်းအရာတိုက်ဆိုင်မှုကြောင့် ပျော်ရွှင်ခြင်း၊ ဝမ်း နည်းခြင်း၊ ကြောက်ခြင်း၊ နာခြင်း၊ စိတ်ညစ်ခြင်း၊ ပီတိဖြစ်ခြင်း စသည် စသည်ဖြင့် စိတ်ခံစားမှုမျိုးစုံကို ခံစားရနိုင်ပါသည်။

ယခုလည်း မိုးစက်နှင့် သဒ္ဒါရုံဆိုသော မိန်းကလေးတို့သည် ရေစက်တစ်ခုကြောင့် မကြာခဏ တိုက်ဆိုင်စွာ တွေ့ဆုံခဲ့ကြသော်လည်း ဤသို့ တွေ့ဆုံတိုင်း တွေ့ဆုံတိုင်း သဒ္ဒါရုံက မိုးစက်အား တစ်ကြောင်း မဟုတ် တစ်ကြောင်းဖြင့် အထင်အမြင် လွဲစရာချည်းသာဖြစ်၍နေခဲ့ပါ သည်။





ယခုလည်း သဒ္ဒါရုံ မိုးစက်အား မြင်တွေ့လိုက်ချိန်သည် မိုးစက် က ကားထဲမှ သော့ကို လှမ်းယူနေချိန်ဖြစ်သည့်အတွက် သဒ္ဒါရုံက မိုးစက် အား အဝီအကျပင် တစ်မျိုးမြင်သွားသည်။

မိုးစက်ကတော့ မတွေ့ရတာ ရက်အနည်းငယ်ကြာပြီဖြစ်သော သဒ္ဒါရုံအား တွေ့မြင်လိုက်ရခြင်းကြောင့် ပျော်သွားပါသည်။

'ဟာ... မင်းပါလား၊ ဘယ်ကိုလာတာလဲ'

ထိုသို့ဝမ်းသာအားရ နှုတ်ဆက်လိုက်သော်လည်း သဒ္ဒါရုံက မျက်နှာထားတင်းတင်းဖြင့်...

'ကျွန်မဘာသာ ဘယ်ကိုလာလာ ရှင့်အပူမပါဘူး'

ဟု ပြောပြီး လေသံကိုနိမ့်လိုက်ကာ...

'ဒီမှာ ကိုအဖွာ... ရှင် ဒီလိုအလုပ်တွေ မလုပ်ပါနဲ့တော့၊ ဘုရား ကြိုက်၊ နတ်မကြိုက် အလုပ်တွေပါရှင်၊ သေရင်လည်း သံသရာအတွက် အကောင်းပါဘူး'

ထိုသို့ ရုပ်တည်ကြီးဖြင့် တရားဟောနေသဖြင့် မိုးစက် ကြောင်စီစီ ဖြစ်သွားပြီး...

'ဟာ... ဟေ့... မင်း ဘာတွေလာပြောနေတာလဲ၊ ငါက ဘာလုပ်နေလို့လဲ'

'ကြည့်... ရှင်ကလေ... ဘယ်လိုပြောပြော နားမလည်ပါလား၊ ဒီမှာ ရှင့်ကို ကျွန်မ ရှင်းရှင်းပဲပြောမယ်၊ ရှင်အခုလုပ်နေတဲ့ အလုပ်ကို ရုပ်တန်းက ရပ်ပြီး ဒီပိုက်ဆံတွေကို သူ့နေရာသူ ပြန်ထားလိုက်ပါ၊ ဒီလိုမှ မလုပ်ရင် ကျွန်မ ပတ်ဝန်းကျင်သိအောင် ပြောလိုက်မယ်'

ထိုသို့ စေတနာပဲရှိသလိုလို ခြိမ်းပဲခြောက်သလိုလို လေသံမျိုးဖြင့် ပြောနေသော်လည်း မိုးစက် နားမရှင်းသေးပါ။ တန်တော့ ဒီကောင်မလေး သေးမှားသောက်လာပြီနဲ့ တူတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ မင်းပြောတာကို ငါနားမလည်ဘူး၊ ငါက ဘာကိစ္စပိုက်ဆံ
အိတ်ကို ပြန်ထားရမှာလဲ'

'ကျွတ်··· ရှင်ဟာလေ ထားဆိုပြန်ထားလိုက်ပေါ့၊ မြန်မြန်သာ
ပြန်ထားလိုက်၊ ကျွန်မ ကွယ်ပေးထားမယ်'

'ဟော'

သူတောင် ကွယ်ပေးထားဦးမယ်ဆိုပါလား။ ခက်တော့တာပဲ
ဒီကောင်မလေး···

'ဒီမှာ··· မင်း ရူးများရူးနေပြီလား'

'ရှင်··· ရှင်··· ဘာစကားပြောတာလဲ'

'ဟ··· ဒီပိုက်ဆံကို ဒီလိုပြန်ယူနိုင်ဖို့ ငါ ဘယ်လောက်ထိ
ခေါင်းခြောက်ခဲ့ရသလဲ မင်းသိလား'

'သိတယ်၊ ရှင် သွပ်နန်းကြိုးသုံးပြီး ကားတံခါးကို ရအောင်ဖွင့်
နေတာလေ'

'အေးလေ၊ အဲဒါဆိုရင် မင်း ငါ့ကိုဘာတွေလာပြောနေတာလဲ'

ငတိမလေး စိတ်မရှည်တော့ဟန်ဖြင့်···

'ရှင် ဇွလည်ကြောင်ပတ်တွေ လာလုပ်မနေနဲ့၊ ဒီပိုက်ဆံအိတ်ကို
သူ့နေရာသူ ပြန်ထားမှာလား မထားဘူးလား၊ ဒါပဲပြော'

မိုးစက်လည်း စိတ်မရှည်တော့ခြင်းကြောင့်···

'မထားနိုင်ဘူးကွာ'

'ဩော်··· ရှင်က တော်တော်သတ္တိကောင်းနေတယ်ပေါ့လေ'

'မွေးရာပါကို ကောင်းတာ'

'ကောင်းပြီ၊ ဒါဆို ကျွန်မကလည်း ရှင့်ကို သနားမနေနိုင်တော့
ဘူး'

ဟုတ်သည်။ ဒီလူက ဘယ်လိုချွတ်ချွတ်ကျွတ်မဲ့လူမှ မဟုတ်တာ
ဒီတော့ သနားနေလည်း အပိုပေါ့။ ထို့ကြောင့် သဒ္ဒါရုံ ဟိုကြည့် ဒီကြည့်
လိုက်ကြည့်လိုက်သောအခါ မိမိတို့အား လှမ်း၍ရှုစမ်းနေပုံရသော ဘဏ်
လုံခြုံရေးဝန်ထမ်းအား တွေ့သွားပြီး လက်ယပ်လှမ်းခေါ်လိုက်သည်။





ထို့ကြောင့် ရွှေဉာဏ်ရှင်လုံခြုံရေးလေးသည် အူကြောင်ကြောင်
မျက်နှာပေးဖြင့် ရောက်လာပြီး···

'ကျွန်တော် ဘာအကူအညီပေးရမလဲ အစ်မ'

သဒ္ဒါရုံက လေသံမှန်မှန်ဖြင့်···

'သူ့ဆီက ပိုက်ဆံအိတ်ကို အရင်ယူလိုက် မောင်လေး'

'ဩော်··· ဟုတ်ကဲ့ အစ်မ'

မိုးစက်က အသာတကြည် လှမ်းပေးလိုက်၏။ ကိုယ်သယ်ရတာ
သက်သာတာကိုး။

ဒီလိုကျတော့လည်း ဒီငတိမ အလိုက်သိသားပဲ။ သဒ္ဒါရုံက
ဆက်၍ ရွှေဉာဏ်ရှင်အား···

'သူ အခုနက ဘာတွေလုပ်နေလဲဆိုတာကို ငါ့မောင်မြင်လား'

ကားသော့ကျန်ခဲ့တာကိုပြောတာထင်သည်။ ထို့ကြောင့်···

'ဟုတ်ကဲ့ မြင်ပါတယ် အစ်မ'

'အေး··· ဒါဆိုရင် သူ့ကို သက်ဆိုင်ရာကို အစ်မကိုယ်စား
ခေါ်သွားပေးလို့ရမလား'

သက်ဆိုင်ရာဆိုတာ ငွေအပ်တဲ့ သက်ဆိုင်ရာ ကောင်တာကို ပြော
တာထင်သည်။

'အာ··· ရပါတယ် အစ်မရဲ့၊ စိတ်ချပါ'

'အေး··· ဒါဆိုရင် သူ့ကို သေချာခေါ်သွားတော့'

'ဗျာ··· ဟုတ်ကဲ့'

မိုးစက်ဘက်သို့လှည့်ကာ···

'လာ အစ်ကို၊ လာ··· သွားကြရအောင်'

ဟု ပြောလိုက်ရာ အူတူတူဖြစ်နေသော မိုးစက် သတိဝင်လာပြီး···

'ဩော်··· အေး··· အေး'

ထို့နောက်တော့ မိုးစက် လုံခြုံရေးဝန်ထမ်းလေးနှင့်အတူ လိုက်ပါ
သွားသောအခါ သဒ္ဒါရုံ သက်ပြင်းမောချချဖြင့် ကျန်ရစ်ခဲ့လေသည်။

အထဲသို့ရောက်သောအခါ ရွှေဉာဏ်ရှင်က···



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ခုနက အစ်မက အစ်ကို့ရည်းစားလား'

'ဟာ… မဟုတ်သေးပါဘူးကွာ'

'မဟုတ်သေးဘူးဆိုတော့ နောင်ကျရင် ဟုတ်နိုင်ချေရှိလာနိုင်တယ် ဆိုပါတော့'

ထိုသို့ ပြုံးစိစိဖြင့် ပြောလိုက်ခြင်းကြောင့် မိုးစက်ပြီးစလွယ်လေသံဖြင့်…

'ဟုတ်တယ်ကွာ၊ ဟုတ်တယ်'

'အဟဲ… တွေ့လား၊ ကျွန်တော် ပြောရင် လွဲခဲပါတယ်၊ ခုမဟုတ်သေးဘူးဆိုရင်လည်း ဟုတ်သွားအောင် ကြိုးစားစမ်းပါ အစ်ကိုရာ၊ အစ်မလေးက အစ်ကို့ကို အရမ်းဂရုစိုက်တာဆိုတော့ ဖြစ်နိုင်ချေရှိပါတယ်'

ထိုသို့ ရွှေညာဏ်ရှင်ပြောတော့မှ မိုးစက်လည်း သွားစဉ်းစားမိသည်။ ဟိုငတိမက အစပိုင်းကတော့ ကိုယ့်ကို ဘာတွေမှန်းမသိ ပြောနေသေးသည်။ နောက်တော့ ကိုယ်သက်သာအောင်ဆိုပြီး လုံခြုံရေးဝန်ထမ်းလေးကို ခေါ်ပြီး ကူညီခိုင်းလိုက်သေးသည်။

ဒါက ဘာသဘောလဲပေါ့။

သူ့အဖေကို ကိုယ်ကူညီခဲ့တာကို ကျေးဇူးတွေ အရမ်းတင်သွားပြီး စိတ်ထဲမှာ ကိုယ့်ကို သဘောကျနေပြီထင်သည်။

'အင်း… လက်စသပ်တော့ ဒီငတိမလေး ငါ့အပေါ် မရိုးမသားစိတ်တွေ ဝင်နေပြီနဲ့တူတယ်၊ ဟီ… ဟီ… အေးပေါ့လေ၊ ငါကလည်း ရုပ်ကဖြောင့်တာကိုး၊ ကြွေချင်ပေမပေါ့၊ ကျွတ်… ကျွတ်… သနားလိုက်ပါဘိကွယ်'

□ □ □



## အခန်း(၈)

'ဒီမှာ ငါ့သား မိဘစကားကို နားထောင်ပြီး မိဘညွှန်ပြတဲ့လမ်းကို လျှောက်တဲ့ သားသမီးက ဘယ်တော့မှ ဒုက္ခမရောက်ပါဘူးကွာ'

'အဖေကလည်းဗျာ၊ မိဘလမ်းညွှန်တဲ့အတိုင်း လိုက်မလုပ်လို့ လောကကြီးမှာ ကောင်းစားသွားတဲ့ သားသမီးလည်း ရှိပါတယ်'

'ဟေ့ကောင်… ပေါက်ကရတွေ လာပြောမနေနဲ့၊ အဲဒါ ဘယ်သူ ရှိလို့လဲ'

'ဂေါတမဘုရားရှင်လေ'

'မင်း'

ဦးမြင့်အောင် ဘာပြောလို့ပြောရမှန်း မသိဖြစ်ကာ မိုးစက်အား ချက်လုံးပြူးပြီး လှမ်းကြည့်၏။

ဖြစ်ပုံမှာ မိုးစက်က ယခင်အချိုးတွေကို နိုင်သလောက်ပြင်ပြီးနေသော်လည်း အဖေဖြစ်သူ ဦးမြင့်အောင်က ကောင်းကောင်းမွန်မွန်လေးဟု ဘုပြောလေ့ရှိသော သူ့မိတ်ဆွေ၏သမီးနှင့် ပြန်ပြီးတိုက်တွန်းနေခြင်းသာဖြစ်၏။

မိုးစက်၏ ပြန်လှန်ပြောဆိုလိုက်သော စကားကြောင့် နဝေတိမ်တောင်ဖြစ်သွားသော ဦးမြင့်အောင်မှာ ခဏကြာမှ ကိုယ့်ကိုယ်ကိုယ် အခင်ဘစ်ယောက်ဟု သတိရသွားပြီး ဖခင်တို့၏ အရှိန်အဝါကိုသုံး၏…

'ဒီမှာ ဟေ့ကောင်… မင်း စကားတတ်တိုင်း လျှောက်ပြောမနေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သား ထိုင်ပြီးပြောနေတာလေ'

'အာ... ဒီကောင်ကွာ၊ နေစမ်းပါဦး၊ မင်းက လူလည်းမမြင်ဖူးသေးဘဲနဲ့ ဘာကိစ္စ ဒီလောက်ထိ ငြင်းနေရတာတုန်း'

'လူမမြင်ဘူးသေးပေမယ့် အဖေဒီလောက်ထိ ညွှန်းနေကတည်းက တစ်ခုခုတော့ လွဲတော့မယ်ဆိုတာ သိလို့ သားက ကြိုငြင်းနေရတာ'

'အောင်မာ ငါ့များအထင်သေးလို့၊ မင်းသွားပဲကြည့်လိုက်ပါဦး။ ဟိုကကောင်းကောင်းမွန်မွန်လေး'

မိုးစက် သက်ပြင်းချမိသည်။ မထူးတော့ ဒီလောက်ထိ တိုက်တွန်းနေမှတော့ အဖေ စိတ်ကျေနပ်သွားအောင် သူပြောသည့် ကောင်းကောင်းမွန်မွန်ဆိုတာလေးကို တစ်ခေါက်လောက်တော့ သွားတွေ့လိုက်မည်ဟု တွေးလိုက်မိသည်။

'ဒါဆိုလည်း ပြီးရော အဖေရာ၊ သား သွားတွေ့လိုက်မယ်၊ အဲ... တွေ့မယ်လို့ပဲ ပြောတာနော်၊ လက်ခံလိုက်တာ မဟုတ်ဘူး၊ အဖေ စကားတွေ မလွန်စေနဲ့'

ထိုသို့ ပြောလိုက်မှ ဦးမြင့်အောင်၏ မျက်နှာပြုံးသွားပြီး...

'အေး ဒီလိုမှပေါ့ကွ၊ တွေ့ပြီးသွားရင်တော့ မင်း သဘောကျမှာ သေချာပါတယ်'

'ဟုတ်ပါပြီ အဖေရယ်၊ ဒါနဲ့ သူ့နာမည်က ဘယ်သူလဲ'

ထိုသို့မေးလိုက်ရာ ဦးမြင့်အောင်က ကြည်လင်စွာပြုံးပြီး...

'ဒီကလေးမလေး နာမည်က ရှုပါရုံတဲ့ကွ'

□ □ □

ငြိမ်သက်နေသော တိုက်ပုလေးတစ်လုံး၏ ခြံတံခါးရှေ့သို့ မိုးစက်ရောက်လာခဲ့သည်။ ဒါက အဖေပြောလိုက်သည့် ရှုပါရုံ၏ နေအိမ်။ ခြံတံခါးသံတိုင်ပေါက်မှနေ၍ မိုးစက် အိမ်ထဲသို့ ပြူးပြဲကြည့်မိလိုက်ချိန်တွင် ခြံဘေးဘက်ရှိ အိမ်ပြတင်းပေါက်နားတွင် လူတစ်ယောက် ဟိုကြည့်ဒီကြည့်လုပ်နေခြင်းကို တွေ့လိုက်ရသဖြင့် မိုးစက်က...





'ဟေ့လူ... ဟေ့လူ... တံခါးလာဖွင့်ပါဦး'

ထိုသို့ မိုးစက် အော်ခေါ်လိုက်သံကို ထိုလူကြားသွားပုံရပြီး ထိတ်လန့်သွားဟန်ဖြင့် လှမ်းကြည့်သည်။ မိုးစက်က ထပ်၍...

'ဒီမှာ တံခါးလာဖွင့်ပါဗျို့'

ထိုသို့ပြောလိုက်သော်လည်း တံခါးလာမဖွင့်သည့်အပြင် အိမ်နောက်ဘက်သို့ပင် ခပ်သုတ်သုတ်ပြန်၍ပျောက်သွား၏။

'အာ... ဒီလူ ဘာလဲကွာ'

မိုးစက် စိတ်ထဲတွင် တင်းခနဲဖြစ်သွားပြီး ထပ်၍အော်ခေါ်ရန်ဖြင့်လိုက်ပြီးမှ ခြံဝရှိ လူခေါ်ဘဲလ်ကို မြင်လိုက်ရသဖြင့် အားရပါးရ နှိပ်ချလိုက်သည်။

'တီးတောင်... တီးတောင်... ဂီး... ဂီး'

ပထမတီးတောင်... တီးတောင်ဆိုသည့်အသံမှာ သာမန်ပင်ဖြစ်သော်လည်း နောက်ဗာ ဂီး... ဂီးဆိုသော အသံကြီးက ဘာကြီးမှန်းလည်း မသိပါ။ သို့ရာတွင် အိမ်ထဲမှတစ်စုံတစ်ယောက်တော့ ထွက်လာသည်။ မိုးစက်က အသံကိုမြှင့်၍...

'ခြေသံသည်ဗျို့၊ ခြေသံသည်၊ အလှူခံမဟုတ်ဘူး၊ တံခါးလာဖွင့်ပေးပါဦး'

မိန်းကလေးတစ်ယောက် ထွက်လာသည်။ အနားသို့ရောက်၍ လှလုံးသဲကွဲသွားသောအခါ မိုးစက် အံ့အားသင့်သွားမိ၏။

'ဟာ... ဟိုငတိမလေးပါလား'

မိုးစက် ရေရွတ်လိုက်သည်။ ဟိုငတိမလေးဆိုတာက ကိုယ့်ကို အမျိုးမျိုးစွပ်စွဲတတ်တဲ့ ကောင်မလေးကို ပြောတာပါ။ ဒါပေမဲ့ အနားသို့ ခြေတစ်လှမ်းအကွာသို့ ရောက်လာသောအခါ ဒါ ဟိုငတိမလေး မဟုတ်ဘူးဟု စိတ်ထဲက ကွဲကွဲပြားပြား သိမြင်သွားလေသည်။

ဟိုငတိမလေးက ဆံပင်အနည်းငယ်တို၍ သူက ဆံပင်ရှည်သည်။ ဟိုငတိမလေးမျက်ဝန်းက မာကျော၍ စူးရှသည်။ သူမ၏ မျက်ဝန်းက နူးညံ့ပျော့ပျောင်းသည်။ ဒါပေမဲ့ မျက်နှာသွင်ပြင်နှင့် ခန္ဓာကိုယ်အချိုးအစားက



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီးကို ဆင်သည်။ သို့ပေမဲ့ ခွဲခြားရတာလည်း လွယ်နေပြန်သည်။ အဘယ်ကြောင့်ဆိုရသော် ဟိုငတိမလေး ပုံစံက ကြည့်လိုက်သည်နှင့် ထက်မြက်သွက်လက်မှုန်း ထင်းခနဲ သိနိုင်ပြီး သူမပုံစံကတော့ ကြည့်လိုက်သည်နှင့် နူးညံ့အေးချမ်းမှုန်း သိနိုင်သည်လေ။ ပြောရရင် နှင်းဆီနီနှင့် နှင်းဆီဖြူ ကွာခြားသလို သဏ္ဍာန်တူပြီး အဆင်းကွဲပြားနေသည်ပေါ့။ သူမက မိုးစက်အား ဇဝေဇဝါပုံစံဖြင့် ကြည့်ပြီး…

'ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်'

'ဩော်… မရူပါရုံနဲ့ တွေ့ချင်လို့ပါ'

ကောင်မလေး မျက်လုံးဝိုင်းသွားပြီး…

'ရှင်… ကျွန်မနဲ့ တွေ့ချင်လို့'

'ဩော်… ခင်ဗျားက မရူပါရုံလား'

'ဟုတ်ပါတယ်'

'ကျွန်တော်က ဦးမြင့်အောင်ရဲ့သားပါ၊ မိုးစက်လို့ ခေါ်ပါတယ်'

ကောင်မလေး၏ မျက်နှာရဲခနဲဖြစ်သွား၏။ ကြည့်ရတာ သူမလည်း မိမိတို့အနေအထားကို တစွန်းတစ သိထားပုံရ၏။ ထို့ကြောင့် ဘာစကားမှ ထပ်၍မပြောတော့ဘဲ ခေါင်းကြီးငုံ့ကာ တံခါးဖွင့်ပေးသည်။ ခြံထဲသို့ရောက်သောအခါ မိုးစက်က…

'မရူပါရုံ… ဂီး… ဂီး… ဆိုတာ ဘာသံလဲဗျ'

'ရှင်'

ရူပါရုံ မျက်လုံးဝိုင်းဝိုင်းလေးဖြင့် မိုးစက်အား အူတူတူကြည့်သည်။

'ဩော်… ကျွန်တော် လူခေါ်ဘဲလ်နှိပ်လိုက်တုန်းက ပထမ တီးတောင် တီးတောင်လို့ မြည်ပြီးနောက်က ဂီး… ဂီးဆိုတဲ့အသံကိုပါ ထပ်ကြားရလို့ မေးတာပါ'

ထိုသို့ပြောလိုက်မှ ရူပါရုံ သဘောပေါက်သွားဟန်ဖြင့်…

'အဲဒါက ဟိုလေ လူခေါ်ဘဲလ်က သိပ်မကောင်းလို့ပါ'

'ဩော်… ဒါဆို ပြင်ထားလေ'





'ရှင်… ဟုတ်ကဲ့'

ထို့နောက်တော့ မိုးစက်ရှေ့မှ ဦးဆောင်ကာ အိမ်ထဲသို့ ဝင်သည်။ ရူပါရုံက နောက်မှခပ်ကုပ်ကုပ်ဟန်ဖြင့် လိုက်သည်။ မိုးစက်စိတ်ထဲတွင် ရယ်ချင်နေမိ၏။

ဒီကောင်မလေးပုံစံက အူတူတူနဲ့ဟ။ ဟီး… ဟီး။ အိမ်ထဲသို့ ရောက်သောအခါ မိုးစက်က ဆိုဖာခုံတစ်ခုတွင် ဝင်ထိုင်လိုက်ပြီး မတ်တတ်ကြီး ဖြစ်၍နေသော ရူပါရုံအား…

'ထိုင်လေ မရူပါရုံ'

'ရှင်… ဟုတ်… မထိုင်တော့ပါဘူး'

'ဒါဆို… ဘာလုပ်မှာတုန်း'

ရူပါရုံ အူတူတူထပ်ဖြစ်သွားသေး၏။ နောက်မှတစ်စုံတစ်ခုကို သတိရသွားပြီး …

'ကိုမိုးစက် အပူလား၊ အအေးလားဟင်'

'အပြင်မှာကတော့ ပူတယ်ဗျ။ ဒီအထဲရောက်တော့ အဲယားကွန်းနဲ့ဆိုတော့ အေးသွားပါပြီ'

'ကျွန်မက–အဲဒါကို မေးတာမဟုတ်ပါဘူး၊ ကိုမိုးစက် ကော်ဖီသောက်မလား၊ အအေးသောက်မှာလားလို့ မေးတာပါ'

အိမ်ရှင်ဝတ္တရား ကျေပွန်ပါသည်ပေါ့။

'အေးဗျာ၊ ဒါဆိုလည်း ရေတစ်ခွက်လောက်ပေးပါ'

'ရှင်'

'ဩော်… ရေထဲမှာ ဘာမှ မရောနဲ့နော်၊ ရေအရသာပျက်တယ်'

'ဟုတ်ကဲ့'

ရူပါရုံ ကြောင်စီစီဖြင့် ရေခပ်ရန် အိမ်ထဲသို့ ဝင်သွား၏။ ထိုအခါမှ မိုးစက် အားရပါးရ ပြုံးမိ၏။ အဟား တကယ့်ကို အူကြောင်ကြောင်လေးဟ။ ဒါကြောင့်မို့ အဖေက ကောင်းကောင်းမွန်မွန်လေးလို့ ပြောတာနေမှာ။ မဆိုးပါ။ ရိုးသားသူလို့ သိမ်မွေ့ပါ၏။ သို့ရာတွင် မိုးစက်စိတ်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



သဘောကျ အသိအမှတ်ပြုမိသော်လည်း ကိုယ်နဲ့မအပ်စပ်သလို ခံစားရသည်။

ကိုယ်က ပုပ္ပ၊ သူကအေးအေးဆိုတော့ နှစ်ယောက်ပေါင်းလျှင် ဗိုက်တွေနာကုန်ပေလိမ့်မည်။ ခဏကြာတော့ ရူပါရုံ ရေတစ်ခွက်ကိုင်၍ ပြန်ထွက်လာသည်။

မိုးစက်က…

'မရူပါရုံ သွားကြားထိုးတံတစ်ချောင်းလောက် ပေးလို့ရမလား'

'ရှင်… ဟုတ်… ဟုတ်ကဲ့'

ရူပါရုံ အူကြောင်ကြောင်ဖြင့် အိမ်ထဲဝင်သွားပြန်၏။ ပြီးနောက် သွားကြားထိုးတံလေးတစ်ချောင်းကိုင်ကာ ပြန်၍ထွက်လာသည်။

ထို့နောက်တော့ မိုးစက်က ရေခဲရေသောက်ပြီး သွားကြားထိုးကာ ရူပါရုံကတော့ ငှင်းမြင်ကွင်းကို အူတူတူဖြင့် ထိုင်ကာကြည့်နေပါတော့သည်။

ခဏကြာတော့ မိုးစက်က…

'မရူပါရုံတို့ရဲ့ ခြံစောင့်က နားမကြားတာလား၊ ဒါမှမဟုတ် အနေတာလား'

ထိုသို့မေးလိုက်ရာ ရူပါရုံ နဝေတိမ်တောင်ဖြင့်…

'ကိုမိုးစက် ဘာကိုပြောနေတာလဲ၊ ကျွန်မတို့အိမ်မှာ ခြံစောင့်မှ မရှိတဲ့ဟာ'

'ဟင်… ဒါဆိုရင် ကျွန်တော် ခုနက ခြံထဲမှာတွေ့ခဲ့တဲ့လူက ဘယ်သူလဲ'

'ရှင်… ခြံထဲမှာ တွေ့ခဲ့တဲ့လူ၊ ဟုတ်လား'

'ဟုတ်တယ်လေ၊ ကျွန်တော် လှမ်းခေါ်တာကို မကြားချင်ယောင်ဆောင်ပြီး နောက်ဘက်ကို ထွက်သွားတယ်'

ရူပါရုံ လန့်သွားဟန်ဖြင့် မျက်လုံးပြူးကာ ရင်ဘတ်ကိုဖိ၍…

'ဘုရားရေ… အိမ်မှာ ကျွန်မနဲ့ အမေပဲရှိတာ၊ အမေက ဈေးသွားနေတယ်ဆိုတော့ ကိုမိုးစက်တွေ့လိုက်တဲ့လူစိမ်းက ဘယ်သူလဲ'





ထိုသို့ ပြောလိုက်ခြင်းကြောင့် မိုးစက်လည်း စဉ်းစားရကြပ်သွား…

'ဒါဆိုရင် သူခိုးများလား မရူပါရုံ'

'အောင်မလေး… သူခိုးတဲ့၊ သူခိုးတဲ့'

မရူပါရုံ လန့်ဖြန့်ပြီး ထပြောလိုက်သောအခါ အခြေအနေတို့သည် …ချင်းကို လှုပ်ရှားသက်ဝင်သွားပါလေတော့သည်။

ချက်ချင်းပင် ရူပါရုံ မိုးစက်အနားသို့ ရောက်လာပြီး အားကိုး…ကြီးဖြင့်…

'လုပ်ပါဦး ကိုမိုးစက်ရယ်၊ လုပ်ပါဦး'

'အာ… ကျွန်တော်က ဘာလုပ်ရမှာလဲ'

'သူခိုးကို ဖမ်းပေးလေ'

'အင်း… ဒီအချိန်လောက်ဆိုရင်တော့ ထွက်သွားလောက်ပြီထင်…တယ်'

'အို… ဘယ်ပြောလို့ရမလဲ၊ နောက်ဖေးတံခါးကြီးက ဖွင့်ထားတာ…တော့ အိမ်ထဲကို ရောက်ချင်ရောက်နေမှာပေါ့'

'ဟော'

မိုးစက် ခေါင်းနည်းနည်းကြီးသွားသည်။ ကိုယ့်မှာက သူခိုးဖမ်း…ည့် အတွေ့အကြုံက မရှိတော့ နည်းနည်းတော့ လန့်သည်ပေါ့။ ဒါပေမဲ့ …လေးတစ်ယောက်ရဲ့ ရှေ့မှာမို့ သိက္ခာတော့ ဆယ်ရပေမည်။ ထို့…ကြောင့်…

'အင်း… ဒါဆိုလည်း လိုက်ရှာကြည့်မယ်လေ'

'အင်း… အင်း… ခြော်… ကျွန်မ အမေ့ဆီကို ဖုန်းလှမ်းဆက်…ဦးမယ်'

ပြောပြောဆိုဆို သူမအမေထံ အိမ်ထဲသို့ သူခိုးဝင်နေသဖြင့် မြန်မြန်…ရန် ဖုန်းဆက်၏။ ဖုန်းဆက်ပြီးနောက် နှစ်ယောက်သား သူခိုး…ခြေရှိသော လူစိမ်းကို လိုက်ရှာကြသည်။

ကိုင်ဆွဲစရာ လက်နက်က ဘာမှမရှိသဖြင့် မိုးစက်က ကြက်မွေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းကို ပြောင်းပြန်ကိုင်ဆွဲထားသကဲ့သို့ ရူပါရုံကလည်း အားကျမခံ အရေးကြုံက ပစ်ပေါက်နိုင်ရန် မိုးစက်သောက်ပြီးသော ရေခွက်လွတ်ကို ကိုင်ထားသည်။

နှစ်ယောက်သား ယှဉ်တွဲ၍ တစ်ခန်းဝင်တစ်ခန်းထွက် ရှာကြသည်။ မိုးစက်ကတော့ မတွေ့ပါစေနဲ့ဟုသာ စိတ်ထဲတွင် ဆုတောင်းနေမိ၏။ ဒုက္ခများသွားနိုင်သည်။ ကိုယ်နိုင်လျှင် ကောင်းသည်။ မနိုင်လျှင်တော့ ရှော့ရှိသည်။ ဒီတော့ မတွေ့လေ ကောင်းလေပေါ့။

မိုးစက် ဆုတောင်းပြည့်သည်ဟု ပြော၍ရပါသည်။ အိမ်ထဲတွင် ရှာ၍ မတွေ့။ ထို့ကြောင့် ခြံထဲသို့ ဆင်းကာ ရှာကြပြန်သည်။ ဆုတောင်းက ထပ်ပြည့်သည်။ မတွေ့။ ထို့ကြောင့် နှစ်ယောက်စလုံး ဟင်းချကြပြီး အိမ်ထဲတွင် ငုတ်တုတ်ပြန်ထိုင်၍ အမောဖြေကြသည်။ ရူပါရုံက...

'ကျေးဇူးပါပဲ ကိုမိုးစက်ရယ်'

'ရပါတယ်ဗျာ၊ ကေ့နှ သူ့ခိုးက လူမလစ်လို့ ပြန်ထွက်သွားပြီနဲ့တူပါတယ်'

'အင်း... ဟုတ်လိမ့်မယ်'

'ထွက်သွားတာပဲ ကောင်းပါတယ်၊ မတော်လို့ ကျွန်တော်နဲ့ထိပ်တိုက်တွေ့ရင် ဒီသူခိုး စားသာမှာ မဟုတ်ဘူး၊ ဟင်း... ဟင်း'

'ယုံပါတယ်ရှင်၊ ယုံပါတယ်'

ဒီထောက်ခံချက်က ကိုယ့်များလိုက်ရွဲ့နေသလားဟု မိုးစက် အထဲခတ်မိသေးသည်။ ရူပါရုံ၏ ဖြူစင်ကြည်လင်သော မျက်နှာလေးကို မြင်မှ စိတ်ချလက်ချ ဖြစ်သွားသည်။ ရူပါရုံက...

'ဟိုလေ ကိုမိုးစက်ကို ရေပဲတိုက်ရတာ အားနာစရာကြီး၊ တစ်ခုခု စားပါလားဟင်'

'ဩော်... ရပါတယ်'

'ကိုမိုးစက်ကလည်း အားနာနေပြန်ပါပြီ'

'ကျွန်တော် ရပါတယ်လို့ ပြောတာက ဘာစားစားရပါတယ်လို့ ပြောတာပါ'





'ဩော်... ဒီလိုလား၊ ခဏ... ခဏ... ကိုမိုးစက်က နောက်တတ်တယ်နော်'

'တစ်ခါတလေပါ'

'ဒါဆို ခဏစောင့်'

'သုံးမိနစ်လား'

'နောက်ပြန်ပြီ'

အပြုံးဖြင့် ပြောပြီး ရူပါရုံ အိမ်နောက်ဖေးသို့ ဝင်သွား၏။

နှစ်ယောက်သား၏ရင်းနှီးမှုသည် သူခိုးဖြစ်နိုင်သော လူစိမ်းကြောင့် ခဏအတွင်းမှာပင် ကျယ်ပြန့်သွားကြပြီဖြစ်သည်။ ထိုစဉ် အိမ်နောက်ဘက်မှ ရူပါရုံ၏ အသံစူးခနဲထွက်လာ၏။

'ကိုမိုးစက်ရေ... ကိုမိုးစက်'

'ဟင်... ဘာလဲ၊ ဘာလဲ'

မိုးစက်လည်း ထိတ်ခနဲ ဖြစ်သွားပြီး အိမ်နောက်ဘက်သို့ ပြေးဝင်သွားမိ၏။ မိုးစက်ကို တွေ့သောအခါ ရူပါရုံက အားကိုးတကြီးဖြင့် လက်မောင်းကို ပြေးကိုင်၏။

'ရူပါရုံ ဘာဖြစ်လို့လဲ'

'ဟို... ဟို... အိမ်သာထဲက အသံကြားရတယ်'

'ဟော'

ကိုယ်တွေ ခုနကလိုက်ရှာတုန်းက အိမ်သာထဲကို လိုက်ရှာဖို့ မေ့သွားတာပဲ။

ထို့ကြောင့် ရှေ့သို့ ခပ်မြန်မြန်တိုး၍ တံခါးဂျက်ကို အပြင်မှချလိုက်လေသည်။ ဒါမှဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်ချရမှာ။ ပြီးတော့ ကိုယ့်လည်း အန္တရာယ်ကင်းသည်။

ပြီးမှ မိုးစက် လေသံကိုမြှင့်၍...

'အထဲမှာ ဘယ်သူရှိလဲကွ ဟေ'

ကျွန်တော်ပါ ခင်ဗျာဟု ပြန်ဖြေသံမကြားရပါ။ ဘာမှလည်း မကြားရပါ။ တိတ်၍နေ၏။ ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



'ငါ မေးနေတယ်နော်၊ အထဲမှာဘယ်သူရှိသလဲ'

ငြိမ်ရှဲနေဆဲ ထို့ကြောင့် မိုးစက်က ရူပါရုံဘက်သို့လှည့်၍…

'အသံကြားလိုက်တယ်ဆိုတာ သေရောသေချာလို့လား'

'သေချာပါတယ် ကိုမိုးစက်ရဲ့'

'ဟုတ်ပြီ၊ ဒါဆိုရင် ဘယ်လိုအသံမျိုး ကြားလိုက်လို့လဲ'

သေချာအောင် မေးနေတာပါ။ တော်ကြာ ကြောင်တို့ ကြွက်

များ ဖြစ်နေမှာစိုးလို့ပါ။ ရူပါရုံက နှုတ်ခမ်းကို တစ်ချက်ကိုက်၍…

'ကျွန်မ ကြားလိုက်တဲ့အသံက လူဆိုတာသေချာပါတယ်'

'ဘာလဲ၊ စကားပြောလိုက်တဲ့အသံ ကြားလိုက်ရလို့လား'

'ဟင့်အင်း'

'ဟော… ဒါဆို ဒီအသံကို နားထောင်ပြီး လူပါလို့ဘာကြောင့်

ပြောနိုင်ရတာတုန်း'

ရူပါရုံ အဖြေရခက်နေဟန်ရှိသည်။ နောက်မှ မျက်နှာနီနီဖြင့်…

'ဟို… ဟို… လေလည်လိုက်တဲ့အသံ ကြားလိုက်ရလို့ပါ'

'ဟော… လေလည်သံ'

'ဟုတ်တယ် အကျယ်ကြီးပဲ'

သေချာပြီ။ သတ္တဝါတွေထဲမှာ အသံကျယ်ကျယ်ပေးပြီး လေလည်

တာ လူပဲရှိတဲ့ဟာ။ ထို့ကြောင့် မိုးစက် လေသံမာမာဖြင့်…

'ကဲ… အထဲကကောင် မင်း ဘာမှငြိမ်ပြီးနေဖို့ မစဉ်းစားနဲ့တော့

မင်းလေလည်လိုက်တဲ့အသံကို ငါတို့နားနဲ့ ဆတ်ဆတ်ကြားထားပြီးသားကွ

ကြားလား'

ထိုသို့အနိုင်အမာပြောလိုက်မှ အိမ်သာထဲက ညောင်နာနာလေသံ

ဖြင့်…

'ဟုတ်ကဲ့ ကြားပါတယ် ခင်ဗျ'

'ဟင်း… ဟင်း… မင်းအခုတော့ ဝန်ခံရပြီပေါ့လေ၊ မင်းကို

ငါတို့ အခုအိမ်သာထဲမှာ ဖမ်းထားလိုက်ပြီ၊ ထွက်ပြေးဖို့ မစဉ်းစားနဲ့တော့'





'ဟုတ်ကဲ့ ကျွန်တော် ထွက်မပြေးပါဘူး၊ ဒါပေမဲ့ အိမ်သာထဲမှာ

တော့ ဒီလိုကြီး ဖမ်းမထားပါနဲ့လား ခင်ဗျ'

'အောင်မာ ဘာဖြစ်လို့လဲ'

'နံလွန်းလို့ပါခင်ဗျ'

မိုးစက် နည်းနည်းတော့ ကိုယ်ချင်းစာမိသွားသည်။ ဟုတ်တော့

ဟုတ်သည်။ သူ့ခမျာ အဖမ်းလည်းခံရသေး။ အနံ့လည်း ရှူရသေးဆို

တော့ မိအေးနှစ်ခါနာ ဖြစ်နေတော့တာပေါ့။

'ဒါနဲ့ နေပါဦး၊ မင်းက ဒီအိမ်ကို ပစ္စည်းခိုးဖို့ လာတာမဟုတ်

ဘူးလား'

'ဟုတ်ပါတယ် ခင်ဗျ'

'ဒါနဲ့များကွာ၊ အိမ်သာထဲမှာ ဘာပစ္စည်းခိုးစရာရှိလို့ ဝင်နေရတာ

တုန်း'

'အဲဒါက ခိုးဖို့လုပ်ရင်း အိမ်သာတက်ချင်တာနဲ့ ဝင်တက်မိတာပါ'

'သြော်… သြော်'

မိုးစက် ခေါင်းညိတ်၍ ရူပါရုံ ဘက်သို့လှည့်ကာ…

'ကဲ… မရူပါရုံ ဒီမှာခဏနေခဲ့ဦး၊ ဒီသူခိုးကို ရဲစခန်းပို့ဖို့အတွက်

အကူအညီသွားတောင်းလိုက်ဦးမယ်'

'ဟင့်အင်း… ကျွန်မ မနေရဲပါဘူး'

'သြော်… ဘာမှမဖြစ်ပါဘူး၊ သူခိုးက အထဲမှာ ပိတ်မိနေတဲ့ဟာ

ကို'

ထိုသို့ပြောလိုက်မှ ရူပါရုံ သဘောမတူချင်ဘဲနဲ့ တူလိုက်သည်။

ထို့နောက် မိုးစက် အပြင်သို့ ထွက်လာသောအခါ…

□ □ □



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်နွယ် ရင်ထဲတွင် ကတုန်ကယင်ဖြစ်နေမိ၏။ သမီးဖြစ်သူက အိမ်ထဲတွင် သူခိုးရောက်နေသဖြင့် အမြန်ပြန်လာရန် ဖုန်းဆက်ခေါ်ခြင်းကြောင့် သားသမီးစေဖြင့် ပြန်လာရသည်။

ယခုအိမ်ကို ရောက်တော့ ခြံတံခါးကြီးက ပွင့်နေသည့်အပြင် အိမ်ထဲတွင်လည်း တိတ်ဆိတ်နေ၏။

'ဘုရား… ဘုရား… သမီးများ တစ်ခုခုဖြစ်နေပြီလား'

အိမ်ပေါက်ဝသို့ ရောက်သောအခါ အိမ်ထဲမှ ခြေသံတရှပ်ရှပ်ကြားလိုက်ရသဖြင့် နံဘေးသို့ အမြန်ကပ်ကာ ကွယ်လိုက်မိ၏။ သူခိုးများလား။

နီးစပ်ရာ မျက်စိရှေ့တွင် တွေ့သည့် အရိုက်ကျိုးသည့် သံခေါ်ပြားရှည်ကို ကောက်ကိုင်မိလိုက်၏။

အိမ်ပေါက်ဝတွင် ခြေသံရှင်ကို အကောင်အထည်မြင်လိုက်ရ၏။ သေချာပြီ ဒီကောင်သူခိုးပဲ။

ထို့ကြောင့် ငါပဲ့မိန်းမဟု စိတ်ထဲမှကြုံးဝါးပြီး အားရပါးရပင် ရိုက်ချလိုက်ပါလေတော့သည်။

'ဒုတ်'

'အား'

'မလုပ်နဲ့ အမေ၊ မလုပ်နဲ့'

ဦးခေါင်းမှ ပြင်းထန်စွာ မီးပွင့်မတတ် နာကျင်သွားပြီး မလုပ်နဲ့ဆိုသော ရှုပါရုံ၏ အသံကို ကြားလိုက်ရပြီးနောက် မိုးစက် မှောင်အတိကျသွားလေသည်။

'အိမ်ထောင်ကျမလားလို့ လာတာ၊ လောလောဆယ် မှောင်ကျသွားတယ်'

□ □ □



## အခန်း(၉)

ခေါင်းမှာ ပတ်တီးအဖွေးသားဖြင့် မိုးစက်တစ်ယောက် လိုင်းကားစီးနေပါသည်။ ခေါင်းမှပတ်တီးကတော့ ယောက္ခမလောင်းကြီးဒေါ်ယဉ်နွယ်၏ လက်ချက်ဖြစ်ပြီး လိုင်းကားစီးရခြင်းကတော့ ကိုယ့်ကြောင့်သာဖြစ်သည်ဟုတ်သည်။ အိမ်ကကားမှာ ဟိုတစ်ခါ မိမိကြောင့် တစ်စစီဖြစ်ပြီး ဝပ်ရှော့ပို့၍ အိမ်ပြန်ရောက်ကတည်းက ဘာဖြစ်မှန်းမသိ။ မကြာခဏ ပျက်နေ၏။ ယခုလည်း ပျက်နေပြန်သဖြင့် သွားစရာရှိရာ လိုင်းကားဖြင့် သွားနေရခြင်းပင်ဖြစ်သည်။

လိုင်းကားက တိုးစံအတိုင်း လူကြပ်ပါသည်။ သို့ရာတွင် မိုးစက်၏ ခေါင်းထဲ၌ စဉ်းစားစရာတွေပြည့်ကြပ်နေသဖြင့် လူကြပ်ခြင်းကို ဂရုမထားအားဘဲ ခေါင်းကြပ်ခြင်းအကြောင်းတွေကိုသာ တွေးတောနေမိ၏။

မိုးစက် တွေးတောနေမိခြင်းအကြောင်းကတော့ ဟိုငတိမလေးနှင့် ရှုပါရုံတို့သည် ကြည့်လေ ကြည့်လေ ရစ်ချင်းတစ်ပုံစံတည်းလိုလိုဖြစ်နေခြင်းက ဘာကြောင့်နည်း။

လူတူမရှား နာမည်တူမရှားဆိုတာကို လက်ခံပါသည်။ ဒါပေမဲ့ သူတို့နှစ်ယောက်က လူတူရုံတင်မဟုတ်။ အသံပါတူနေသေး၏။ ဂကန်အမြွှာများလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တောင်တောင်အီအီတွေးနေချိန်တွင် မိုးစက်ရှေ့တွင် ရပ်နေသော မိန်းမတစ်ယောက်က လေသံရူးရူးဖြင့်···

'ကျွန်မ ပိုက်ဆံအိတ် ပျောက်သွားပြီ၊ ကျွန်မ ပိုက်ဆံအိတ်ပျောက်သွားပြီ'

'ဟဲ့··· ပလုပ်တုတ်'

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

တစ်ကားလုံး ဆူညံပွက်လောရိုက်သွားသည်။ ကားပေါ်ရှိ လူများက အောက်များကျနေသလား ဘာလားဖြင့် ပြောဆိုကြသဖြင့် ထိုမိန်းမလည်း ကပျာကယာ အောက်ဘက်တွင် ရှာဖွေကြည့်သော်လည်း မတွေ့ပါ။

'မတွေ့ဘူး၊ ခါးပိုက်နှိုက်သွားပြီ ထင်တယ်'

ခါးပိုက်နှိုက်ဆိုသော ဝေါဟာရကြောင့် လူအားလုံး၏ မျက်လုံးသည် အနီးစပ်ဆုံးတွင်ရှိသော မိုးစက်၏ ကိုယ်ပေါ်သို့ ကျရောက်လာသည်။

လူနှံတစ်ယောက်မဟုတ်ခြင်းကြောင့် မိုးစက် ရင်ထဲတွင် တင်းခံ ပြစ်သွား၏။ လက်စသပ်တော့ ကိုယ့်ကို ခါးပိုက်နှိုက်ထင်နေတာကိုး။ ထို့ကြောင့်···

'ဟေ့လူတွေ ဘာလာကြည့်ကြတာလဲ၊ ဒီကိစ္စက ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး'

ထိုအခါ လူတစ်ယောက် အာကျယ် အာကျယ်ဖြင့်···

'အောင်မာ သူခိုးက ခိုးတယ်လို့ ပြောမလားကွ'

'ဘာဗျ၊ ခင်ဗျားမိုက်ရိုင်းလှချည်လား၊ ဒီမှာ ကျုပ်ကို မသင်္ကာ ဖြစ်ရင်လည်းရတယ်၊ ရဲစခန်းကိုသာ မောင်းလိုက်'

ထိုသို့တင်းတင်းမာမာပြောလိုက်ခြင်းကြောင့် ထိုလူငြိမ်သွား၏။ ထိုအခါ စပယ်ယာက ပိုက်ဆံပျောက်သည်ဆိုသော အမျိုးသမီးကြီးအား···

'ကဲ··· အစ်မကြီး ကျွန်တော်တို့ ရဲစခန်းကို မောင်းပေးရမလား'

'ဟုတ်ကဲ့၊ မောင်းပါရှင်၊ မောင်းပါ၊ ကျွန်မက ဒီနေ့မှ စုငွေထုတ် ဟာဟာဆိုတော့လေ အဟင်း'





'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကဲ··· ဆရာရေ ရဲစခန်းကိုသာ မောင်းပေးပါ'

ထို့နောက်တော့ လိုင်းကားကြီးသည် ခရီးသည်များလိုရာကို မရောက်တော့ဘဲ ရဲစခန်းသို့ ဦးတည်ကာ မောင်းပါတော့သည်။

ထိုမြင်ကွင်းတွေကို ကြားနေသိနေရသော လူတစ်ယောက် ကားပေါ်တွင်သက်ပြင်းတချချဖြစ်နေပါသည်။ သူကတော့ သဒ္ဒါရုံပါ။ စိတ်ထဲတွင် ဟိုလူတော့ ဒုက္ခရောက်ပြောမည်ဟုထင်ပြီး တစ်မျိုးဖြစ်နေမိ၏။ ဒီလူကလည်း ဒီလူ။ မိမိနှင့်တွေ့တိုင်း မဟုတ်တာလုပ်တာနဲ့ပဲ တိုးနေတော့တာ။ ရုပ်ကလေးကြည့်တော့ သနားကမားနဲ့။ လောကကြီးမှာ သမာအာဇီဝ ကျတဲ့ အလုပ်တွေ အများကြီးပဲဟာ။ လုပ်ပါတော့လား။ ယခုလည်း ဒီခါးပိုက်နှိုက်တဲ့ တရားခံကသူပဲဖြစ်ရမယ်။ ဟိုတစ်ခါ ကားပေါ်က ပိုက်ဆံအိတ်ကို အလစ်ဆွဲတော့ ကိုယ်ပဲဒီလူကို လုံခြုံရေးလက်အပ်ပြီးပြီ။ ယောကြည့် အခုတစ်ခါထပ်ဖြစ်ပြန်ပြီ။ ဒီလူဟာလေ အမှတ်ကို မရှိဘူးဟင်း။

ကားကြီးက ရဲစခန်းအတွင်းသို့ တိုးဆိုက်လာသည်။

ထို့နောက် ရဲဝန်ထမ်းများက အကျိုးအကြောင်းကို သိသွားပြီး ကားပေါ်မှခရီးသည်များကို အောက်သို့ဆင်းစေ၍ မြေကွက်လပ်ကျယ်တွင် တန်းစီစေ၏။

ထိုအခါမှ မိုးစက် သဒ္ဒါရုံကို တွေ့မြင်သွားလေ၏။

'ဟာ··· ဟိုငတိမလေးပဲ'

သဒ္ဒါရုံက မိုးစက်အား ဖြတ်ခနဲတစ်ချက်လှမ်းကြည့်၍ မျက်နှာလွှဲသွား၏။ ထို့ကြောင့် မိုးစက်သဘောပေါက်မိသွားသည်။

'လက်စသပ်တော့ ဒီငတိမ ငါ့ကို ခါးပိုက်နှိုက်လို့ပါ ထပ်ထင်သွားပြီနဲ့ တူတယ်၊ ထင်ပါစေ၊ အချိန်တန်တော့လည်း နွားပိန်ကြီးကန်မှာပေါ့၊ ဒီအခါကျမှ ငါ့ကို ကိုမိုးစက်ရယ် ကျွန်မ မှားပါပြီဆိုပြီးတော့ လက်အုပ်ချီပြီး လာမတောင်းပန်နဲ့၊ မကျေနပ်ဘူးဆိုပြီး ဖက်ကိုနမ်းပစ်မယ် ဟွန်း'

ထိုစဉ် ရဲတပ်ကြပ်တစ်ယောက်က ပိုက်ဆံပျောက်သော အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



အား အနည်းငယ်မျှ စစ်မေး၍ ကားပေါ်တွင် သူမ မသက်ာဖြစ်သော သူမှာ မိုးစက်ဟု သိရှိသွားခြင်းကြောင့်မိုးစက်အား…

'ဟိုအင်္ကျီဖြူနဲ့လူ ဒီကိုလာပါ'

ကိုယ့်အင်္ကျီက အဖြူပေါ်မှာ အနက်စင်းရေးရေးလေးပါသည်။ ထို့ကြောင့် နံဘေးမှ ကော်လံကတုံးအဖြူဝတ်ထားသော သူအား…

'ဟော့လူ ဟိုမှာ ခင်ဗျားကို ခေါ်နေတယ်'

ထိုပုဂ္ဂိုလ်က ကားပေါ်မှာ မိုးစက်ကို သူခိုးက ခိုးပါတယ်လို့ ပြောမလားကွဟု ခပ်ကျယ်ကျယ်ဝင်ပြောတဲ့လူပါ။ ထိုလူက မိုးစက် အပြောကြောင့် တွန့်ခနဲဖြစ်သွားပြီ။

'အောင်မာ… ဘာလို့ငါ့ကိုခေါ်ရမှာလဲ၊ မင်းကိုခေါ်နေတာကွ'

'ဟ… ကျုပ်အင်္ကျီက အနက်စင်းပါတယ်လေ၊ ခင်ဗျားအင်္ကျီက မှ အဖြူစစ်စစ်ပဲဟာ'

ထိုသို့ငြင်းနေကြသဖြင့် ရဲတပ်ကြပ်ကြီးက စိတ်ရှည်ဟန်မတူတော့ ဘဲ…

'ဟိုအင်္ကျီအဖြူစင်းနဲ့လူ ခင်ဗျားကိုခေါ်နေတာ'

လက်စသပ်တော့ ကိုယ့်ကိုခေါ်နေတာကို။ ထို့ကြောင့်…

'လာပြီ၊ လာပြီ'

တစ်ကားလုံး (သဒ္ဒါရဲ့အပါအဝင်)က သေချာပြီ ဒီကောင်ပဲဟူ သော အကြည့်မျိုးဖြင့် မိုးစက်အား ဝိုင်းကြည့်ကြသည်။ မိုးစက် ဂရုမစိုက် ဖြစ်ပါ။ ကိုယ်မှမဟုတ်ဘဲကိုး။ အနားသို့ရောက်သောအခါ ရဲတပ်ကြပ်ကြီး က…

'ခင်ဗျားက ဒီအမျိုးသမီးနားမှာ ရှိနေခဲ့တဲ့လူနော်'

'ဒါက လိုင်းကားစီးတဲ့ ထုံးစံအတိုင်းပါပဲ၊ ဘယ်သူဘယ်ဝါနား ရယ်တော့ မဟုတ်ပါဘူး၊ ဒီလိုပဲ ရောက်နေတာပါ'

ရဲတပ်ကြပ်ကြီး ခေါင်းညိတ်ပြီး ထပ်မေးရန် ပြင်စဉ်အချိန်မှာပင် ရဲအရာရှိယူနီဖောင်းဝတ်ထားသော လူတစ်ယောက် ခြေလှမ်းခပ်မှန်မှန်ဖြင့် လျှောက်လာ၏။ ထိုရဲအရာရှိကို မိုးစက်လည်း မြင်သွားသလို ရဲအရာရှိ





လည်း မိုးစက်ကို မြင်သွားပြီး နှစ်ယောက်သား မျက်နှာများ ဖြိုင်တူပင် ပြုံးဖြီးဖြီးတွေ ဖြစ်သွားကြပြီး…

'မိုးစက်'

'ဟိန်းလတ်'

ထိုရဲအရာရှိက ကျောင်းတန်းက မိုးစက်နဲ့ အရမ်းကိုခင်ခဲ့တဲ့ သူငယ် ချင်းတစ်ယောက်ပါ။ နောက်တော့ ကျောင်းပြီးမှ ရဲထဲကိုဝင်သွားလို့ အဆက် အသွယ်ပြတ်သွားတာပါ။ မိုးစက်က သူငယ်ချင်းဖြစ်သူ၏ ပခုံးပေါ်မှ အပွင့်လေးကိုကြည့်ပြီး…

'အောင်မာ… မင်းက အရာရှိတောင် ဖြစ်နေပြီ ဟုတ်လား'

'ဟား… ဟား… ဒီကိုပဲ ကြိုးစားရတာပေါ့ကွ'

'ဟား… ဟား… ကောင်းတယ်ကွာ၊ ကောင်းတယ်'

မိုးစက် အမှန်တကယ်ပင် မုဒိတာ ဖြစ်မိပါသည်။ ကိုယ်ကသာ ခုချိန်ထိ ဝေလေလေ ကိုယ့်သူငယ်ချင်းတွေက အလုပ်အကိုင်ကိုယ်စီမှာ အောင်မြင်မှုတွေရလို့။ ဟိန်းလတ်က…

'နေပါဦးကွ၊ မင်းက ဘယ်လိုဖြစ်ပြီး ဒီလိုင်းကားနဲ့ ပါလာရတာ လဲ'

'အိမ်ကကားပျက်နေလို့ကွ၊ ပြီးတော့ ငါက ဒီပိုက်ဆံပျောက်တဲ့ အမျိုးသမီးနဲ့ အနီးဆုံးမှာ ရောက်နေတာဆိုတော့ အခုပြဿနာနည်းနည်း တက်ချင်သလိုဖြစ်နေတယ်'

'ဟား… ဟား… ဖြစ်ရမယ်ကွာ၊ မင်းလို သူဌေးသားက ခါးပိုက်နှိုက်မဖြစ်နိုင်ဘူးဆိုတာတော့ ငါယုံပါတယ်'

'အေးကွာ၊ မင်း တရားခံအစစ်ကို ရှာစမ်းပါဦး'

'ဒါများကွာ၊ မိုင်နာပါ'

ထိုသို့ ပေါ့ပေါ့ပါးပါး ပြော၍ ဒုရဲအုပ်ဟိန်းလတ်က ပိုက်ဆံပျောက် သော အမျိုးသမီးထံသွား၍…

'အစ်မကြီး ပိုက်ဆံပျောက်တာကို ဘယ်အချိန်လောက်မှာ သိတာ လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ပိုက်ဆံမပျောက်ခင် အရင်က ကျွန်မ ကားခထုတ်ပေးသေးတယ်ဆိုတော့ သိတာ သိပ်မကြာပါဘူး၊ တစ်မှတ်တိုင်လောက်ပဲ ရှိမှာပါ'

'အင်း… ပိုက်ဆံက ဘယ်လောက်ပါသလဲ၊ ပြီးတော့ ဘာတန်တွေလဲ'

'ပိုက်ဆံက ငါးသောင်းနဲ့ အကြွေတွေပါ၊ ငါးသောင်းကတော့ ငါးထောင်တန်တွေချည်းပဲ'

'အိတ်လိုက်ပျောက်သွားတာလား'

'ဟုတ်ကဲ့၊ မိန်းမကိုင်အိတ် အနီအသေးလေးပါ၊ ကျွန်မ ခြွဲခြင်းထဲမှာ ထည့်ထားတုန်း ပျောက်သွားတာပါ'

ထိုအခါ ဟိန်းလတ်က မိုးစက်အား ပထမဆုံးမေးသော တပ်ကြပ်ကြီးဘက်သို့လှည့်၍…

'ဆရာကြီး ကားပေါ်တက်ပြီးတော့ တစ်ခုခုများ တွေ့မလားလို့ ရှာကြည့်ပါ'

BURMESE CLASSIC

'ဟုတ်ကဲ့ ဗိုလ်လေး'

ရဲတပ်ကြပ်ကြီး ကားပေါ်တက်သွား၍ သိပ်မကြာခင်မှာပင် ပိုက်ဆံအိတ်အနီလေးကို ကိုင်၍ ပြန်ဆင်းလာပြီး…

'ခုံကြားထဲမှာ ဒီအိတ်ကို ပြန်တွေ့တယ် ခင်ဗျ'

'အင်း… တရားခံပစ်ထားတာ နေမှာပေါ့'

အိတ်ကို ဖွင့်ကြည့်ရာ ပိုက်ဆံကတော့ တစ်ပြားမှ မရှိတော့။ ပိုက်ဆံပျောက်သော မိန်းမမှာ ငိုမဲ့မဲ့ဖြစ်၍နေပေပြီ။ မိုးစက်ကတော့ ကိုယ့်သူငယ်ချင်းရဲအရာရှိကြီး ဘာများဆက်လုပ်မလဲဆိုတာကို အသာစောင့်ကြည့်နေမိ၏။

ဟိန်းလတ်က အမျိုးသမီးကြီးဘက်သို့လှည့်၍…

'ကဲ… ကားပေါ်မှာ အစ်မကြီးအနားမှာ ဘယ်သူတွေရှိသလဲဆိုတာကို ဒီလူတွေထဲက မှတ်မိသလောက် ရှာကြည့်ပေးပါ'

ထိုအခါ မိန်းမကြီးက မိုးစက်ဘက်သို့ လက်ညှိုးထိုး၍…





'သူရှိတယ်'

ဟိန်းလတ်က ဆက်၍…

'ဟုတ်ပြီ၊ သူက အစ်မကြီးရဲ့ ဘယ်နားလောက်မှာ ရှိတာလဲ'

'နောက်မှာပါ'

'ဒါဆိုရင် အစ်မကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာရော ဘယ်သူတွေရှိသလဲ။ ထိုသို့ပြောလိုက်ခြင်းကြောင့် အမျိုးသမီးကြီးမှာ ဇဝေဇဝါဟန်ဖြင့် လူတန်းထဲသို့ လိုက်ကြည့်သည်။ နှစ်ခေါက်မျှကြည့်ပြီး လူနှစ်ယောက်ကို ညွှန်ပြသည်။

'သူတို့နှစ်ယောက်ပါ ဆရာ'

ထိုနှစ်ယောက်ထဲတွင် ကော်လံကတုံးဝတ်ပြီး အာကျယ်အာကျယ်လုပ်သော လူပါပါသည်။ ထိုအခါ ဟိန်းလတ်က လှစ်ခနဲတစ်ချက်ပြုံးပြီး ထိုလူ့ထံလျှောက်သွားသည်။

'အောင်မာ… ကျော်ဦး မင်းက ဒီလိုတွေဝတ်စားထားတော့ ငါတောင်မှ မျက်စိလည်သွားသေးတယ်၊ ကြည့်စမ်း'

ထိုသို့ပြောလိုက်သောအခါ ကျော်ဦးဆိုသော လူက ထစ်ထစ်ငေါ့ငေါ့ဖြင့်…

'ကျွန်… ကျွန်တော့်နာမည် ကျော်ဦးမဟုတ်ပါဘူး၊ မြင့်ဦးပါ၊ ဆ… ဆရာ လူမှားနေပြီထင်ပါတယ်'

'ဘာကွ၊ ဒီမှာဟေ့ကောင် ရဲဦးနှောက်ကွ၊ တရားခံမျက်နှာကို တစ်ခါမြင်ရုံနဲ့ တစ်သက်လုံး မှတ်မိတယ်၊ ဒီမှာကျော်ဦး မင်းကို ငါကိုယ်တိုင် လွှန်ခဲ့တဲ့ နှစ်နှစ်ကပဲ ခါးမှုနဲ့ ဖမ်းပြီး ထောင်ထဲပို့လိုက်တာ၊ ခုမင်းက ထောင်ထဲကထွက်လာတော့ နောင်တမရတဲ့အပြင် အရင်အလုပ်ကိုပဲ ပြန်လုပ်နေတယ်ပေါ့၊ ဟုတ်လား'

ထိုသို့ အခိုင်အမာပြောလိုက်ခြင်းကြောင့် ကျော်ဦးမျက်နှာငယ်သွားပြီး…

'မဟုတ်ပါဘူး ဆရာရယ်၊ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ ခုကိစ္စနဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော် နောင်တရနေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ဟင်း… မင်းလိုကောင်လား နောင်တရမှာ၊ ဒီမှာ ဟောကောင် ဘာမှငြင်းမနေနဲ့၊ ဝန်ခံလိုက်၊ အေး ဝန်မခံဘူးဆိုရင်တော့ မင်း တစ်ကိုယ်လုံးကို ချုတ်ပြီး ဒီလူတွေရှေ့မှာ ရှာရလိမ့်မယ်'

'အာ… အဲဒီလိုတော့ မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် တကယ် မဟုတ်ပါဘူး'

'တောက်… ဒီကောင်တော့ ရုပ်ရှင်လာရိုက်နေပြန်ပြီ၊ ကဲ… ကြာတယ်ကွာ၊ ဆရာကြီး ဒီကောင့်ကို အဝတ်အစားတွေ အကုန်ချွတ်ပြီး ရှာစမ်းဗျာ'

'ဟုတ်ကဲ့'

ရဲတပ်ကြပ်ကြီးက အမှန်တကယ်ပင် ရှာတော့မည့်ဟန် ရုပ်တည် ကြီးဖြင့် လုပ်လိုက်ရာ ကျော်ဦး ပျာယာခတ်ပြီး ငိုမဲ့မဲ့ရုပ်ဖြင့်…

'ဟာဗျာ… မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က ရှက်တတ်တယ်ဗျ'

'အောင်မာ မင်းလား အရှက်ရှိမှာ'

'ရှိတာပေါ့ဗျ၊ ရှိတာမှ မျိုးနဲ့ရိုးနဲ့ကို အရှက်ရှိတာ၊ ကျွန်တော့် အမေဆိုရင် ကျွန်တော့်အဖေနဲ့ စညားကတည်းက ရှက်လွန်းလို့ဆိုပြီး ခြင် ထောင်ထဲကနေ အပြင်မထွက်တော့တာ သေသွားတဲ့အထိပဲ အဟင့်'

ဟိန်းလတ်က လေသံမာမာဖြင့်…

'ဟောကောင် အပိုတွေပြောမနေနဲ့၊ ငါတို့ မင်းကိုယ်ပေါ်မှာ ရှာရ မှာလား၊ မင်းကိုယ်တိုင် ဝန်ခံမှာလား၊ ဒါပဲပြော'

'ဝန် … ဝန်ခံပါတယ်'

'အေး… ဒါဆိုရင် ပိုက်ဆံက ဘယ်မှာလဲ'

'ကျွန်တော့်အတွင်းခံဘောင်းဘီထဲမှာပါ ဆရာ'

ပိုက်ဆံအနံ့အသက်ကတော့ တော်တော်ကောင်းဦးမည်။

ဤသို့ ကျော်ဦးဆိုသော ငတိက ဝန်ခံလိုက်မှ မိုးစက်လည်း သက်ပြင်းချမိသည်။ နောက်တော့ အခြေအနေလည်းကောင်းသွားပြီဖြစ် သဖြင့် ကျော်ဦးဆိုသော ငတိ အချုပ်ထဲရောက်သွား၍ ခရီးသည်အားလုံး လည်း ကားပေါ်ပြန်တက်ကာ ထွက်သွားကြတော့၏။





မိုးစက်တစ်ယောက်သာ ဟိန်းလတ်နှင့် စကားပြောဆိုချင်သည်က တစ်ကြောင်း ဒီကားကို ပြန်၍မစီးချင်သည်ကတစ်ကြောင်းတို့ကြောင့် ကျန် ရစ်ခဲ့လေသည်။

သို့ရာတွင် ဟိန်းလတ်မှာ တာဝန်ထမ်းဆောင်သည့်အချိန်ဖြစ်ခြင်း ကြောင့် သိပ်ကြာကြာစကားမပြောဖြစ်ခဲ့ကြဘဲ မိနစ်နှစ်ဆယ်လောက်သာ စကားပြောဆိုခဲ့ကြပြီး နှုတ်ဆက်ကာ ပြန်ထွက်ခဲ့ရသည်။

မိုးစက် ရဲစခန်းအပြင်ဘက်သို့ရောက်၍ ကားလမ်းမတစ်ဖက်သို့ ကူးမည့်ဟန်ပြင်စဉ်မှာပင်…

'ဟိတ်… ဒီမှာ… ဒီမှာ'

ခေါ်သံကြောင့် လှည့်ကြည့်မိလိုက်ရာ ဟိုငတိမလေးဖြစ်နေ ကြောင်း တွေ့လိုက်ရသည်။

'ဩော်… မင်းကို ငါက ဟိုကားနဲ့ပါသွားပြီလို့ ထင်နေတာ'

'အင်း… ရှင့်ကို ပြောစရာရှိလို့ ဆင်းနေခဲ့တာ'

'ဘာလဲ၊ ငါ့ကို ဟိုခါးပိုက်နှိုက်ရဲ့ အပေါင်းအပါလို့ ထင်ပြန်ပြီ လား'

ကိုယ့်ကိုတွေ့တိုင်း တစ်မျိုးမဟုတ် တစ်မျိုးထင်တတ်လို့ ကြို့မေး တာပါ။

'မထင်ပါဘူး၊ ခုကိစ္စက ရှင်မဟုတ်မှန်း အသိသာကြီးပဲဟာ'

အင်း… ဒီတစ်ခါတော့ အမြင်မှန်ရသားပဲ။

'ဒါဆိုရင်… ခု… မင်းက… ငါ့ကိုဘာကိစ္စပြောဖို့ စောင့်နေ တာလဲ'

ထိုသို့ပြောရင်းမှ ဒီကောင်မလေး ရုပ်ရုံနဲ့ တော်တော်တူတာပဲဟု မှတ်ချက်ချမိသည်။ ငတိမက နှုတ်ခမ်းကို တစ်ချက်ကိုက်၍…

'ရှင့်ကို ဟိုရဲအရာရှိက မိုးစက်လို့ခေါ်လိုက်တာ ကြားလိုက်တယ်'

'အေးလေ၊ အဲဒါဘာဖြစ်လို့လဲ'

'သူ ဘာဖြစ်လို့ အဲဒီလိုခေါ်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟ… ငါနာမည်က မိုးစက်မို့လို့ မိုးစက်လို့ခေါ်တာ ဘာဆန်းလို့လဲကွ'

'နေပါဦး၊ ရှင်က ဘယ်တုန်းက မိုးစက်ဖြစ်သွားရတာလဲ'

မိုးစက်ခေါင်းကုတ်၍…

'မွေးကတည်းကပဲဟ၊ မွေးကတည်းကပဲ ဟွန်း'

'ကျွန်မ ယုံအောင် ရှင် အထောက်အထားပြနိုင်မလား'

မိုးစက် စိတ်မရှည်ချင်တော့ပါ။ ဒါပေမဲ့လည်း ရှည်ပေးလိုက်ပါသည်။ အိတ်ထဲမှ မှတ်ပုံတင် ကားလိုင်စင်အစရှိသည်တို့ကို ထုတ်၍…

'ကဲရော့… အဲဒါ မိုးစက်က မိုးစက်ဖြစ်ကြောင်း အထောက်အထားပြနိုင်တဲ့ အရာတွေပဲ၊ ကြည့်… ကြည့်'

ဇေတီမ သေချာစွာ ယူကြည့်ပါသည်။ မှတ်ပုံတင်ထဲမှ ရုပ်နှင့် မိုးစက်အပြင်ရုပ်ကိုလည်း သေချာစွာ တိုက်ကြည့်ပြန်၏။

'ဟဲ… ဟဲ… ငါက ဓာတ်ပုံထဲမှာထက် အပြင်မှာပိုချောတယ်နော်'

ဇေတီမမျက်စောင်းထိုးလိုက်သည်။ ပြီးမှ သက်ပြင်းချ၍…

'ရှင်က မိုးစက်ဆိုတော့ ကျွန်မ ကောက်ရတဲ့ ပိုက်ဆံအိတ်ပိုင်ရှင်ကလည်း တကယ့်ကို ရှင်ပဲပေါ့'

'ဒါပေါ့ကွ'

'ဒါဆိုလည်း ဆောရီးပဲနော်၊ ကျွန်မက ပိုက်ဆံတွေကို ဘုရားမှာ တောင် သွားလှူပစ်လိုက်ပြီ'

'ရပါတယ်ကွ၊ ငါတောင်မှ နေရင်းထိုင်ရင်း ကုသိုလ်ရသွားတဲ့ အတွက် မင်းကို ကျေးဇူးတင်ပါတယ်'

သဒ္ဒါရုံ ပြုံးမိသည်။ ဒီလူ ကိုယ်ထင်ထားသလို မဆိုးပါလား။

'ဒါနဲ့ ရှင့်အိမ်ကို ကျွန်မ ဖုန်းဆက်ကြည့်တော့ ရှင်သေပြီလို့ ဘာလို့ ပြောတာလဲ'

'အင်း… ဒီကိစ္စကို ရှင်းပြရရင် နည်းနည်းရှည်တယ်ကွ၊ ဒီတော့ ငါတို့ဆိုင်တစ်ဆိုင်ကို သွားထိုင်ကြရအောင်ကွာ'





သဒ္ဒါရုံလည်း သိချင်သည့်စိတ်ရှိနေသဖြင့် သဘောတူလိုက်သည်။ ထို့နောက်တော့ နှစ်ယောက်သား အအေးဆိုင်တစ်ဆိုင်သို့ ရောက်သွားခဲ့ကြသည်။

အပြင်မှာက ပူသည်လေ။ အဲ… မိုးစက် ရင်ထဲမှာတော့ ခုချိန်မှာ ရေခဲမြစ် ဝင်စီးဆင်းနေသလို အေးချမ်းနေရသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

'ဒီလိုကွ'ဟုအစချီ၍ မိုးစက် ပြောမလိုလုပ်ပြီးမှ ဆိုင်အပြင်ဘက်တွင် မုန့်လေပွေများကို အထမ်းနှင့်လိုက်ရောင်းနေသော ဈေးသည်တစ်သည်ကို ရှားရှားပါးပါးတွေ့လိုက်ရ ကပျာကယာဖြင့်…

'မင်း ဒီမှာ ခဏနေဦးနော်၊ ငါ ပြန်လာခဲ့မယ်'

ထိုသို့ပြောပြီး ဆိုင်ထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသဖြင့် သဒ္ဒါရဲ့ နဝေတိမ်တောင်ဖြစ်ကာ မိုးစက်သွားရာသို့ လိုက်ကြည့်မိ၏။

ခဏနေတော့ မိုးစက် မုန့်လေပွေအထုတ်လိုက်ကြီးကိုင်ပြီး ဆိုင်ထဲ ပြန်ဝင်လာသည်။ သဒ္ဒါရဲ့ မျက်မှောင်ကြုတ်၍…

'ရှင် အဲဒါတွေက ဘာလုပ်မလို့လဲ'

'စားမလို့လေ၊ မုန့်လေပွေက တခြားဘာလုပ်လို့ရသေးလို့လဲ'

ယန်းကန်ပြားပျံပစ်တမ်းဆော့လို့ရသေးတယ်ဟု သဒ္ဒါရဲ့ ပြန်မပြောပါ။ ဘဝင်ကျဟန် မတူသော်လည်း ငြိမ်သွား၏။ မိုးစက်က…

'စားပါဦးလား'

'အို… မစားပါဘူး'

'အင်း… အင်း… ကောင်းတယ်'

ထိုသို့ပြောပြီး မိုးစက် မုန့်လေပွေကို တဂျွမ်းဂျွမ်းဝါး၍ အအေးကို တစွက်စွတ်သောက်သည်။





အချိန်အနည်းငယ်ကြာသောအခါ သဒ္ဒါရဲ့ စိတ်မရှည်ဖြစ်လာပြီး…

'ဒီမှာ ရှင် စားနေတာ ဒီနေ့အဖို့ ပြီးဦးမှာလား'

'ဩော်… အေး… ဆောရီးကွာ၊ ဆောရီး'

မိုးစက် စားလက်စကို ဖြတ်လိုက်သည်။ ဒါတောင် မုန့်လေပွေတွေက တော်တော်များများ ကျန်နေသေး၏။ မုန့်လေပွေဆိုသည့် မုန့်က သိတဲ့အတိုင်း ပါးပါးလျှားလျှားလေးနှင့် နေရာအင်မတန်ယူသည့် မုန့်မျိုးဖြစ်သည်။ ထို့ကြောင့် အအေးစားပွဲပေါ်တွင် ရှုပ်နေခြင်းကြောင့် မိုးစက်က ဆိုင်ဝန်ထမ်းတစ်ယောက်ကိုခေါ်၍…

'ညီလေး… ဒီမုန့်တွေကို ရေခဲသေတ္တာထဲကို ခဏထည့်ထားပေးစမ်းပါကွာ၊ အစ်ကို အပြန်ကျရင် ယူမယ်'

'အာ… အစ်ကိုကလည်း ပျော့ကုန်မှာပေါ့'

'ရတယ်ကွာ၊ ငါဘာသာပြီးမှ နေပူပြန်လှန်းလိုက်မယ်'

ထိုသို့ပြောလိုက်မှ ဝန်ထမ်းလေးခေါင်းကုတ်၍ မုန့်ထုပ်ကို ယူသွား၏။

ထိုအခါမှ မိုးစက်လည်း ရွှေမှုငတိမလေးအား ကိုယ့်အပေါ်တစ်မျိုးမြင်နေသည့် အကြောင်းအရာများကို သေချာစွာ ရှင်းပြပါတော့သည်။

အာတော့နည်းနည်းပေါက်ပါသည်။

သို့ရာတွင် အာပေါက်ရကျိုးတော့ နပ်ပါသည်။ ဒီကောင်မလေးက လှသည်ကိုး။ နောက်ဆုံးရှင်းလင်း၍ ပြီးသောအခါမှ မျက်နှာကြည်ကြည်လေးဖြင့်…

'ဆောရီးနော်'

ဟုပြောပါသည်။ ထိုအနည်းငယ်မျှသော စကားလုံးလေးသည် မိုးစက်အတွက် လုံလောက်သော ပြီးပြည့်စုံမှုတို့ကို ဖြစ်ပေါ်သွားစေသည်။

သဒ္ဒါရဲ့ အားနာမှုတို့ကြောင့် ခေါင်းငုံ့နေ၏။ မိုးစက်ပြုံး၍…

'ဟိတ်…ခေါင်းကြီးအတင်းငုံ့မထားနဲ့လေ၊ မျက်လုံးကအောက်ကို ပြုတ်ကျသွားဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်မှ ခေါင်းပြန်မော့လာပြီး မျက်စောင်းပြေပြေကလေး လှမ်းထိုးပါသည်။

'ဒါနဲ့ မင်းနာမည် မပြောရသေးဘူးနော်'

'သဒ္ဒါရှုပါ'

မိုးစက် ရင်ထဲမြည်ဟီးသွား၏။ နာမည်ကအစ ဟိုတစ်ယောက်နဲ့ ဆင်ဆင်တူနေတာကိုး။ ထို့ကြောင့် မိုးစက် တစ်ခုခုမေးမည်ပြင်ပြီးမှ ယခုမှ နားလည်မှုရခဲ့သော သူတစ်ယောက်ကို ခပ်ရှုပ်ရှုပ်အရာတွေ မမေးသင့်ဟု ဆုံးဖြတ်ပြီး တခြားရယ်စရာမောစရာများကိုသာ ဆက်လက်၍ ပြောခဲ့သည်။

သဒ္ဒါရှုကလည်း မိုးစက်ပြောသမျှကို နားထောင်၍ ရယ်၏။ ရယ်မောခြင်းသည် မောပန်းခြင်းကို ပျယ်ပြောက်စေနိုင်ပြီး ရင်းနှီးမှုကိုလည်း တိုးပွားစေနိုင်သောအရာဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ယောက် ရင်းနှီးခဲ့ကြပါသည်။

သို့ရာတွင် မိုးစက်ရင်ထဲ၌ သဒ္ဒါရှုနှင့် ရှုပါရှုတို့နှစ်ယောက် နိုင်အောသော ပတ်သက်ဆက်နွယ်မှုတစ်ခုခု ရှိမည်မှန်းကို အလိုအလျောက် သိခြင်း နေခြင်းကြောင့် တစ်စုံတစ်ယောက်အား သွားရောက်မေးမြန်းရန်အတွက် ဆုံးဖြတ်ချက်ချလိုက်မိပါသည်။

ထိုတစ်စုံတစ်ယောက်မှာ...

❒ ❒ ❒

ဟိုအရင်တစ်ခါ မိုးစက်အား ရှုပါရှု၏ အမေ ဒေါ်ယဉ်နွယ်က သူခိုးဟုထင်ပြီး ရိုက်လိုက်မိကတည်းက မိုးစက်နှင့် ၎င်းတို့မိသားစုသည် ရင်းနှီးသည်ဟု ပြော၍ရသည့် အနေအထားသို့ ရောက်ခဲ့သည်။

ထို့အပြင် ဒေါ်ယဉ်နွယ် ကိုယ်၌ကလည်း ခေတ်မီစွာနေထိုင်တတ် ပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူဖြစ်ခြင်းကြောင့် မိုးစက်နှင့် ပိုမိုရင်းနှီး ခဲ့ရသည်ဟု ပြောပါက ပို၍မှန်ပေလိမ့်မည်။

'အန်တီ... အန်တီ'





'ဟော... အေး... မိုးစက် သား လာလေ'

မိုးစက် အိမ်ထဲ၌ ဝင်ထိုင်ပြီးသွားသောအခါ ဒေါ်ယဉ်နွယ်က...

'ရှုပါရှုတော့ မရှိဘူး သားရဲ့၊ အပြင်ကို သွားတယ်'

'အော်... ကျွန်တော်ကလည်း ဘာရယ်မဟုတ်ပါဘူး၊ လမ်းကြုံလို့ ဝင်လာတာ'

'ဟုတ်ပြီ၊ ဒါဆိုရင် တစ်ခုခုသောက်၊ အန်တီ သွားယူလိုက်မယ်'

'မုန့်ပါယူခဲ့နော် အန်တီ၊ ကျွန်တော် ဗိုက်ပါဆာနေတယ်'

ဒေါ်ယဉ်နွယ် ပြုံး၍ နောက်ဖေးခန်းသို့ ဝင်သွားသည်။ ထိုအခါမှ မိုးစက် စဉ်းစားခန်းဖွင့်မိသည်။

မိုးစက် ဒီကိုလာရခြင်းအကြောင်းက ရှုပါရှုနှင့် သဒ္ဒါရှုတို့ရဲ့ ပတ်သက်မှုကို သိချင်လို့လာတာပါ။ အကယ်၍များ သူတို့နှစ်ယောက်က ညီအစ်မတွေဆိုရင် မွေးမိခင်ဖြစ်သော ဒေါ်ယဉ်နွယ် ကျိန်းသေကိုသိရမည်။

သို့ရာတွင် သူတို့နောက်ခံအကြောင်းက ဘယ်လိုရှိမှန်းမသိခြင်း ကြောင့် ဒီကိစ္စကြီးကို တည့်တည့်သွားမေးလိုက်လျှင် ရှိုင်းရာကျသွားပေမည်။

ထိုစဉ် ဒေါ်ယဉ်နွယ် မုန့်နှင့်အအေးကို ယူ၍ အပြင်သို့ထွက်လာသည်။

'စားနော် သား၊ ဒါနဲ့ခေါင်းကဒဏ်ရာက ဘယ်လိုနေသေးလဲ'

'ပျောက်သွားပါပြီ အန်တီ'

'အေးကွယ်၊ အန်တီလည်း အဲဒီအကြောင်းကို တွေးမိတိုင်း စိတ်မကောင်းဖြစ်နေတာ'

'ရပါတယ် အန်တီရဲ့၊ နောက်တစ်ခါ မရိုက်မိရင်ဘဲ ကျွန်တော် ကျေနပ်ပါတယ်'

ဒေါ်ယဉ်နွယ် ပြုံးပြန်သည်။

မိုးစက်လည်း ပြုံး၏။ ကိုယ့်လုပ်ငန်းက စရတော့မှာကိုး...

'ဒါနဲ့ အန်တီ၊ ဟို လက္ခဏာတွေဘာတွေ အကြည့်ခံရတာကို ယုံသလားပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ပါတာပေါ့ သားရဲ့၊ ဘာဖြစ်လို့လဲ'

'ဪ… ကျွန်တော်က နည်းနည်းပါးပါး ကြည့်တတ်တော့လေ၊ အန်တီ့ကို အခုကြည့်ပေးရင် ကောင်းမလားလို့ စဉ်းစားမိလို့ပါ'

'ဟယ်… တကယ်၊ ဒါဆိုရင် ကြည့်ပေးစမ်းပါ သားရယ်၊ ရော့… ရော့'

ဟုပြောပြီး သူ့လက်တစ်ဖက်အား မိုးစက်ထံထိုးပေး၏။

ထိုအခါ မိုးစက်က ရှုပ်တည်ကြီးဖြင့်…

'ကျွန်တော်က အရမ်းမှန်တာနော် အန်တီ၊ မှန်တာတွေပြောရင် စိတ်ဆိုးမှာလား'

'အမယ်လေး သားရယ်၊ မှန်တာပြောတာများ စိတ်ဆိုးစရာလား'

မိုးစက် ငါးခူးပြုံး ပြုံးသည်။ ကိုယ့်ခွင်(ဗွင်)ထဲကို ဝင်လာပြီးကိုး။

ဒေါ်ယဉ်နွယ်၏ လက်ကိုကိုင်၍ ဟိုကြည့်ဒီကြည့် ကြည့်သည်။ အသက်ကြီးနေပြီဖြစ်သဖြင့် လက်အရေပြားအနည်းငယ် တွန့်နေခြင်းကိုသာ တွေ့ရပြီး ကျန်လက်ဖဝါးပေါ်မှ လက္ခဏာအရေးအကြောင်းတွေကိုတော့ မိုးစက် ဘာမှ နားမလည်ပါ။

ဘယ်နားလည်ပါ့မလဲ။ ဒီလက္ခဏာပညာကို တတ်မှမတတ်ဘဲနဲ့ဟာ။ ဒါပေမဲ့ ကိစ္စတော့ မရှိပါ။ ပါးစပ်ပါ ရွာရောက်ဆိုတဲ့စကားပုံရှိသားပဲဟာ။ ကိုယ့်မှာက ပါးစပ်ကြီးတစ်ခုလုံး ရှိနေတာ။ အချိန်တန်ရင် ရွာရောက်မှာပေါ့။

'အဟမ်း… အဟမ်း… ကျွန်တော်မြင်တာကိုပြောရရင် အန်တီက ငယ်စဉ်ကတည်းက ငွေရေးကြေးရေးမှာ ကံကောင်းတတ်တယ်'

'မှန်တာပေါ့ သားရယ်၊ အန်တီတို့က ဘိုးစဉ်ဘောင်ဆက် ချမ်းသာခဲ့တာလေ'

ဒါကို ကိုယ်သိသည်လေ။ ဆက်၍…

'အင်း… ပြီးတော့ အန်တီက ငယ်ငယ်တုန်းက ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်ခဲ့လိမ့်မယ်'





'အဟင်း… ဒါလည်း မှန်ပြန်ပြီ သားရယ်၊ ငယ်ငယ်တုန်းကဆိုရင်တော့ အန်တီ့ကိုလာကြိုက်တဲ့လူတွေ များလွန်းလို့ ခါတောင်ချရတယ်'

ဒေါ်ယဉ်နွယ် သဘောတွေကျပြီး တဟင်းဟင်းဖြစ်နေပါတယ်။ အဲ… အမျိုးသမီးကြီးတစ်ရာမှာ တစ်ရာလုံးက ဒီလိုမျိုးအပြောခံရရင် ဒီလိုမျိုးပဲ ပြန်ဖြေမယ်ဆိုတာလေးတော့ ရှိပေမပေါ့။

ယော်ပါစေ ခဏနေရင် ကိုယ်က သူ့ကိုဒုက္ခတွင်းထဲ ပို့တော့မှာကိုး။

မိုးစက် မျက်နှာကို တည်၍…

'အင်း… အန်တီက ဒီလိုအစစအရာရာ ကံကောင်းခဲ့ပေမယ့် အန်တီ့ဆီမှာ ချို့ယွင်းချက်လေးတစ်ခုတော့ ရှိခဲ့တယ်'

ထိုသို့ပြောပြီး မိုးစက်စကားကို ခဏရပ်လိုက်၏။ ထိုအခါ ဒေါ်ယဉ်နွယ်က အားမလိုအားမရဖြစ်သွားပြီး…

'ဘာများလဲ သားရဲ့ ပြောလေ'

'အင်း.. အိမ်ထောင်ရေးပါ'

ဒေါ်ယဉ်နွယ် မျက်နှာကွက်ခနဲပျက်သွား၏။ မိုးစက်လည်း ဘာမှဆက်၍မပြောဘဲ ငြိမ်နေလိုက်သည်။ ခဏကြာမှ…

'ကျွန်တော်ပြောတာ မှားလို့လား အန်တီ'

ဒေါ်ယဉ်နွယ် သက်ပြင်းကို အရင်ချ၍…

'မမှားပါဘူးကွယ်၊ သားပြောတဲ့အတိုင်းပဲ အန်တီက အိမ်ထောင်ရေး ကံမကောင်းခဲ့ဘူး ဆိုပါတော့'

ဟု ဝန်ခံလိုက်ရာ မိုးစက် သတိကြီးကြီးထား၍ ဒုတိယမောင်းကို ဆင်တင်သည်။

'အဲ… ဒါပေမဲ့ အန်တီ့မှာ သားသမီးရ ကံကောင်းတဲ့လက္ခဏာတော့ ပါတယ်ဗျ၊ ပါတာမှ ရှားရှားပါးပါးကိုပါတာ'

ဒေါ်ယဉ်နွယ် ခပ်ယဲ့ယဲ့ပြုံး၍…

'ဘယ်လိုများ ရှားရှားပါးပါး ပါတာလဲ သားရဲ့'

'ဘယ်လိုပါသလဲဆိုတော့ ဟိုအမြွာပူးတို့ဘာတို့ မွေးတတ်တဲ့ လက္ခဏာပါတာ အန်တီ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ပြီးနောက် မိုးစက် ဒေါ်ယဉ်နွယ်၏ မျက်နှာကို ဖြတ်ခနဲ လှမ်းကြည့်လိုက်လေသည်။ ဒေါ်ယဉ်နွယ်မှာ သိသိသာသာကိုပင် မျက်နှာပျက်သွားကြောင်း တွေ့လိုက်ရ၏။

သို့ရာတွင် မိုးစက် မသိချင်ယောင်ဆောင်ကာ ဆက်၍…

'အင်း… ပြောမယ့်သာ ပြောရတာပါ၊ အန်တီက ရွှေပါရုံ တစ်ယောက်တည်း မွေးထားတာဆိုတော့ ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ'

ဟု ပြောလိုက်ရာ ဒေါ်ယဉ်နွယ် မျက်လုံးကို တစ်ချက်စုံမှိတ်ပြီး…

'သားပြောတာက ဖြစ်ကိုဖြစ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီး ရွှေပါရုံမှာ သဒ္ဒါရုံဆိုတဲ့ အမြွှာညီမလေးတစ်ယောက် ရှိခဲ့တယ်လေ'

ကိုယ်တွေးထားတဲ့အတိုင်းဖြစ်နေသဖြင့် မိုးစက် ကြိတ်၍ ပြုံးမိသည်။ ဒါပေမဲ့ ဒေါ်ယဉ်နွယ် နောက်ဆက်တွဲ ပြောဆိုလိုက်သော စကားကြောင့် ထိုအပြုံး လွင့်စင်သွားပြီး အံ့သြခြင်းတို့ ဝင်ရောက်လာပါတော့သည်။ ဒေါ်ယဉ်နွယ်က အတင်းဖျစ်ညှစ်ကာ ထွက်လာသော လေသံမျိုးဖြင့်…

'ဒါပေမဲ့ သမီးငယ်လေး သဒ္ဒါရုံဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်ထဲက ဆုံးသွားပါပြီ'

'ဗျာ'

မိုးစက် ပါးစပ်ဟောင်းလောင်း ဖြစ်မိသွား၏။

သဒ္ဒါရုံက လူ့လောကကြီးမှာ အရှင်လတ်လတ်ရှိနေသေးတာပဲ ကိုယ်အသိဆုံးလေ။ ဧကန္တ ကွဲကွာနေတဲ့ယောကျ်ားကို မုန်းတာနဲ့ ယောကျ်ားနဲ့ပါသွားတဲ့သမီးဖြစ်သူကိုပါ ရောပြီး မုန်း၍အဆုံးသတ်စကားပြောတာ ထင်သည်။

မိခင်တစ်ယောက်အနေနဲ့ ကိုယ့်သားသမီးကို ဒီလိုပြောတာ သိပ် မဟုတ်လှ။ ထို့ကြောင့် မိုးစက် မခံချင်ဖြစ်သွားသည်။

'ဒီကိုတော့ မပြောပါနဲ့ အန်တီရယ်၊ သဒ္ဒါရုံက လူ့လောကကြီးမှာ သူ့အဖေနဲ့အတူတူ ခုချိန်ထိ ရှိနေပါသေးတယ်'





ထိုသို့ပြောလိုက်ခြင်းကြောင့် ဒေါ်ယဉ်နွယ် အံ့အားသင့်ဟန်ဖြင့် မိုးစက်ကို ကြည့်ပြီး…

'မင်း ဘယ်လိုပြောလိုက်တာလဲ မောင်မိုးစက်'

မိုးစက်ခေါင်းညိတ်၍…

'ကျွန်တော်နဲ့ သဒ္ဒါရုံက သိပ်မကြာသေးခင် အချိန်ကမှ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာပါ အန်တီ'

'ဘယ်လို သမီးလေး သဒ္ဒါရုံနဲ့ မင်းနဲ့က သူငယ်ချင်းတွေ ဟုတ်လား'

'ဟုတ်ကဲ့၊ ခင်တာတော့ လပိုင်းလောက်ပဲ ရှိပါသေးတယ်'

ဒေါ်ယဉ်နွယ် မိုးစက်ကို သေချာစွာ စိုက်ကြည့်သည်။ ပြီးမှ မိုးစက် အမှန်အတိုင်းပြောနေမှန်း ရိပ်မိသွားခြင်းကြောင့် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့်…

'အင်း… သားပြောတာကို အန်တီ သဘောပေါက်သွားပြီ၊ ဒီတော့ သားသဘောပေါက်အောင်လည်း အန်တီ ဒီကိစ္စတွေကို ပြောပြရတော့မှာပေါ့၊ ပြောဖို့လည်း အရင်ကတည်းက စဉ်းစားပြီးသားပါ၊ ဒါပေမဲ့ အန်တီ နှုတ်တွန့်နေမိခဲ့တယ်၊ ခု အန်တီပြောတာတွေကို သား သေသေချာချာ နားထောင်ပေးပါ၊ ပြီးတော့ ဘာဆက်လုပ်သင့်သလဲဆိုတာကို ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့'

ထိုသို့ပြောပြီး စကားစကို ဖြတ်ကာ မိုးစက်အား လှမ်းကြည့်သည်။ မိုးစက် စိတ်ပါဝင်စားစွာ နားထောင်နေမှန်းသိမှ တည်ငြိမ်သောလေသံဖြင့်…

'သားနဲ့ ခင်ခဲ့တဲ့ သဒ္ဒါရုံဆိုတာ တခြားလူတော့မဟုတ်ပါဘူး၊ အန်တီ့သမီး ရွှေပါရုံပါပဲ'

'ဗျာ'

ပါးစပ်ပါရွာမရောက်ဘဲ ရွာလည်သွားပါတော့သည်။

'ဟုတ်တယ် သား၊ ရွှေပါရုံက တစ်ခါတလေကျရင် သူ့ကိုယ်သူ သူ့ညီမလေး သဒ္ဒါရုံလို့ထင်ပြီး သွားလာနေထိုင်တတ်တယ်'

မိုးစက် ခေါင်းကုတ်မိသည်။ ရင်လည်း လေးသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'အန်တီ ကျွန်တော့်ကို ဒီထက်ရှင်းအောင် ပြောပြလို့မရဘူးလား'

ဒေါ်ယဉ်နွယ် အဝေးသို့ငေးကြည့်သည်။

ပြီးမှ သက်ပြင်းချကာ…

'အင်း… သားရှင်းအောင်ပြောပြရမယ်ဆိုရင် ဒီလိုကွဲ့…'

□ □ □



## အခန်း(၁၁)

ဤဇာတ်လမ်းမြစ်ဖျားခံရာ အကြောင်းကို ပြောရမည်ဆိုလျှင် စိတ်ထားချင်း အရှေ့အနောက်ဖြစ်နေခဲ့ကြသော လူနှစ်ယောက်ကြောင့်ဟု ဆိုကမမှားနိုင်ချေ။

ထိုသူနှစ်ယောက်မှာ ဦးကျော်မောင်နှင့် ဒေါ်ယဉ်နွယ်တို့နှစ်ဦးပင်ဖြစ်ကြသည်။ မိဘများက နေနှင့်လ၊ ရွှေနှင့်မြပမာ တင်စားပြီး ပေးစားလိုက်ကြသော်လည်း နှစ်ယောက်သား၏ စရိုက်မှာ လုံးဝကို မတူညီကြ။

ဦးကျော်မောင်မှာ အနေအေးပြီး စာအုပ်ဆန်သော လူစားမျိုးဖြစ်သည်။ ဒေါ်ယဉ်နွယ်ကတော့ ပညာတတ်မိန်းကလေးဖြစ်သည်နှင့်အညီ ခေတ်ဆန်စွာ သွားလာနေထိုင်ပျော်ပါးခဲ့သော မိန်းကလေးမျိုးသာဖြစ်၏။

အိမ်ထောင်ကျပြီး သိပ်မကြာခင်မှာပင် မွေးဖွားလာသော ရူပါရုံနှင့် သဒ္ဓါရုံဆိုသော အမြွှာသမီးကလေးနှစ်ယောက်ကြောင့် ၎င်းတို့ကိုယ်၌က မိကောင်းဖခင်သားသမီးတွေဖြစ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ တစ်ဦးအပေါ် တစ်ဦး စရိုက်မတူသော်လည်း အတတ်နိုင်ဆုံး သည်းညည်းခံကာ ပေါင်းသင်းခဲ့ကြသည်။ သမီးများ ငါးနှစ်ခန့်အရွယ်ရောက်သောအခါ ဘယ်လိုမှ ညှိနှိုင်းမရတော့ခြင်းကြောင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြတော့သည်။

ဤသို့လမ်းခွဲရာတွင် ဦးကျော်မောင်က အငယ်မ သဒ္ဓါရုံကိုခေါ်ယူခဲ့ပြီး ဒေါ်ယဉ်နွယ်ကတော့ အကြီးမဖြစ်သူ ရူပါရုံကို ခေါ်ယူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မိဘများသဘောထားချင်း မတိုက်ဆိုင်ခြင်းကြောင့်လမ်းခွဲခဲ့ကြသော်လည်း ရှုပါရုံတို့၏ ညီအစ်မသံယောဇဉ်ကိုတော့ ခွဲမပစ်ကြဘဲ နှစ်ဦးသား ညှိနှိုင်းကာ ၎င်းတို့ညီအစ်မချင်းကို တစ်ပတ်တစ်ခါအားလပ်ရက်များတွင် အဖေ (သို့) အမေအိမ်တွင် ဆုံတွေ့စေခဲ့၏။

ထိုသို့တစ်ပတ်တစ်ခါ ဆုံတွေ့စေခဲ့ခြင်းကြောင့် ရှုပါရုံတို့အကြား ညီအစ်မသံယောဇဉ်မှာ ခိုင်မြဲသည်ထက် ခိုင်မြဲလာခဲ့လေသည်။

ဤသို့သော ပုံစံများဖြင့် နှစ်များစွာ ကြာမြင့်လာသော ရှုပါရုံနှင့် သဒ္ဒါရုံတို့မှာ လှသေးကြွယ်သည့် အရွယ်တိုင်ခဲ့ပြီး ကိုယ်ပိုင်စရိုက်လက္ခဏာတို့သည်လည်း သိသာထင်ရှားလာခဲ့သည်။

လောကကြီး၏ ပဥ္စလက်ဆန်ဆန် လှည့်ကွက်များသည် အမှန်တကယ်ပင် အံ့သြစရာကောင်းပါသည်။ အဘယ်ကြောင့်ဆိုရသော် ဖခင်နှင့်နေသော သဒ္ဒါရုံသည် မိခင်ဒေါ်ယဉ်နွယ်ကဲ့သို့ သွက်လက်ထက်မြက်သော စရိုက်ရှိနေခဲ့ပြီး မိခင်နှင့်အတူနေထိုင်သော ရှုပါရုံမှာတော့ ဖခင်ဖြစ်သူ ဦးကျော်မောင်ကဲ့သို့ အနေအထိုင်အေးဆေးတည်ငြိမ်ပြီး နူးညံ့သိမ်မွေ့သော စရိုက်ကို ပြသခဲ့လေ၏။

ပြောရရင် ဆန့်ကျင်ဘက်တို့၏ ဆန့်ကျင်ဘက်တွေဖြစ်သွားခြင်းပင်ဖြစ်သည်။ သို့ရာတွင် သဒ္ဒါရုံနှင့် ရှုပါရုံမှာ မိဘနှစ်ပါးကဲ့သို့ သဘောထားကွဲလွဲမှု လုံးဝမရှိဘဲ နားလည်မှုချစ်ခင်မှုတွေသာ အပြန်အလှန်ဖြစ်ခဲ့ကြပြီး နှစ်ယောက်သား၏ သံယောဇဉ်မှာ အနှိုင်းမဲ့ပင် နက်ရှိုင်းလာခဲ့သည်။

ရှုပါရုံက သွက်လက်ထက်မြက်လှသော ညီမဖြစ်သူ သဒ္ဒါရုံကို အားကိုးချစ်ခင်သကဲ့သို့ သဒ္ဒါရုံကလည်း မိမိအပေါ်တွင် အမြဲတမ်းအနစ်နာခံတတ်သော အစ်မဖြစ်သူကို အလွန်ချစ်ခင်ခဲ့ပါသည်။

၎င်းတို့ညီအစ်မ၏ ဖြူစင်သော သံယောဇဉ်ကြိုးကို ထပ်ခြမ်းခြမ်းပစ်မည့် ကံကြမ္မာနတ်ဆိုးက ထိုနေ့တွင် အရာတစ်ခုကို တောင်းဆိုခဲ့၏။

ဒါက ရှုပါရုံ ကားမောင်းသင်လိုခြင်းပင်ဖြစ်သည်။

သွက်လက်ထက်မြက်သော သဒ္ဒါရုံက အရွယ်စရောက်ကတည်းက ကိုယ်တိုင်ကားကို ကျွမ်းကျင်စွာ မောင်းနှင်တတ်နေပြီဖြစ်သော်လည်း





ကြောက်တတ်သော ရှုပါရုံကတော့ စိတ်မရဲသဖြင့် ကားမမောင်းတတ်သေးချေ။ ထို့ကြောင့် ညီမဖြစ်သူ မောင်းသောကားကိုသာ အမြဲစီးခဲ့ရ၏။

ဒီလိုနေခဲ့ရတာ ကြာတော့ ကိုယ်ကိုတိုင် ကားမောင်းတတ်ချင်စိတ်ပေါ်လာ၏။ ထို့ကြောင့် မိမိအား ကားမောင်းသင်ပေးပါရန် သဒ္ဒါရုံအားပြောဆိုသောအခါ သဒ္ဒါရုံက ဝမ်းမြောက်ဝမ်းသာဖြင့် သင်ပေးရန် သဘောတူခဲ့ပြီး တစ်ရက်တွင် လူရှင်းသော လမ်း၌ ညီအစ်မနှစ်ယောက် ပျော်ရွှင်စွာ ကားမောင်းသင်ခဲ့လေ၏။

ဤသို့ အမောင်းသင်၍ နာရီအနည်းငယ်ကြာမြင့်လာသောအခါ ရှုပါရုံမှာ မောင်း၍အသားကျသလိုဖြစ်သွားခြင်းကြောင့် အနည်းငယ်စိတ်ရဲလာခဲ့လေသည်။

ထို့ကြောင့် ကားကို စတင်၍ မောင်းတတ်သူတို့၏ ထုံးစံအတိုင်း မြန်မြန်မြန်မောင်းကြည့်ချင်စိတ်လည်း ပေါက်လာ၏။ လမ်းကလည်း ရှင်းပြန် လူကလည်း မောင်းချင်နေပြန်သဖြင့် အရဲစွန့်ပြီး အရှိန်မြှင့်လိုက်ရာ နံဘေးတွင်ထိုင်၍ သင်ပေးနေသော သဒ္ဒါရုံက ယခုမှစတင်၍ မောင်းတတ်ကာစတွင် ဤသို့အရှိန်မြှင့်မမောင်းရန် ပြောနေခိုက်တွင် လမ်းချိုးတစ်ခုအတွင်းမှ ကားတစ်စီးက ရုတ်တရက်ဆိုသလို ထွက်ပေါ်လာလေ၏။

ပုံမှန်အားဖြင့်ဆိုလျှင် ကားမောင်းကျွမ်းကျင်ပါက ဒီလိုအခြေအနေမျိုးသည် အန္တရာယ်ဖြစ်ရန် အကြောင်းမရှိချေ။ သို့ရာတွင် ရှုပါရုံမှာ ယခုမှ မောင်းတတ်ကာစဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရုတ်တရက်မို့ ကြောက်လန့်ပြီး ပျာယာခတ်သွားခြင်းကြောင့်လည်းကောင်း၊ ဘရိတ်နင်းလိုက်ရမည့်အစား ယောင်ပြီး လီဗာကိုအဆုံးထိ နင်းလိုက်မိသဖြင့် ကားမှာ ပို၍အရှိန်မြန်သွားပြီးတစ်ဖက်မှ ကားကို သွားတိုက်မိပါတော့သည်။

၎င်းအဖြစ်အပျက်၏ နောက်ဆက်တွဲအကျိုးဆက်က သဒ္ဒါရုံတစ်ယောက် ကံဆိုးစွာဖြင့်ပင် ၎င်းနေရာ၌ ပွဲချင်းပြီး သေဆုံးသွားသကဲ့သို့ ရှုပါရုံက ပြင်ပဒဏ်ရာအနည်းငယ်ဖြင့် ဆေးရုံသို့ ရောက်သွားခဲ့လေသည်။

ဆေးရုံ၌ လအနည်းငယ်ကြာသောအခါ ရှုပါရုံမှာ ပြင်ပမှဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပျောက်ကင်းသွားသော်လည်း စိတ်အတွင်းပိုင်း၌မူ နက်ရှိုင်းလှသော ဒဏ်ရာကြီးတစ်ခု ကျန်ရစ်နေခဲ့လေတော့သည်။

ဒါက မိမိကြောင့် မိမိညီမလေး သေဆုံးသွားခဲ့ရသည်ဟူသော ယူဆချက် အစွဲအလမ်းကြီးတစ်ခုပင်ဖြစ်သည်။

ညီမငယ် သဒ္ဒါရုံ သေဆုံးသွားခြင်းကို အသိတရားက သိမြင်ခဲ့သော်လည်း အတွင်းစိတ်ကတော့ ဘယ်လိုမှကို လက်မခံချင်တော့လောက်အောင် ဖြစ်နေခဲ့ရသည်။

ထိုစိတ်ဓာတ်အစွဲအလမ်းကြီးသည် ကြာမြင့်လာသောအခါ စိတ္တဝေဒနာစွဲကပ်လာပြီး တကယ်မရှိသော သဒ္ဒါရုံကို တကယ်ရှိသယောင်ပြုလုပ်ဖန်ဆင်း၍ ကိုယ့်ကိုယ်ကိုယ်ပင် သဒ္ဒါရုံဟု ခံယူကာ သဒ္ဒါရုံနေထိုင်ပြောဆိုဟန်များအရာအားလုံးကို လိုက်လုပ်လေသည်။

ထိုသို့ ဒေါ်ယဉ်နွယ် မျက်ရည်တလည်လည်ဖြင့် ပြောဆို၍ ပြီးသွားမှ မိုးစက်လည်းလက်မခံချင်ဘဲ လက်ခံလိုက်ရသည်။

သို့သော် စိတ်ထဲတွင် မကျေလည်သေးသော မေးခွန်းများကို ထပ်မံ၍ မေးမိ၏။

'ဒါနဲ့ အန်တီတို့က ရွှေပါရုံ ဒီလိုဖြစ်သွားတော့ ဆေးတွေဘာတွေ ထပ်မကုဘူးလား'

'ကုတာပေါ့ သားရယ်၊ ပြလိုက်တဲ့ ဆရာဝန်တွေလည်း အများကြီးပါပဲ၊ ပြီးတော့ ဆရာဝန်ပြောတဲ့အတိုင်း အန်တီတို့ ဆေးတွေကိုလည်း ပုံမှန်တိုက်ပါတယ်၊ ဒါပေမဲ့ ထူးမလာပါဘူး'

'သြော်... ပြီးတော့ အန်တီ သူ သဒ္ဒါရုံဘဝနဲ့ ကျင်လည်နေခဲ့တဲ့ အချိန်မှာ ပြောဆိုဆက်ဆံခဲ့တဲ့လူတွေ ပတ်ဝန်းကျင်တွေကို ပုံမှန် ရွှေပါရုံဘဝကို ပြန်ရောက်သွားတဲ့အချိန်မှာ မှတ်မိလား'

'ဟင့်အင်း... သတိမရတတ်ဘူး သား၊ သူ သဒ္ဒါရုံအနေနဲ့ ပြန်ဖြစ်မှသာ ပြန်သတိရတတ်တာ'

ဟု ပြန်ဖြေလိုက်ခြင်းကြောင့် မိုးစက် သဘောပေါက်သွားပြီး ခေါင်းညိတ်မိ၏။ ဒါကြောင့် ကိုယ့်ကို သဒ္ဒါရုံအနေနဲ့ အရင်တွေ့ခဲ့တာတောင် ရွှေပါရုံက မမှတ်မိတာကိုး။

'ခုရော သဒ္ဒါရုံ... အဲ... ရွှေပါရုံ ဘယ်ကိုသွားလဲ အန်တီ'

ဒေါ်ယဉ်နွယ် သက်ပြင်းချ၍...

'သဒ္ဒါရုံစိတ် ဝင်လာပြီး သူ့အဖေဆီမှာ သွားနေတယ်လေ'

'သြော်... ဒါမျိုးစိတ်အပြောင်းအလဲက အချိန်ဘယ်လောက်လောက် ကွာခြားမှ ဖြစ်တတ်လဲ အန်တီ'

'အင်း... ပုံမှန်တော့ မရှိဘူး သား၊ များသောအားဖြင့်ဆိုရင် နှစ်လကြာလောက်မှာ ဖြစ်မယ်ထင်တယ်'

မိုးစက်ဘာမှပြန်၍ မပြောဖြစ်ဘဲ ငြိမ်၍တွေးနေမိသည်။

နူးညံ့သိမ်မွေ့သော ရွှေပါရုံနှင့် ထက်မြက်သွက်လက်သော သဒ္ဒါရုံ တစ်ယောက်တည်းတဲ့။ ဘယ်လိုကြမ္မာမျိုးလဲ။ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ နင့်ခနဲဖြစ်မိသွားသည်။

ထိုစဉ် ဒေါ်ယဉ်နွယ်က...

'အင်း... အခု သားလည်း အကြောင်းစုံကို သိသွားပြီဆိုတော့ သမီးနဲ့ကိစ္စကို ခေါင်းအေးအေးနဲ့ စဉ်းစားပေါ့၊ အန်တီကတော့ ဘယ်လိုမှ တိုက်တွန်းချင်ပါဘူး၊ သားဆန္ဒပါ'

မိုးစက် ဘာမှပြန်မပြောပါ။ သက်ပြင်းအရင်ချ၍...

'ကျွန်တော် သွားလိုက်ဦးမယ် အန်တီ'

'သြော်... အေး... အေး'

ထိုသို့ဖြင့် မိုးစက် ထွက်လာခဲ့သည်။

ဒီကိစ္စနှင့် ပတ်သက်၍ စိတ်ထဲမှာ မကျေလည်သေးပါ။ ထပ်၍ အဖြေရှာကြည့်ချင်နေသေးသည်။ ထိုအဖြေကို ပေးနိုင်မဲ့သူကို ခေါင်းထဲ၌ စဉ်းစားကြည့်မိ၏။

တစ်စုံတစ်ယောက်၏ မျက်နှာ ကွက်ခနဲပေါ်လာသည်။

'ဟာ... ဟုတ်ပြီ၊ ဒီကောင့်ဆီ သွားကြည့်ရမယ်'

မိုးစက် ပြောသည့် ဒီကောင်ဆိုသည်မှာ...

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

'စိတ်ကျန်းမာရေးဆေးရုံ'

ဟု ဆိုင်းဘုတ်တင်ထားသော အဆောက်အအုံကြီးတစ်ခုအတွင်းသို့ မိုးစက် ဝင်ရောက်လာခဲ့သည်။

ပြီးနောက် စုံစမ်းရန်ဆိုသော စာတန်းချိတ်ဆွဲထားသည့် ကောင်တာတွင် စုံစမ်းကြည့်လိုက်မိသည်။ ၎င်းနေရာရှိ ဝန်ထမ်းအမျိုးသမီးက ထမင်းစားနေသည်။

'ကျွန်တော် မျိုးမင်း အဲ… ဒေါက်တာမျိုးမင်းနဲ့ တွေ့ချင်လို့ပါ'

ပါးစပ်ထဲတွင် ထမင်းလုပ်ပြည့်နေခြင်းကြောင့် ခြေဟန်လက်ဟန်ဖြင့် ကောင်တာတစ်ခုသို့ လက်ညှိုးထိုးပြသည်။ သူမ လက်ညှိုးထိုးပြသည့် ကောင်တာတွင် အမျိုးသမီးတစ်ဦးထိုင်နေခြင်းကြောင့် မိုးစက် ခေါင်းကိုငြိမ့်၍…

'ကျွန်တော် တွေ့ချင်တဲ့ ဒေါက်တာမျိုးမင်းက ယောက်ျားကြီးနော်၊ မိန်းမ မဟုတ်ဘူး၊ ခင်ဗျား မှားနေပြီထင်တယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် ထိုအမျိုးသမီးက မျက်လုံးပြူး၍ ခေါင်းခါကာ ဂူးဂူးဝါးဝါးဖြင့် ဘာတွေမှန်းမသိ ထပ်ပြောပါသည်။ မိုးစက် နားမလည်ပါ။

'အာ… ခင်ဗျား ဘာတွေပြောနေတာလဲ'





ထိုသို့နားမလည် ပါးမလည်တွေ ဖြစ်နေရခြင်းကြောင့် ကောင်တာရှိ စာရေးမကလည်း ပါးစပ်ထဲရှိ ထမင်းလုပ်ကို ကမန်းကတမ်း ဝါးကာ မြိုချရတော့သည်။ ဒါမှလည်း ဒီသကောင့်သားကို စကားပြောလို့ရမှာကိုး။ သို့ရာတွင် ဆန္ဒအတိုင်းဖြစ်မလာဘဲ မျက်လုံးကြီးသာ ပို၍ပြူးထွက်လာပြီး သူ့ရင်ဘတ် သူ့လက်ဖြင့် ထုကာ တအွန့်အွန့်လုပ်ကာ နေသည်။

ထို့ကြောင့် မိုးစက်လည်း ထိုအမျိုးသမီးကို ကြည့်ကာ စိတ်ပျက်လက်ပျက်လေသံဖြင့်…

'ကျွတ်… စိတ်ကျန်းမာရေးဆေးရုံလို့ မပြောရဘူး၊ စုံစမ်းရန်ကောင်တာမှာ စကားမပြောတတ်တဲ့ အမျိုးသမီးကို ခန့်ထားရတယ်လို့ကွာ ဟင်း'

ထိုသို့ပြောဆိုလိုက်ပြီးချိန်တွင် ၎င်းအမျိုးသမီးက ရေတစ်ခွက်ကို ခွတ်ခနဲ ယူသောက်၍ ဟင်းခနဲ သက်ပြင်းအရင်ချကာ မျက်နှာထားတင်းတင်းဖြင့်…

'ဒီမှာ… ဒီမှာ… ရှင် ခုနက ဘာစကားပြောတာလဲ'

'ဟောဗျာ၊ မင်း စကားပြောတတ်တယ် ဟုတ်လား'

'မပြောတတ်ဘဲ နေမလားရှင့်… ဟွန်း…'

'သိဘူးလေကွာ၊ စတွေ့ကတည်းက မင်းက တအွန်းအွန်းလုပ်နေတော့ ငါက အ,နေတယ်ပဲ ထင်တာပေါ့'

'အဲဒါ ထမင်းနင်နေလို့ရှင့်၊ နင်နေလို့'

'ဪ… ဒီလိုလား၊ ဆောရီးကွာ၊ ဒါနဲ့ ငါ ဒေါက်တာမျိုးမင်းကို တွေ့ချင်တယ်၊ သူ ဘယ်သူလဲ'

ထိုအခါ အမျိုးသမီးက ခုနက လက်ညှိုးထိုးပြသော ကောင်တာကိုပင် ထပ်၍လက်ညှိုးထိုးပြကာ…

'ဒေါက်တာမျိုးမင်းကို တွေ့ချင်ရင် အဲဒီကောင်တာကို အရင်သွားပြီး စာရင်းပေးရမယ်'

'သဘောပေါက်သွားပြီ၊ ကျေးဇူးပဲဗျာ၊ ထမင်းပြန်စားနော်၊ ဪ… ဒါနဲ့ ခုနလို နင်အောင်မစားနဲ့ သိလား၊ အခန့်မသင့်ရင် သေတတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး တစ်ဘက်ကောင်တာသို့ ထွက်လာခဲ့လေသည်။ ထိုကောင်တာမှ အမျိုးသမီးကို ကြည့်ရတာ သဘောကောင်းပုံရပါသည်။ မိုးစက်က…

'ဒီမှာ ခင်ဗျ၊ ကျွန်တော် ဒေါက်တာမျိုးမင်းနဲ့ တွေ့ချင်လို့ပါ၊ အဲဒါ ဒီမှာစာရင်းအရင်ပေးရမယ်ဆိုလို့ လာတာပါ'

ဟု ပြောလိုက်ရာ ၎င်းအမျိုးသမီး ဖြတ်ခနဲထ၍ မိုးစက်အား စူးစမ်းဟန်ဖြင့် ကြည့်ပြီး…

'ဟုတ်ပါတယ်၊ ဒါနဲ့ ရှင်တစ်ယောက်တည်းလာတာလား'

'အင်း… တစ်ယောက်တည်း လာတာပါ'

'အဖော်လေးဘာလေး ခေါ်လာရောပေါ့ရှင်'

မိုးစက် နဝေတိမ်တောင်ဖြစ်သွားပြီး…

'ဘာများဖြစ်လို့လဲဗျ'

ထိုအမျိုးသမီးက မိုးစက်အား သေသေချာချာ လေ့လာဟန်ပြုပြီးမှ…

'ထားပါလေ၊ ရှင့်ပုံစံကြည့်ရတာ အခြေအနေကောင်းပုံရပါတယ်၊ ဒါပေမဲ့ နောက်တစ်ခါလာရင်တော့ အဖော်လေးဘာလေး ခေါ်ခဲ့နော်'

မိုးစက် အူတူတူဖြင့် ခေါင်းညိတ်ပြမိသည်။ ဧကန္တ ဒီဆေးရုံက ဩ္စည်သည်လာရင် တစ်ယောက်တည်း လက်မခံဘူးနဲ့တူတယ်။ ဒီစည်းကမ်းက ထူးတော့ထူးဆန်းသည်။ အေးပေါ့လေ။ စိတ်ရောဂါကုဆေးရုံပဲဟာ။ ဒီလောက်တော့ ထူးဆန်းပေမပေါ့။

အမျိုးသမီးက စာရင်းစာအုပ်တစ်အုပ်ကို တဖြတ်ဖြတ်လှန်၍…

'ရှင့်နာမည်ပြော'

'မိုးစက်ပါ၊ ငယ်နာမည်ပါ ပြောရမှာလား'

'မလိုဘူး၊ ရှင့်အသက်က'

'၂၈ နှစ်ပါ'

'ဒေါက်တာမျိုးမင်းနဲ့ ပြတာ ကြာပြီလား'

'ပြတယ်ဆိုတာ ဘာကိုပြောတာလဲဗျ'





စာရင်းရေးရင်းမှ မိုးစက်အား မျက်လုံးလှန်ကြည့်၍…

'အင်း… ဒီစကားကို ရှင်သဘောမပေါက်ဘူးဆိုရင် ရှင်နဲ့ ဒေါက်တာနဲ့ အရင်တုန်းက တွေ့ဖူးလား'

'သြော်… ဒါလား၊ တွေ့ဖူးတာပေါ့ဗျ'

ဟုတ်တယ်လေ။ ငယ်သူငယ်ချင်းတွေပဲဟာ။ မတွေ့ဖူးဘဲနေမလား။ စာရေးမက ဆက်၍…

'ဟုတ်ပြီ၊ ဒီလိုတွေ့ဖူးတာ ဘယ်နှယ်ကြိမ်လောက်ရှိပြီလဲ'

မိုးစက် စဉ်းစားရကြပ်သွားမိသည်။ ကိုယ်တွေက ငယ်သူငယ်ချင်းတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်နှယ်ကြိမ်လောက် တွေ့ခဲ့ကြတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ရေတွက်လို့ ရနိုင်မှာလဲ။ ထို့ကြောင့်…

'အဲဒါတော့ ကျွန်တော်လည်း ဘယ်မှတ်မိတော့မလဲဗျာ၊ ကြာပဲကြာလှပြီပဲဟာ'

ထိုသို့ ပြောလိုက်ခြင်းကို စာရေးမက သဘောပေါက်သွားဟန်ဖြင့်…

'ဟုတ်ပြီလေ၊ ဒါဆိုရင် ဟိုအခန်းရှေ့က ခုံတန်းလေးမှာ ထိုင်စောင့်နေ၊ ဒေါက်တာမျိုးမင်းက အထဲမှာ လူနာနဲ့ တွေ့နေတယ်၊ အထဲကလူနာပြီးရင် ရှင့်အလှည့်ပဲ'

'သြော်… ဟုတ်ကဲ့'

ထို့ကြောင့် မိုးစက်လည်း စာရေးမညွှန်ပြသော ခုံတန်းလေးတွင် သွား၍ ထိုင်လိုက်သည်။ အပေါ်ကို မော့ကြည့်တော့ အခန်းဝအထက်တွင် ချိတ်ဆွဲထားသော သစ်သားပြားလေးထက်တွင် ဒေါက်တာမျိုးမင်းဟု ရေးသားထားသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် မိုးစက် အလိုအလျောက်ဝင် ပြုံးမိသွားသည်။ ကြည့်စမ်း ကိုယ့်ကောင်က တော်တော်ကိုအဆင့်မြင့်နေပြီပဲ၊ သူ့ကိုတွေ့ဖို့အရေး စာရင်းတွေဘာတွေ ပေးထားရသည်ဆိုတော့ တော်တော်အောင်မြင်နေလို့သာ ဖြစ်လိမ့်မည်။ ထိုစဉ် အထဲမှ စကားပြောသံ ကြားရခြင်းကြောင့် မိုးစက်လည်း အခန်းထဲသို့ တရုတ်ကာပ မှန်ပြတင်းပေါက်မှနေ၍ အလိုအလျောက် ချောင်းကြည့်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌ မျိုးမင်းနှင့်လူနှစ်ယောက် ရှိနေကြောင်းကို တွေ့ရ၏။ ၎င်းလူနှစ်ယောက်အနက် တစ်ယောက်မှာ ကြောင်စီစီ ပုံစံဖြင့်လူနာဖြစ်ဟန် တူ၏။ ကျန်တစ်ယောက်မှာ ၎င်းလူနာ၏ အဖော်ဖြစ်ဟန်ရှိသည်။ မျိုးမင်းက အဖော်ဖြစ်သူအား…

'ကဲ… အခု ဘာထပ်ဖြစ်လာလို့လဲ၊ ကျွန်တော်ပေးတဲ့ဆေးတွေ မှန်မှန်မတိုက်ဘူးလား'

'တိုက်ပါတယ် ဆရာ၊ အခုဟာက ထူးခြားမှုတစ်ခုဖြစ်လို့ ဆရာ့ဆီကို လာတာပါ'

'ထူးခြားမှု ဟုတ်လား၊ ဘာထူးခြားလို့လဲဗျ'

ထိုအခါ အဖော်ဖြစ်သူက လူနာကို မေးငေါ့ပြ၍…

'သူ့လက်တစ်ဖက်က အကြောပိတ်သွားလို့ လုံးဝလှုပ်လို့မရတော့ဘူးလို့ ပြောနေတယ် ဆရာ'

'ဟာဗျာ… အဲဒါ ကျွန်တော့်ဆီကို မလာနဲ့လေ၊ အရိုးအကြောကု ဆရာဝန်ဆီကို သွားပေါ့ဗျ'

'မဟုတ်သေးဘူး ခင်ဗျ၊ သူအကြောပိတ်ခံရတာက အိပ်မက်ထဲမှာတဲ့၊ အခု သူက အပြင်မှာပါ လက်ကိုလှုပ်လို့မရတော့ဘူးဆိုလို့ ဆရာ့ဆီကို လာတာပါ'

'ဟော'

မျိုးမင်းတင်မဟုတ် အပြင်ဘက်တွင် ချောင်းနားထောင်နေသော မိုးစက်ပါ နဝေတိမ်တောင်ဖြစ်သွားမိသည်။ အိပ်မက်ထဲမှာ အကြောပိတ်ခံရတာနဲ့ အပြင်လောကမှာပါ လက်ကလှုပ်လို့မရတော့ဘူးဆိုတော့ ဘာလဲပေါ့။ ပြီးတော့ အကြောပိတ်ခံရတယ်ဆိုတာကြီးကလည်း ဘာကြီးမှန်းလဲ မသိ။

သို့ရာတွင် မျိုးမင်းကတော့ နားလည်သဘောပေါက်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်၍ လူနာအား ဦးတည်ကာ လေသံငြိမ်ငြိမ်ဖြင့်…

'ကဲ… ပြောပါဦး ခင်ဗျားက အိပ်မက်ထဲမှာ ဘာတွေဖြစ်ခဲ့လို့ ဒီလိုအကြောပိတ်သွားရတာလဲ'

ထိုသို့မေးလိုက်ခြင်းကြောင့် လူနာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…





'ဆရာ ဂျက်လီကို သိတယ်မဟုတ်လား'

မျိုးမင်း နဝေတိမ်တောင်ဖြစ်သွားဟန်ဖြင့်…

'ဂျက်လီ ဟုတ်လား၊ အဲဒါ ဘာကောင်လဲ'

'တရုတ်ကွန်ဖူးတတ်တဲ့ကောင်လေ ဆရာရာ၊ ပုပုနဲ့'

ထိုအခါမှ မျိုးမင်းသိသွားဟန်ဖြင့်…

'သြော်… သိပြီ၊ သိပြီ၊ တရုတ်အက်ရှင်မင်းသား ဂျက်လီ၊ ဟား သူက နာမည်ကြီးပဲဗျ'

မျိုးမင်းက ဂျက်လီကို သိသည်ဆိုခြင်းကြောင့် လူနာ ဝမ်းသာ အားရဖြစ်သွားပြီး ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်းကာ…

'အဲဒီကောင်က နာမည်ကြီးပေမယ့် အကျင့်မကောင်းဘူး ဆရာ'

'ဟော… ဟုတ်လား၊ ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမလဲ ဆရာရယ်၊ သူ့ကို ကျွန်တော်က အဖြူရောင်သိုင်း သမားထင်ပြီး ပွဲစနိုးတောင်မှာ သိုင်းပညာခြင်း ဖလှယ်ကြရော ဆရာ'

သိုင်းလောကကိစ္စများပါ ပါလာပြီ။ ဂျက်လီနဲ့တောင် ပွဲစနိုး တောင်မှာ သိုင်းပညာခြင်းဖလှယ်သည်ဆိုတော့ ဒီလူ့အဆင့်ကနည်းတာ မဟုတ်။ ထို့ကြောင့် မိုးစက်လည်း စိတ်ဝင်စားသွားပြီး ပို၍နားစိုက်ကာ နားထောင်ဖြစ်သည်။ ထိုလူနာက ဆက်၍…

'ဒီလိုမျိုးသိုင်းပညာခြင်းဖလှယ်တဲ့ နေရာမှာ ကျွန်တော်က တရား မျှတတဲ့ အဖြူရောင်သိုင်းသမားဆိုတော့ တရားမျှတတဲ့နည်းနဲ့ပဲ ယှဉ်ပြိုင်ပါ တယ်ဆရာ၊ ဒါကို ဂျက်လီဆိုတဲ့ကောင်က ကျွန်တော့်ကိုလည်း မနိုင်ရော အောက်လမ်းနည်းတွေသုံးတော့တာပါပဲဗျာ'

မျိုးမင်း ရှုနည်းနည်းလည်သွား၏။

'အောက်လမ်းနည်းဆိုတာ ဘာလဲဗျ၊ ဟို အင်းကွက်တွေချတာတို့ ဘာတို့ကို ပြောတာလား'

'အာ… ဘယ်ကလာ ဆရာကလည်း ကျွန်တော်ပြောတဲ့ အောက် လမ်းနည်းဆိုတာက လက်ပစ်ပုန်းနဲ့ ပစ်တာကို ပြောတာဗျ'

'ဘယ်လို… လက်ပစ်ဗုံး ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



မျိုးမင်း၏ မျက်စိထဲတွင် ယနေ့ခေတ်စစ်တိုက်ရာတွင် အသုံးပြု သည့် ဗုံးကိုမြင်သွားဟန်တူ၏။ ထို့ကြောင့် မျက်လုံးကြီးလည်း ပြူးလာ သည်။ သို့ရာတွင် လူနှာက ခေါင်းတခါခါဖြင့်…

'လက်ပစ်ဗုံး မဟုတ်ပါဘူး ဆရာရယ်၊ လက်ပစ်ပုန်းပါ'

'လက်မှစ်ပုန်း ဟုတ်လား၊ အဲဒါ ဘယ်လိုဟာလဲဗျ'

'အင်း… တချို့က လက်နက်ပုန်းလို့လည်း ခေါ်တယ် ဆရာ ငွေအပ်သေးသေးလေးတွေနဲ့ အကြောကို ထိအောင်ပစ်တာ'

ထိုအခါမှ မျိုးမင်း သဘောပေါက်သွားဟန်ဖြင့်…

'သြော်… သိပြီ၊ သိပြီ၊ ကျွန်တော် သိုင်းကားတွေထဲမှာ ဒါမျိုး မြင်ဖူးတယ်'

'ဟုတ်ပြီ၊ အဲဒီဂျက်လီက ဘယ်လောက်ယုတ်မာသလဲဆိုရင် အဲဒီ ငွေအပ်လက်နက်ပုန်းမှာ အဆိပ်သုတ်ပြီး ကျွန်တော့်ကို ပစ်တယ် ဆရာ အဆိပ်ကလည်း လူကိုစက္ကန့်ပိုင်းအတွင်း သွေးအန်ပြီး သေစေနိုင်တဲ့ မြွေမျိုး တစ်ထောင်အဆိပ်မျိုး၊ ပြီးတော့ ပစ်လိုက်တာကလည်း အပ်အစင်းတစ်ရာ တိတိတောင်မှ ဆရာ'

'ဟာဗျာ… ခင်ဗျားဟာကလည်း မလွယ်ပါလား'

'ဘယ်လွယ်ပါ့မလဲ ဆရာရယ်၊ ဒါပေမဲ့ ကျွန်တော်က အရိပ်မဲ့ကိုယ် ဖျောက်ပညာတတ်ထားတဲ့လူဆိုတော့ သိပ်ပြဿနာ မရှိပါဘူး'

'အဟား… ဒါဆိုရင် ခင်ဗျား ဒီအပ်အစင်းတစ်ရာလုံးကို ရှောင် လိုက်နိုင်တယ်ပေါ့'

'ဟင့်အင်း… ကျွန်တော် ကိုးဆယ့်ကိုးချောင်းပဲ ရှောင်လိုက်နိုင် တယ် ဆရာ၊ အဲ… ကျန်တဲ့တစ်ချောင်းက ပညာရှိသတိဖြစ်ခဲ့သွားပြီး လက်မောင်းကို မှန်သွားတယ်'

'အာ… စိတ်မကောင်းလိုက်တာဗျာ၊ အပ်မှာက အဆိပ်သုတ်ထား တယ်ဆိုတော့ ခင်ဗျားဒုက္ခရောက်ပြီပေါ့'

လူနှာက မျိုးမင်းအား လက်ကာပြ၍…

'အဲဒီအတွက်တော့ စိတ်မပူပါနဲ့ ဆရာ၊ ကျွန်တော်က အဆိပ်မျိုး





သမျှပြီးတဲ့ ရေခဲတောင်ကြာပွင့်ကို စားထားတဲ့ကောင်ပါ၊ အင်း… ဒါပေမဲ့ ဒီအပ်ရဲ့ အရှိန်ကြောင့် ကျွန်တော့်အကြောတချို့ ပိတ်သွားခဲ့လို့ လက်တစ် ဘက်တော့ လှုပ်လို့မရတော့ဘူး၊ ပြောရရင် အရှိန်နည်းနည်းပါသွားတယ်ပေါ့ ဆရာ'

မျိုးမင်း နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြ၍…

'အဲဒီအတွက်တော့ ဘာမှပူမနေပါနဲ့ဗျာ၊ ကျွန်တော်က ရှောင်လင် ကျောင်းထွက်ဆိုတော့ ပိတ်နေတဲ့အကြောတွေကို အတွင်းအားသုံးပြီး ပြန်ဖွင့် ပေးတတ်တယ်'

ထိုသို့ပြောလိုက်ရာ လူနှာဝမ်းသာသွားဟန်ဖြင့်…

'ဟာ… တကယ်'

'တကယ်ပေါ့ဗျ၊ ကဲ… ခင်ဗျား အကြောပိတ်နေတာက ဘယ် ဘက်လဲ'

'ဒီဘက်လက် ဆရာ၊ ဒီဘက်လက်'

'ဟုတ်ပြီ၊ ကျွန်တော် အခုချက်ချင်း အကြောဖွင့်ပေးလိုက်တာနဲ့ ခင်ဗျားလက် ချက်ချင်း ပြန်လှုပ်ရှားသွားနိုင်တော့မယ်'

ထိုသို့ လူနှာ၏ ယုံကြည်အားကိုးမှုကို ရယူပြီးနောက် ဒေါက်တာ မျိုးမင်း ထိုင်ရာမှ ထသည်။ ပြီးနောက် လူနှာ၏ ကောင်းနေသော လက်ကို ခိုင်ခံ့တွင် မလှုပ်ရှားနိုင်အောင် ကြိုးဖြင့် အသေအချာချည်သည်။

လူနှာကလည်း သူ့ကိုအကြောပြန်ဖွင့်ပေးမည်ဆိုခြင်းကြောင့် မျိုးမင်း ၏လုပ်သမျှကို အသာတကြည်ဖြင့် ငြိမ်ခံနေ၏။

အပြင်ဘက်မှ ချောင်းကြည့်နေသော မိုးစက်ကလည်း ကိုယ့် ဆရာ မည်သို့ပြုလုပ်မည်ကို စိတ်ဝင်တစားဖြင့်စောင့်ကြည့်နေ၏။

ထိုသို့သော အချိန်တွင် မျိုးမင်းက ဘာမပြောညာမပြောနှင့် လူနှာ ၏ ခေါင်းအား ခပ်ပြင်းပြင်း ခေါက်ချလိုက်သည်။

'ဒုတ်'

'အား'

လူတို့၏ သဘောသဘာဝမှာ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



အား ရုတ်တရက် ထိခိုက်မိ၍ နာကျင်မှုဖြစ်သွားလျှင် ထိုနာကျင်သွားသော နေရာအား လက်ဖြင့် ပွတ်သပ်မိစမြဲပင်ဖြစ်သည်။

ထို့ကြောင့် ငှင်းလူနာသည် မျိုးမင်း ခေါင်းခေါက်လိုက်ခြင်းကြောင့် နာသွားသော ခေါင်းအား ယောင်ယမ်း၍ လက်ဖြင့်အားရပါးရ ပွတ်လိုက်မိသည်။ ကောင်းပါသည်ဆိုသော လက်ကို ထိုင်ခုံတွင် ကြိုးတုပ်ထားခြင်းကြောင့် အကြောပိတ်နေပါသည်ဆိုသော လက်ဖြင့် ပွတ်မိလိုက်ခြင်းပင်ဖြစ်သည်။

ထိုသို့ ပွတ်မိလိုက်ခြင်းကို သူ့ဘာသာသူလည်း သတိမထားမိချေ။

'အား··· ကျွတ်··· ကျွတ်··· နာတယ် ဆရာရဲ့'

ထိုသို့ပြောရင်း ခေါင်းအား လက်ဖြင့်ပွတ်နေခြင်းကို မျိုးမင်းအား သက်တောင့်သက်သာဟန်ဖြင့် ကြည့်ပြီး···

'အကြောပွင့်စေချင်ရင်တော့ နည်းနည်းတော့ အနာခံရမှာပေါ့ဗျာ'

ဟု ဆိုလိုက်မှ လူနာလည်း သူ့လက်သူ သတိထားမိသွားပြီး···

'ဟာ··· ကြည့်စမ်း၊ ကျွန်တော့်လက် ပြန်လှုပ်ရှားလို့ရသွားပြီ'

'ဒါပေါ့ဗျ၊ ခင်ဗျား ဒီနေ့ကစပြီး လက်ကိုကြိုက်သလို လှုပ်ရှားလို့ရသွားပြီ၊ နောက်လည်း ဘယ်တော့မှ အကြောပြန်မပိတ်တော့ဘူး'

'အဟား··· ဆရာက တကယ့်ကို တော်တာပဲနော်'

မျိုးမင်း ပြုံးသည်။ ထိုအပြုံးကိုခွဲခြမ်းစိတ်ဖြာကြည့်သော် ဆရာဝန်တစ်ယောက်၏ ဖြူစင်သော အပြုံးမျိုးသာ ဖြစ်နေကြောင်း တွေ့ရပေမည်။

ငှင်းမြင်ကွင်းကို အစအဆုံး မြင်လိုက်ရသော မိုးစက်လည်း ကိုယ့်သူငယ်ချင်းအတွက် ဂုဏ်ယူမိသွား၏။ အဟား··· ဒီကောင် ကိုယ့်လမ်းကြောင်းပေါ်မှာ အကောင်းဆုံး လျှောက်လှမ်းနေတာပဲ။

ထိုစဉ် လူနာက ဆက်၍···

'ဖြစ်နိုင်ရင် ကျွန်တော့်ကို အဲဒီအကြောဖွင့်တဲ့ ပညာလေးသင်ပေးလို့ရမလား'

မျိုးမင်း ခေါင်းကုတ်၍···





'အင်း··· အခုတော့ ကျွန်တော် မအားသေးဘူးဗျ၊ ဒီလိုလုပ် နောက်တစ်ခေါက် ခင်ဗျားလာရင် ဒီပညာကို ကျွန်တော် သင်ပေးမယ်၊ အဲ··· ဒါပေမဲ့ ဒီကိုထပ်မလာခင်မှာ ခင်ဗျားကို ကျွန်တော် အရင်ကပေးထားတဲ့ဆေးတွေကို မှန်မှန်သောက်ရမယ်၊ အဲဒီဆေးတွေက ပညာသင်ပေးမယ့်နေရာမှာ အထောက်အကူပြုတဲ့ ဆေးတွေဗျ၊ ဒီဆေးတွေသောက်မှ ခင်ဗျား ဒီပညာကို တတ်မှာ···'

'အဟား··· အဲဒါဆိုရင် ကျွန်တော် သောက်မယ် ဆရာ၊ အဲ··· တကယ်လို့ ဆရာသာ ဒီပညာ ကျွန်တော့်ကို သင်ပေးရင် ကျွန်တော်ကလည်း ဆရာ့ကို အရိုးမဲ့ကိုယ်ဖျောက်ပညာပြန်သင်ပေးပါ့မယ်၊ အဲဒီကိုယ်ဖျောက်ပညာတတ်ထားရင် ကိုယ့်မိန်းမလိုက်ရိုက်တဲ့အခါ အမြန်ထွက်ပြေးလို့ရတာပေါ့ ဆရာရယ်'

'အဟား··· ဟား··· ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ'

□ □ □

ထို့နောက်တော့ ငှင်းလူနာတို့ အပြင်သို့ထွက်သွားသောအခါ မိုးစက် ဝင်ရန်အလှည့်ရောက်လာခဲ့ပါသည်။ မဝင်ခင် မိုးစက် စဉ်းစားမိသည်မှာ ဒီကောင့်ကို နည်းနည်းတော့ ကလိရန်ဖြစ်၏။ အင်း··· ဘယ်လိုကလိရင်ကောင်းမလဲ။ ဟာ··· ဟုတ်ပြီ။

ဒီကောင် ဆယ်တန်းနှစ်တုန်းက သင်းသင်းလှိုင်ဆိုသော ဝေါ်မလေးတစ်ယောက်ကို ရည်းစားစကားလိုက်ပြောရာတွင် ကိုယ့်ပုဆိုးစကိုယ်ပြန်တက်နင်း၍ ပုဆိုးကွင်းလုံးကျွတ်ကျဖူးသည်။ ထို့ကြောင့် မိုးစက်တို့က ဝိုင်း၍ နာမည်ပေးခဲ့ကြသည်။ ဘာတဲ့။

ဖောင်ပြင်··· ဖင်ပြောင်ဟု။ ဟွန်း··· တွေ့ကြသေးတာပေါ့ ဖောင်ပြင်ရယ်···။

ထိုသို့ ကြုံးဝါးပြီး မိုးစက်မျက်နှာကို လက်ကိုင်ပဝါဖြင့် စီး၍ အခန်းထဲသို့ ဝင်လိုက်လေသည်။

'အဟင့်··· ဟင့်··· ကယ်ပါ ဆရာ၊ ကယ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်၏ ငှက်ဆိုးထိုးသံကြီးကြောင့် မျိုးမင်း တွန့်ခနဲဖြစ်သွားပြီး…

'ဟာ… ဘာ… ဘာလဲဗျ၊ ကျုပ်က ဆရာဝန်ပါ၊ ကယ်ပါ မဟုတ်ပါဘူး'

'အဲဒါကို ကျွန်တော် သိပါတယ် ဆရာ၊ ဒါကြောင့် ကျွန်တော့်ကို ကယ်ပါဦးလို့ အကူအညီတောင်းနေတာပါ'

'သြော်… ဒီလိုလား၊ နေပါဦး၊ ခင်ဗျား မျက်နှာက ဘာကြောင့် လက်ကိုင်ပဝါနဲ့ စည်းထားရတာလဲ'

'အဲဒါက ကျွန်တော် မျက်နှာမပြရဲအောင် အရှက်ရခဲ့လို့ စီးထားတာပါ၊ ပြီးတော့ ဒီကိစ္စနဲ့ ဆရာ့ဆီကို လာတာပါ'

'ဟော… ဟုတ်လား၊ ခင်ဗျားရဲ့ မျက်နှာမပြရဲအောင်ဖြစ်ခဲ့တဲ့ ကိစ္စကြီးကို ကျွန်တော့်ကို ပြောပြပါလား'

မျိုးမင်း၏ လေသံရော မျက်နှာအမူအရာပါ တည်ငြိမ်နေပါသည်။ စိတ်ဝေဒနာရှင်ပေါင်းများစွာကို တွေ့ကြုံလာရသည့် အတွေ့အကြုံက ရှိနေသဖြင့် ဤသို့တည်ငြိမ်နေရခြင်းသာဖြစ်ပါသည်။ မိုးစက်က လှိုက်လှဲသော လေသံဖြင့်…

'ဒီလိုပါ ဆရာ၊ ကျွန်တော် ကောင်မလေးတစ်ယောက်ကို ကြိုက်မိခဲ့ပါတယ်'

'သြော်… သြော်'

'ကျွန်တော် ကြိုက်တော့လိုက်စကားပြောတယ် ဆရာ'

မျိုးမင်းအပြုံးဖြင့်…

'အဟား… ဒါသဘာဝပဲလေဗျာ၊ လုပ်သင့်တာပေါ့'

'ဒါပေမဲ့ သဘာဝမကျတာတွေ ဖြစ်လာတယ် ဆရာ'

'ဟော… ဟုတ်လား၊ ဘာတွေဖြစ်လာလို့လဲဗျ'

'ကျွန်တော်က ပုဆိုးရှည်ရှည်ဝတ်တတ်တဲ့အကျင့်ရှိတယ် ဆရာ'

'အင်း… ဒီတော့'

'ဒါကြောင့် အဲဒီကောင်မလေးကို လိုက်စကားပြောတဲ့အချိန်မှာ ပုဆိုးကို ရှည်ရှည်ဝတ်ထားမိခဲ့တယ် ဆရာ'





'ဒါပေါ့ဗျ၊ အကျင့်ဖြစ်နေတာကိုး'

'ဒီလိုလိုက်စကားပြောရင်း ပြောရင်းနဲ့ အချိန်ရလာချိန်မှာ ကျွန်တော့် ပုဆိုး အောက်နားစကို ကျွန်တော့်ခြေထောက်နဲ့ ပြန်နင်းမိပြီး ပုဆိုးက ကွင်းလုံးကို ကျွတ်ကျတော့တာပါပဲ ဆရာရယ်… အသင့်'

'ဟာဗျာ'

အလိုက်အထိုက်ပြောနေသော မျိုးမင်းမှာ ရင်ထဲတွင် နင့်ခနဲဖြစ်သွားဟန် ရှိသည်။

မိုးစက်က ဆက်၍…

'အဲဒီလို ကျွတ်ကျသွားတဲ့ အချိန်မှာ ကျွန်တော့်ဆီမှာ အတွင်းခံဘောင်းဘီလည်း ဝတ်မထားမိဘူး ဆရာ'

'ဟာ… အခြေအနေ ပိုဆိုးသွားတာပေါ့၊ ကျွန်တော် တကယ့်ကို စိတ်မကောင်းလိုက်တာဗျာ'

ထိုစကားကို မျိုးမင်း ရင်ထဲက လာသော အသံနှင့် ပြောတာပါ။ ကိုယ်ချင်းစာတရားက အပြည့်ရှိသွားပြီလေ။ ကိုယ့်အလှည့်တုန်းက ဆိုရင် ထိုင်ငိုချင်မတတ်ကို ဖြစ်ခဲ့ရတာကိုး။ မိုးစက်က ဆက်၍…

'ဒါပေမဲ့ ဆရာရယ်၊ ကျွန်တော် စိတ်ကို တင်းထားလို့ရပါသေးတယ်'

'ဟုတ်လား၊ နောက်ဘာဆက်ဖြစ်သေးလို့လဲဗျ'

ထိုမေးခွန်းကို မျိုးမင်း စိတ်ဝင်တစားနဲ့ မေးတာပါ။ မိုးစက်က ငိုသံဖြင့်…

'ဘာဖြစ်ရမလဲ၊ ကျွန်တော့်သူငယ်ချင်းတွေပေါ့ ဆရာ၊ ကျွန်တော့်ကို အဲဒီနေ့ကစပြီး နာမည်တစ်ခုပေးလိုက်ကြတယ်'

'ဟုတ်လား၊ ဘယ်လိုနာမည်လဲဗျ'

'ဖောင်ပြင်တဲ့ ဆရာ၊ ဖောင်ပြင်တဲ့၊ အဟင့် အဲဒါကို ကျွန်တော် အသည်းနာဆုံးပါပဲ'

မျိုးမင်း၏မျက်နှာ တစ်မျိုးဖြစ်သွားသည်။

ပြီးမှ ထိုင်ရာမှ ဝုန်းခနဲထရပ်၍…



www.burmeseclassic.com

www.burmeseclassic.com



'ခွေးမသား လေပွေ'

ဟု ဆဲလိုက်ပါလေတော့သည်။

'ဘာလဲကွ ဖောင်ပြင်ရ'

'ဟေ့ကောင်··· အဲဒီနာမည်ကို မခေါ်နဲ့ကွ'

'မခေါ်နဲ့ဆိုရင် မခေါ်တော့ပါဘူး ဖောင်ပြင်ရာ'

'အာ··· ဒီကောင်'

ထို့နောက်တော့ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ရယ်လိုက်ကြပါလေတော့သည်။

'ဟား··· ဟား··· ဟား··· ဟား'

'ဟား··· ဟား··· ဟား··· ဟား'

ဒေါက်တာမျိုးမင်းမှာ ယခင်ကတော့ ဆရာဝန်ပီပီ ဣန္ဒြေသိက္ခာ ထိန်းကာ တည်တည်တံ့တံ့ နေခဲ့သော်လည်း ယခုတော့ ငယ်ပေါင်းသူငယ် ချင်းနှင့် ပြန်တွေ့ရခြင်းကြောင့် ၄င်းအရာများကွာကျ၍ လွတ်လပ်ပေါ့ပါး သော လူငယ်တစ်ယောက် ပြန်လည်ဖြစ်သွားသည်။

အတန်ကြာ နှစ်ယောက်သား ရယ်ရယ်မောမောဖြင့် ရှေးဟောင်း နှောင်းဖြစ်များကို ပြောဆိုခဲ့ကြပြီးနောက် ဒေါက်တာမျိုးမင်းက···

'နေပါဦး၊ မင်း ငါ့ဆီကို အလည်သက်သက်ပဲ လာတာလား'

'အင်း··· ကိစ္စလေးတစ်ခုလည်း ပါတယ်ကွ၊ မင်းဆီက အကြံ ဉာဏ်လေးဘာလေးလည်း လိုချင်လို့ ဆိုပါတော့'

'အေး··· ဒါဆိုလည်း ပြောလေကွာ၊ ငါကူညီနိုင်တာဆိုရင် ကူညီမယ်'

ထို့နောက်တော့ မိုးစက်က ရူပါရုံနှင့် သဒ္ဒါရုံအကြောင်းကို မိမိ သိထားသလောက် သူငယ်ချင်းဖြစ်သူအား ပြောပြလိုက်သည်။

မိုးစက် စကားပြောဆိုနေသော တစ်လျှောက်တွင် မျိုးမင်းက ဘာမှဝင်ရောက်ပြောဆိုခြင်း မပြုဘဲ ငြိမ်သက်လေးနက်စွာ နားထောင်နေ၏။

အတန်ကြာ မိုးစက်ပြောဆို၍ ပြီးသွားမှ မျိုးမင်းက ခေါင်းညိတ် ၍···





'အင်း··· ဒီလိုမျိုး အဖြစ်အပျက်တွေက ငါတို့ဆေးပညာလောက မှာ အများကြီးရှိခဲ့တယ်လို့ပဲ ပြောရမှာပဲ၊ ဒါနဲ့ အဲဒီတစ်ယောက်နဲ့ မင်းနဲ့က ဘယ်လိုပတ်သက်နေလို့လဲ'

'မိတ်ဆွေဆိုပါတော့ကွာ'

'ငါ့ကို မလိမ်နဲ့ဟေ့ကောင်၊ အဲဒါထက်မကလောက်ဘူး'

'ဒါတွေထားစမ်းပါကွာ၊ ငါ အခုသိချင်တာက သူက ဘယ်လို ဖြစ်လို့ ဒီလိုရောဂါစွဲကပ်သွားရတာလဲ၊ ပြီးတော့ ဒီရောဂါကို ဘယ်လို ဆေးဝါးတွေနဲ့ ကုသရင် ပျောက်ကင်းနိုင်မလဲ'

မျိုးမင်း၏ မျက်နှာလေးနက်သွားသည်။

'ရောဂါဖြစ်သွားရခြင်းအကြောင်းကတော့ ရှင်းပါတယ်ကွာ၊ မင်း ပြောပုံအရဆိုရင် ရူပါရုံရဲ့ နဂိုစိတ်ရင်းက good nature ဖြစ်တယ်ကွ၊ အဲဒီ good nature ဖြစ်တဲ့လူတော်တော်များများမှာ worry တွေ များတတ် တယ်ကွ၊ ပြီးတော့ မိဘတွေကလည်း ငယ်ငယ်ကတည်းက အဆင်မပြေ ဘဲ လမ်းခွဲခဲ့ကြတော့ phobia ဆိုတဲ့ အကြောက်လွန်ရောဂါကလည်း ကပ်ခဲ့ပုံရတယ်၊ ဒီလိုစိတ်အခြေခံတွေရှိတဲ့လူတွေဟာ စိတ်ချင်းဆက်သွယ် ရှိတဲ့ လူတွေကို အလွန်အမင်း အားကိုးချစ်ခင်တတ်ကြတယ်၊ ဒါကြောင့် သူ့အမြွှာညီအစ်မဖြစ်တဲ့ သဒ္ဒါရုံကို အရမ်းအားကိုးချစ်ခင်ခဲ့တယ်၊ သဒ္ဒါရုံက သူ့ထက်စာရင် ပိုပြီးတော့ သွက်သွက်လက်လက် ရှိတာကိုး၊ အဲ··· ဒီလိုအချိန်မျိုးမှာ သဒ္ဒါရုံက သူ့မျက်စိရှေ့မှာတင် သူ့ပရောဂမကင်းဘဲနဲ့ ရုတ်ခနဲသေသွားတော့ သူ့အတွင်းစိတ်က ဘယ်လိုမှကို လက်သင့်မခံနိုင်ဘူး ဖြစ်သွားတာပေါ့၊ ဒီမှာတင် psychopath ဆိုတဲ့ စိတ္တဇဝေဒနာရှင်ဘဝကို ရောက်သွားခဲ့တာပဲ၊ ဒီလိုရောက်သွားတဲ့အခါကျတော့ သူ့စိတ်ထဲမှာ imagination ဆိုတဲ့ စိတ်ကူးပုံဖော်ခြင်းတွေ ပြုလုပ်ပြီး ရှင်သန်နေတဲ့ သဒ္ဒါရုံ ကိုယ်ပွားကို ပုံဖော်တယ်၊ ပြီးတော့ အပြုအမူပုံပြောင်းခြင်းတွေ ပြုလုပ်ပြီး သဒ္ဒါရုံလို့ သူ့ကိုယ်သူ ခံယူပြီးနေတယ်၊ ဒီမှာတင် စိတ်ဖောက်ပြန်မှုတွေ ဖြစ်လာရင် သဒ္ဒါရုံဖြစ်သွားပြီး စိတ်ကပုံမှန်ဖြစ်လာရင်တော့ ရူပါရုံဘဝ ပြန်ရောက်သွားတာပေါ့ကွာ'

www.burmeseclassic.com



မိုးစက် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ရင်း…

'ဒါဆိုရင်ကွာ၊ သူ့ဒီရောဂါကို ဘယ်လိုကုရင် ပျောက်မှာလဲ'

မျိုးမင်း ပြုံး၍…

'မင်းပြောပုံအရဆိုရင် ရောဂါက ပျောက်နေပြီကွ'

'အာ… မင်းကလည်း ပျောက်ပြီဆိုရင် ဒီလိုတွေ ဖြစ်စရာ အကြောင်း ရှိမလားကွ'

'ရှိတာပေါ့၊ ဘာကြောင့်လဲဆိုရင် နှစ်ရှည်လများ ပြုမူခဲ့တဲ့ အကျင့်ကြောင့်ပဲ'

'ဘယ်လိုအကျင့်ကြောင့် ဟုတ်လား၊ ငါ နားမလည်ဘူးကွ'

'ဒီလိုလေကွာ၊ လူတစ်ယောက်က တစ်စုံတစ်ခုကို စွဲစွဲမြဲမြဲနဲ့ အချိန်အကြာကြီး လုပ်ခဲ့တယ် ဆိုပါတော့ကွာ၊ အဲဒီကိစ္စကြီးက အကျင့်ကြီး တစ်ခုဖြစ်သွားတယ်ကွ၊ ဥပမာကွာ ဆေးလိပ်သောက်တာတို့ ဘာတို့ပေါ့'

'ဪ… အေး… ငါ အဲဒါကိုတော့ သဘောပေါက်သွားပြီ ဒါပေမဲ့ သူ့ရောဂါက တကယ်ပျောက်နေပြီဆိုတာကရော ဟုတ်လို့လားကွာ'

'ဟုတ်လောက်ပါတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းပြောပုံအရ ဆိုရင် သူ့မိဘတွေက စဖြစ်ကတည်းက ဆေးတွေဝါးတွေ တိုက်နေတာပဲဟာ ဒီလောက်အချိန်အကြာကြီး ဆေးဝါးနဲ့ ကုသထားမှတော့ တကယ်ဖြစ်တဲ့ ရောဂါကပျောက်နေလောက်ပါပြီ။ အဲ… မပျောက်ဘဲ ကျန်ရစ်ခဲ့တာက တော့ ငါခုနကပြောတဲ့ အကျင့်ပဲ ကျန်နေတာပါ'

မျိုးမင်းစကားကြောင့် မိုးစက် ဝမ်းပင်သာမိသွား၏။ လက်စသပ် တော့ ဒီငတိမက ရူးနေတာ မဟုတ်ဘဲ လူတွေကို မျက်စိလည်သွားအောင် လုပ်ရုံတင်မက သူ့ကိုယ်သူပါ လှည့်စားနေတာကိုး။ ဒါကြောင့် လူကြီးတွေ ပြောတာနေမှာ။ ဘာတဲ့။ လိမ်တကာ့လိမ်နည်းတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် လိမ်တာက အဆိုးဆုံးပဲတဲ့။ ဟုတ်ပ။

'ဒါဆိုရင် မျိုးမင်း အဲဒီ ရူပါရုံရဲ့ အကျင့်ကြီးကို ဘယ်လိုနည်း လမ်းနဲ့ ပျောက်အောင် လုပ်လို့ရမလဲ'





'လွယ်ပါတယ်ကွာ၊ မင်း ဒါမျိုးနောက်ထပ်မလုပ်နဲ့တော့လို့ ပြော လိုက်ပေါ့'

'အာ… မင်းကလည်း ဒီလောက်လွယ်ပါ့မလားကွ'

'လွယ်ပါတယ်ကွ၊ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါကို ကြည့် တတ်ဖို့တော့ လိုတာပေါ့'

'မင်းဆိုလိုတဲ့ သဘောက…'

'ဒီလိုလေကွာ၊ သူ့ရဲ့အတွင်းစိတ်ထဲကရော အပြင်သိစိတ်ကပါ ပြောင်းကိုပြောင်းမှဖြစ်တော့မယ်လို့ စိတ်ဝင်လာအောင် ပြောနိုင်မယ့်အချိန် အခါမျိုးကို ပြောတာ'

ထိုသို့ပြောလိုက်ရာ မိုးစက်၏ ခေါင်းထဲ၌ ခုနက မျိုးမင်းလူနာကို သက်လှူပ်ရှားနိုင်အောင် ကုသလိုက်သော ကုသနည်းကို ဖျတ်ခနဲ သွားမြင်မိ ၏။ ပြီးနောက် သဘောလည်း ချက်ချင်းပေါက်မိသွား၏။ လက်စသပ် တော့ တစ်ဖက်ကို ကြိုးအသေချည်လိုက်ပြီး တွန်းအားပေးလိုက်ရင် နောက် ဆုပ်လို့မရပါဘူးဆိုတဲ့ တစ်ဘက်က လှူပ်လို့ရမှာကို။

ထို့နောက် မိုးစက် မျိုးမင်းကို စေ့စေ့ကြည့်ပြီး ပြုံး၍…

'ကျေးဇူးပဲ မျိုးမင်း၊ ငါ ရူပါရုံနဲ့ အကျင့်ကြီးကို ဘယ်လိုဖျောက် ဆေးရမလဲဆိုတဲ့ နည်းလမ်းကို ရသွားပြီ'

ထို့နောက် နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ရယ်လိုက်မိကြသည်။

'ဟား… ဟား… ဟား… ဟား… ဟား'

မိုးစက်၏ ရယ်သံတွင်တော့ ဝမ်းနည်းရိပ်တို့ စွန်းထင်းလျက်…။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ထိုနောက်ပိုင်းတွင် မိုးစက် ရှပါရုံ ခေါ် သဒ္ဒါရုံအား ချဉ်းကပ်ရန် အတွက် အစီအစဉ်တစ်ရပ်ကို ရေးဆွဲသည်။

ပထမဦးစွာ ယခုအချိန်တွင် သဒ္ဒါရုံဘဝသို့ ရောက်ရှိနေသဖြင့် သဒ္ဒါရုံအား သွားရောက်တွေ့ရန် ချိန်ရွယ်လိုက်သည်။

ထို့ကြောင့် သဒ္ဒါရုံ သွားတတ်လာတတ်သော လမ်းတစ်နေရာ တွင် သွားရောက်၍ စောင့်ဆိုင်းနေသည်။

သိပ်ကြာကြာမစောင့်လိုက်ရပါ။ သဒ္ဒါရုံကို မော်ဒန်ဆန်ဆန် ခြေ လှမ်းမျိုးဖြင့် မျက်နှာချင်းဆိုင် လမ်းဘက်မှ လျှောက်လာသည်ကို တွေ့ လိုက်ရသည်။

မိုးစက်ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားမိ၏။

သဒ္ဒါရုံက မိုးစက်ကို အဝေးကြီးမှပင် လှမ်း၍ မြင်ခြင်းကြောင့် အဝေးကြီးမှပင် လှမ်းပြုံးပြပါသည်။

မိုးစက် ပြန်၍ပြုံးပြခြင်းမပြုပါ။ ရုပ်တည်ကြီးဖြင့်သာ ရပ်ကြည့် နေမိ၏။

မိုးစက် အနားသို့ မရောက်ခင် သဒ္ဒါရုံ ခြေလှမ်းလေးလှမ်း လောက်အလို၌ အမေ့ဟု တစ်ချက်အော်ပြီး မိုးစက်ရင်ခွင်ထဲသို့ ဝုန်းခနဲ ရောက်လာသည်။

ရှင်းအောင်ပြောရရင် ခလုတ်တိုက်မိလို့ပါ။





ထို့ကြောင့် မိုးစက် အူတူတူဖြင့် သဒ္ဒါရုံကို ပွေ့ဖမ်းထားလိုက် မိသော်လည်း ဘာဖီလင်မှ မခံစားလိုက်ရဘဲ မျက်နှာနီကြီးဖြင့်သာ ထအော် မိလိုက်၏။

'အား··· လာ··· လာ··· ခြေထောက်··· ခြေထောက်'

'ဟင်··· ကိုမိုးစက် ဘာဖြစ်လို့လဲ'

'မင်း··· မင်း··· ငါ့ခြေထောက်ကို တက်နင်းထားတယ်၊ အား'

'ဟော့တော်··· ကန်တော့··· ကန်တော့'

ထိုသို့ပြောပြီး သဒ္ဒါရုံ ကပျာကယာ နောက်သို့ခြေလှမ်းဆုတ်လိုက်မှ မိုးစက်လည်း လမ်းပေါ် ငုတ်တုတ်ထိုင်၍ သဒ္ဒါရုံ နင်းလိုက်သော ခြေမကို အပီအပြင် ဆုပ်ကိုင်ရတော့သည်။ တက်နင်းလိုက်တာက ဖိနပ် အမာနဲ့ဆိုတော့ နာသည်ပေါ့။ ဒါပေမဲ့ ရင်ထဲမှာတော့ ကြည်ကြည်သာသာ ဝင်။

သို့ရာတွင် အသိတရားထဲ၌ ဒါ ငါ့အတွက် အခွင့်အရေးတစ်ခုပဲ ဟု မှတ်ယူလိုက်ကာ မိုးစက် မျက်နှာကို တည်လိုက်ပြီး မတ်တတ်ပြန်ရပ် လိုက်၏။

ထိုအခါ မိမိအား မျက်လုံးဝိုင်းလေးနှင့် ကြည့်၍နေသော သဒ္ဒါရုံ ကို တွေ့လိုက်ရသည်။ သဒ္ဒါရုံက···

'ဟို··· ဟို··· နာသွားလားဟင် ကိုမိုးစက်'

'ဟ··· မနာဘဲနဲ့ နေမလားကွ၊ ဒီလောက်တက်နင်းမိတဲ့ဟာကို'

'ဆောရီးပဲနော်၊ ကျွန်မ အဲဒီခဲလုံးကို မမြင်လိုက်လို့'

'မမြင်ရအောင် မင်းမှာ မျက်စိမပါဘူးလား'

'ပါတယ်လေ'

'ဟ··· ပါတယ်ဆိုရင် မြင်ရမှာပေါ့ကွ၊ ဟွန်း'

မိုးစက် ထိုသို့ဘုပြောနေခြင်းကြောင့် သဒ္ဒါရုံ နည်းနည်းတော့ တင်းသွားသည်။

'ဒီမှာ··· ရှင် စကားကို လူလိုပြောပါ'

'ငါက လူလိုမပြောလို့ ဘယ်လိုပြောနေလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရုံက အံတစ်ချက်ကြိတ်လိုက်မိသည်။

'ဒီမှာ ကျွန်မ ရှင့်ကို တမင်တကာ တက်နင်းစရာ ဘာအကြောင်းမှ မရှိဘူး၊ လမ်းလျှောက်ရင်း ဟိုခလုတ်ကို တိုက်မိတော့ ဟန်ချက်ပျက်ပြီး တက်နင်းမိတာ ရှင်းလား'

'မရှင်းဘူး'

'ဘာရှင့်'

'မင်းမှာ မျက်စိပါတယ်ဆိုရင် ဒီခဲလုံးကို မြင်ကိုမြင်မှာပဲလေ၊ မြင်ရဲ့သားနဲ့ တမင်တကာ ဝင်တိုက်ချင်ယောင်ဆောင်ပြီး ငါ့ခြေထောက်ကို တက်နင်းတာ မဟုတ်လား'

သဒ္ဒါရုံ ဒေါပွသွားပါသည်။ မိုးစက်ကလည်း တမင်တကာကို ရစ်နေတာကိုး။ ထို့ကြောင့် သဒ္ဒါရုံ ခါးထောက်၍…

'ဒီမှာ မျက်စိဆိုတာ အပေါ်မှာရှိတာ ခုတိုက်မိတာက ခြေထောက်နဲ့၊ ပြီးတော့ ရှင့်ကို နင်းမိတာကလည်း ဒီခြေထောက်နဲ့ပဲ၊ ဒီတော့ ခြေထောက်မှာ မျက်စိမပါတဲ့အတွက် မတတ်နိုင်ဘူး'

ထိုသို့စကားကိုကပ်၍ ပြောလိုက်ရာ မိုးစက်ကလည်း သဒ္ဒါရုံကို ပင် ကပ်၍ ပြန်ပြောပါတော့သည်။

(မှတ်ချက်။ ။ အနားကို တိုးတိုးပြီးပြောသည်ဟု မဆိုလိုပါ)။

'ဒီမှာ အဲဒါကိုက မင်းလိမ်နေတာ၊ ခြေထောက်မှာက မျက်စိပါတယ်ကွ'

'ဘာရှင့်၊ ရှင် ရူးနေပြီလား၊ ဘယ်မှာပါလို့လဲ ပြော'

'ခြေမျက်စိလေ၊ ဟိုဘက်ဒီဘက်နှစ်လုံးတောင်မှ ပါသေးတယ်'

သဒ္ဒါရုံ ဆွေ့ဆွေ့ခုန်သွားသည်။

'ရှင်နော် စကားကို ကပ်ပြီးမပြောနဲ့'

'ကပ်စရာလား၊ ငါက မင်းနဲ့ဝေးဝေးမှာကို နေချင်နေတာ ဟွန်း'

သဒ္ဒါရုံ၏ မျက်နှာ နာကျင်ဟန်တို့ ဖြတ်သန်းသွားသည်။

'ရှင်… ရှင်… ဘာစကားပြောတာလဲ'

'ဟာ… နားပါမကြားပြန်ဘူးလား'





'တောက်'

'ဟွန်း… မိန်းမတန်မဲ့နဲ့ တောက်က ခေါက်တတ်သေး'

'ရှင်သာ ယောကျ်ားကြီးတန်မဲ့နဲ့ နှုတ်သီးကောင်း လျှာပါးဖြစ်နေတာ'

မိုးစက် နင်သွားမိသည်။

'ဒီမှာ မင်းဘာသာမင်း ထင်ချင်သလိုထင်၊ အေး… အဓိကက ငါနဲ့မဆုံမိအောင် ဝေးဝေးနေပါ၊ ဒါပဲ'

'ဩော်… ဘယ်သူကများ ရှင်နဲ့တွေ့ချင်လွန်းလို့ လိုက်တွေ့လို့လဲ၊ ရှင်သာ ကျွန်မကို တွေ့တော့ ရပ်စောင့်နေတာလေ'

'အာ… ဘယ်ကလာ၊ ငါ့လမ်းငါသွားနေတာ၊ ကံဆိုးပြီးတော့ မင်းနဲ့တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာ'

'အံ့သြဖို့ ကောင်းလိုက်တာ ဟွန်း'

'အံ့သြဖို့ကောင်းတာက ငါမဟုတ်ဘူး မင်းကွ၊ ဘာဖြစ်လို့လဲ သိလား၊ ငါ့မှာ မင်းနဲ့တွေ့တိုင်း တွေ့တိုင်း တစ်ခုမဟုတ် တစ်ခု ဒုက္ခကို ရောက်တော့တာပဲ၊ အဲဒါကြောင့် ငါလည်း မသင်္ကာဖြစ်ပြီး ဗေဒင်ဆရာကို သွားမေးကြည့်တော့ မင်းက ငါ့အတွက် ဂြိုလ်ဆိုးတဲ့၊ စေတန်တဲ့၊ မကောင်းတဲ့ အတိတ်နိမိတ်တဲ့၊ ကံကြမ္မာဆိုးတွေကို သယ်ဆောင်လာမယ့်လူတဲ့၊ မင်းကို ဝေးဝေးကရှောင်ပါတဲ့၊ ကဲ… ဒီလောက်ဆို မင်း သဘောပေါက်လောက်ရောပေါ့'

သဒ္ဒါရုံ မိုးစက်ကို အကြည့်တစ်မျိုးဖြင့် သေချာစွာ ကြည့်နေ၏။ ပြီးမှ ပင့်သက်ရှိုက်၍…

'ရှင်က တကယ်ပဲ ကျွန်မကို ဒီလိုထင်နေလို့လား'

'ငါလည်း မထင်ချင်ပါဘူးကွာ၊ ဒါပေမဲ့ တိုက်ဆိုင်မှုတွေက များလာတော့လည်း ငါလည်းကြောက်တာပေါ့၊ ခုပဲကြည့်လေ၊ ဘာမဆိုင် ညာမဆိုင်နဲ့ ငါ့ခြေထောက်နာသွားပြီ၊ နောက်တစ်ခေါက် မင်းကိုထပ်တွေ့ရင် ငါ့အသက်အန္တရာယ်ပါ ရှိရင်ရှိနေမှာ'

သဒ္ဒါရုံ အံတစ်ချက်ကို ကြိတ်၍…



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ နောက်တစ်ခါ ရှင် ကျွန်မကို မတွေ့အောင် ကြိုးစားပေါ့'

'အေး... အဲဒါပဲ ကောင်းပါတယ်'

ထို့နောက် သဒ္ဒါရုံ ချာခနဲ လှည့်ထွက်အသွားတွင် မိုးစက် ရင်ထဲတွင် နင့်သွားပြီး လှမ်းခေါ်ရန် ပြင်မိသေး၏။ နောက်တော့ မခေါ်ဖြစ်တော့ပါ။ ရင်ထဲမှပင်...

'ဆောရီးပဲ သဒ္ဒါရုံရယ်၊ ငါ ဒီမြွားတွေကို ပစ်ဖို့ လေးတောင် မတင်ချင်ပါဘူး၊ ဒါပေမဲ့... မင်းအတွက်... မင်းအတွက်... မင်းအတွက်ပါ'

ဟု ပြောဆိုမိလိုက်လေတော့သည်။

□ □ □

နောက်ရက်များတွင် မိုးစက် ဘာသာရေးစာပေများကို အပြင်းအထန် ဖတ်နေသည်။ ဒါကို အဖေဖြစ်သူ ဦးမြင့်အောင်က သတိထားမိ၍ မနေနိုင်တော့ဘွာ...

'ဟော့ကောင်... တစ်သက်လုံး ဒီလိုစာအုပ်တွေ ယောင်လို့တောင် မှမကိုင်တဲ့ကောင်က ခု... လက်ကတောင်မချနိုင်လောက်အောင် ဖတ်နေတာ ဘာသဘောလဲကွ'

မိုးစက်က ဖတ်လက်စ စာအုပ်ထူကြီးကို ဖတ်နေရင်းမှပင်...

'သား ကာလသုံးပါးကို ကျော်ကြည့်မလို့ စဉ်းစားနေတာ အဖေ'

'ဟော... ဘာရယ်... ဘာရယ်'

ဦးမြင့်အောင် နားထွေသွားပုံရသည်။ ထို့ကြောင့် မိုးစက်က...

'ဒီလိုလေ အဖေရာ၊ လူတွေမှာ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုပြီး ကာလသုံးပါးခွဲခြားထားတယ် မဟုတ်လား၊ အဲဒါ သားကဒုတိယအရွယ်ဆိုပေမယ့် တတိယအရွယ်မှာ ရှာရမယ့် တရားကို စောစောစီးစီး ကြိုပြီးတော့ ရှာဖို့စဉ်းစားနေတာ အဖေရေ'



'ဟော'

ဦးမြင့်အောင် အံ့အားသင့်သွားမိ၏။ ပြီးတော့ ကိုယ့်သားတော်မောင်ကို လေးစားချင်သလိုလို ဘာလိုလိုလည်း ဖြစ်သွား၏။ ကိုယ်တောင်မှ တတိယအရွယ်ရောက်နေပေမယ့် ရှာသင့်ပြီဖြစ်တဲ့ တရားကို မရှာဖြစ်သေးဘဲ ဥစ္စာကိုပဲ လောဘကပ်ပြီး ရှာနေတဲ့ဟာ၊ ခု သားလုပ်သူက တရားတောင်မှ ရှာနေပြီဆိုတော့ ဘဝင်တော့ မကျပေမယ့် သဘောတော့ ကျသည်ပေါ့။ ထို့ကြောင့် ခေါင်းတဆတ်ဆတ်ညိတ်၍...

'အေး... ကောင်းတယ်ကွာ၊ ကောင်းတယ်၊ အဖေတောင်မှ မလုပ်နိုင်သေးတဲ့ ကိစ္စကို ငါ့သားက လုပ်မယ်ဆိုတော့လုပ်ပေါ့ကွာ၊ အဖေ အားပေးပါတယ်၊ အဲ... ဒါပေမဲ့ မင်း ဒီလူဝတ်ကြောင်ကြီးနဲ့တော့ အဆင်ပြေပါ့မလားကွ၊ ရဟန်းလေးဘာလေးခံပြီး လေ့လာရင် ပိုမကောင်းဘူးလား'

ထိုသို့ပြောလိုက်ရာ မိုးစက် ဟိုလိုလို ဒီလိုလိုရုပ် ဖြစ်သွားပြီး...

'အဟဲ... ဒီလောက်လည်း မလိုသေးပါဘူး အဖေရ၊ ဟိုလေ အဖေက အသက်ကြီးပြီဆိုတော့ အဖေ့နားမှာ သားက ရှိဦးမှဖြစ်မှာလေ အဟင်း'

'မလိုပါဘူးကွာ၊ အဖေက အသက်ကြီးပေမယ့် မပျက်စီး၊ အဲ... ကျန်းမာရေးအကောင်းကြီးရှိပါသေးတယ်၊ သား စိတ်ဖြောင့်ဖြောင့်နဲ့သာ ကိုယ်လုပ်စရာရှိတာကိုသာလုပ်ပါ'

မိုးစက် ခေါင်းကုတ်မိသည်။ ကိုယ်က ဘာရယ်မဟုတ်ဘဲ ပါးစပ်ဖွာမိလိုက်တာ အခု အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ကိန်း ဆိုက်နေရပြီကိုး။ အဖေက ရုပ်တည်ကြီးနဲ့ ပြန်ပြောနေတော့ ချက်ချင်းဘဲ ခေါင်းတုံးတုံးပြီး ဘုန်းကြီးဝတ်ရမယ့်ကိန်းဆိုက်နေပြီ။ မဖြစ်။ အမှန်ကို တည့်တည့် ပြန်ပြောမှ...

'အဟဲ... ဟဲ... အဖေ သားကလေ ဒီလိုဘာသာရေးစာပေတွေ ဖတ်နေတာ ဘာဖြစ်လို့လဲ သိလား'

'သိတယ်လေကွာ၊ သားပဲတရားရှာချင်လို့ဆို'

'အဟဲ... အဲဒါက နောက်တာပါ အဖေရ၊ ဟိုလေ ရှုပါရုံက



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးကို စိတ်ဝင်စားတဲ့သူဆိုတော့ သားလည်း သူနဲ့လိုက်ရောညီထွေ ဖြစ်အောင် ဒါတွေဖတ်နေတာ အဟင်း'

မိုးစက် စကားလည်းဆုံးရော ဦးမြင့်အောင် မျက်လုံးအပြင်သို့ ပြူးထွက်လာသည်။

'မင်း… မင်း… ခွေးမသား'

မိုးစက် ဆတ်ခနဲ ထရပ်လိုက်သည်။ ရာသီဥတုက ပြောင်းသွားပြီလေ။ ဦးမြင့်အောင်က…

'ငါ့မှာတော့ တကယ်ဟုတ်တယ်ထင်ပြီး ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိနေတာ'

ဟုပြောရင်း ဘေးၐရှိသော ကြက်မွေးကိုဆွဲ၍ ရှေ့သို့တိုးလာသည်။ မိုးစက်ကလည်း လျင်ပါသည်။ နောက်သို့ ဖျတ်ခနဲ ဆုတ်၍…

'အဖေနော်၊ လက်ထဲကဟာကြီးကို အောက်ချထားလိုက်'

'အောင်မာ ဘာလို့ချရမှာလဲ'

'အဖေနဲ့ မလိုက်ပါဘူးဗျာ၊ ပြန်ချထားလိုက်ပါဆို'

ဦးမြင့်အောင် လုံးဝ လုံးဝ နားမထောင်ပါ။ ရှေ့သို့ ဝုန်းခနဲတိုးကာ လိုက်စဉ်မှာပင် မိုးစက်ကလည်း လှစ်ခနဲနေအောင် ပြေးတော့၏။

'အဖေ… အဖေ… သွားလေသူ အမေ့ရဲ့မျက်နှာကို ထောက်ပါဦး'

'မထောက်နိုင်ဘူးကွ၊ မထောက်နိုင်ဘူး ဟင်း'

ထိုသို့ဖြင့် ဦးမြင့်အောင်က ကြက်မွေးကိုင်၍ အနောက်မှလိုက်သည်။ မိုးစက်ကလည်း လွတ်အောင်ပတ်ပြေးသည်။

နောက်တော့လည်း လူကြီးနှင့်လူငယ်မို့ မိုးစက် လွတ်သွားပါသည်။ ဦးမြင့်အောင်သာ ဒေါသတွေ ဝေပြီး ကျန်ရစ်ခဲ့လျက်…

□ □ □





ရှုပါရုံ၏အမေ ဒေါ်ယဉ်နွယ်ဆီသို့ မိုးစက် ဖုန်းဆက်ကြည့်ရာ ရှုပါရုံက သဒ္ဒါရုံမဟုတ်တော့ဘဲ ရှုပါရုံဘဝဖြင့် အိမ်သို့ပြန်ရောက်နေကြောင်း သိလိုက်ရသဖြင့် ၄င်းတို့အိမ်သို့ ထွက်လာခဲ့သည်။

ခြံဝသို့ ရောက်သောအခါ မိုးစက် ရင်သည် ဒိတ်ခနဲပင် ခုန်သွားမိ၏။ အတယ်ကြောင့်ဆိုသော် အိမ်ထဲ၌ ရှုပါရုံတို့ သားအမိ၏ အော်သံမျိုးစုံကို ကြားလိုက်ရခြင်းကြောင့်ဖြစ်သည်။

'လိုက်… လိုက်… သမီး လိုက်'

'ဒုန်း… ဂလုံး… ဝှမ်း'

'ဟိုမှာ အမေ၊ ပြေးပြီ… ပြေးပြီ… ဒုန်း'

ထိုအသံများကြောင့် မိုးစက် ရင်ထဲ၌ စိုးရိမ်သွားမိ၏။ ဟိုတစ်ခါကလို သူခိုးဝင်ပြန်ပြီထင်သည်။ ထို့ကြောင့် အမြန်သွားမှဖြစ်မည်။ သို့ရာတွင် ခြံတံခါးက သော့ခတ်ထားခြင်းကြောင့် အိမ်ထဲသို့ ဝင်ရန် အခက်အခဲဖြစ်နေ၏။

အထဲမှ ဆူညံသံတို့က ဗိုလ်ပင် ပွက်လောရိုက်လျက်…

ထို့ကြောင့် မိုးစက် ဘာဘာညာညာ မစဉ်းစားအားတော့ဘဲ ခြံတံခါးကို ကျော်ဝင်ရန် ဆုံးဖြတ်ချက် ချလိုက်မိ၏။ ဒီနေ့မှ ရှုပါရုံကို ခေါ်ပြီး လျှောက်လည်ရန် စဉ်းစားထားသဖြင့် ကော်လံကတုံးနှင့် ပုဆိုးဝတ်လာခြင်းကြောင့် ခြံကိုကျော်တက်ရန်အတွက် ပုဆိုးကို ခါးတောင်းအရင်ကျိုက်ရသည်။ ပြီးတော့ ခြံတံခါးပေါ် တက်သည်။

အတက်က သိပ်ပြဿနာမရှိ။ လွယ်လွယ်ကူကူဖြင့်ပင် အပေါ်သို့ ရောက်သွား၏။ သို့ရာတွင် အဆင်း၌ ပြဿနာနည်းနည်းပေါ်လာသည်။ ဒါက ခြေချစရာ တန်းမရှိခြင်းကြောင့်ပင်ဖြစ်၏။ ဘာဆက်လုပ်ရမည်နည်း။

ခြံတံခါးအမြင့်က လူတစ်ရပ်သာသာလောက်သာ ရှိသဖြင့် ခုန်ချ၍ ရနိုင်လောက်သည်။ ထို့ကြောင့် မိုးစက် အံကိုတင်းတင်းကြိတ်၍…

'ငါဟဲ့ယောကျ်ား မတစ်ထောင် တစ်ကောင်ဘွား'

ဟု ကြုံးဝါးကာ ခုန်ချလိုက်တော့သည်။

'ဘုတ်… ဟာ့'



www.burmeseclassic.com

www.burmeseclassic.com



လူက အဆင်ပြေစွာ အောက်သို့ရောက်သွားသည်။

ဒါပေမဲ့ ပုဆိုးကတော့ အပေါ်မှာ သံချွန်နှင့်ငြိကာ ချိတ်၍ ကျန်ရစ်ခဲ့၏။ ခုန်ချသည့် အချိန်တွင် ခါးတောင်းကျိုက်ပြေကာ သံချွန်နှင့်ငြိ၍ ကျန်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် မိုးစက် ထူပူသွားပြီ။ ပုဆိုးအား လှမ်းဖြုတ်ရန် ပြင်စဉ်မှာပင် ရူပါရုံ အိမ်ထဲမှ ယောင်းမကိုင်ကာ ပြေးထွက်လာခြင်းကို မြင်လိုက်ရခြင်းကြောင့် ကမန်းကတမ်း မြေပြင်ပေါ်သို့ ဒူးတုတ်ကာ ထိုင်ချလိုက်ရသည်။

'ဟင်… ကိုမိုးစက်'

မြေပေါ်တွင် ဒူးတုတ်၍ ထိုင်နေပြီး အောက်ပိုင်းအား အပေါ်အင်္ကျီစလေးဖြင့် အတင်းဆွဲကာ ဖုံးထားသော မိုးစက်ကို ရုတ်တရက်ကြီး မြင်လိုက်ရခြင်းကြောင့် ရူပါရုံ ယောင်းမကြီးကိုင်ကာ အူတူတူဖြစ်သွားလေ၏။

'ကိုမိုးစက်… အဲဒါ… ဘာလုပ်… လုပ်'

'ဟီး… ဟီး… ရူပါရုံ အနားကို မလာနဲ့နော်၊ အိမ်ထဲကို ပြန်ဝင်၊ သိလား လိမ္မာတယ်'

ရူပါရုံ နဝေတိမ်တောင်ဖြင့် မိုးစက်အား သေချာပြူးကြည့်သည်။ ထို့ကြောင့် မိုးစက်လည်း ပြူးပြဲပြီး အောက်ပိုင်းကို လုံအောင်ဆွဲချသည်။ ထိုအခါမှ ရူပါရုံသတိထားမိသွားပြီး မျက်လုံးပြူးသွားကာ…

'အမေရေ'

ဟုအော်ကာ အိမ်ထဲသို့ ဝင်ပြေးတော့သည်။

ထိုအခါမှ မိုးစက်လည်း ကပျာကယာ ပုဆိုးကို ပြန်ယူရန် ခေါင်းတတ်ထရပ်လိုက်စဉ်မှာပင် မျက်ဝန်းထောင့်စွန်းမှ တံမြက်စည်းကြီးကိုင်ထားသော ဒေါ်ယဉ်နွယ်ကို မြင်လိုက်ရခြင်းကြောင့် နဂိုအတိုင်း ပြန်ထိုင်လိုက်ရသည်။

'ဟင်… မောင်မိုးစက်… မင်း ဘာလုပ်… လုပ်'

ဒိုချင်ပါသည်။





'ကျွန်တော် တောင်းပန်ပါတယ်၊ အန်တီ အိမ်ထဲကို မြန်မြန်လေး ပြန်ဝင်ပေးပါ'

ထိုသို့ပြောပြီး အင်္ကျီကို လုံအောင်ပြန်ဆွဲချရပြန်၏။

ထိုအခါမှ ဒေါ်ယဉ်နွယ်လည်း သတိထားမိသွားပြီ…

'အမေရေ'

ဟု မရှိတော့သော မွေးသမိခင်ကို တမ်းတ၍ တံမြက်စည်းကြီးကို ကျစ်ကျစ်ပါအောင်ကိုင်ကာ အိမ်ထဲသို့ ပြေးဝင်သွားတော့သည်။

မိုးစက် ပုဆိုးကို ထမယူဖြစ်သေးပါ။ ဟိုသားအမိပြန်ထွက်လာလေမလားဟူသော အတွေးဖြင့် ထိုင်ကာ စောင့်ကြည့်နေမိသေး၏။

ခဏကြာမှ စိတ်ချလက်ချဖြစ်သွားပြီး ထရပ်ကာ ပုဆိုးကို အမြန်လှမ်းဆွဲသည်။

'ဖြဲ'

သံချွန်နှင့် ငြိနေသဖြင့် တော်တော်ကြီးကို ပြဲသွားသည်။ သို့သော် ဝတ်၍ရပါသည်။ ခုနက လုံးဝမရှိတာထက်စာရင် တော်တော်ကြီးကို လုံသည်ပေါ့။

ပုဆိုးအပြဲနေရာကို အတွင်းဘက်ထား၍ သေချာစွာဝတ်ဆင်ပြီးမှ မိုးစက် အိမ်ထဲသို့ ထပ်၍ဝင်သင့် မဝင်သင့်စဉ်းစားရပြီ။

ကိုယ်က ခုလေးတင် အရှက်ကပဟက်တက်ကြီးကွဲထားတော့ စဉ်းစားရတာပေါ့။

အိမ်ထဲ၌ အသံတွေတော့ ငြိမ်နေသည်။

မိမိထင်မှတ်ထားသလို သူခိုးဝင်နေပါက ထိုအခြေအနေက စိုးရိမ်စရာအခြေအနေတို့ကြောင့် မိုးစက် ရှက်ခြင်းကို ခဏဘေးချိတ်၍ စိုးရိမ်ခြင်းတို့ကို ရှေ့တန်းတင်ကာ အိမ်ထဲသို့ ဝင်ခဲ့သည်။ မျက်နှာကတော့ ပူသည်ပေါ့။

အိမ်ထဲသို့ရောက်တော့ သားအမိနှစ်ယောက်က မိုးစက်အား မျက်နှာလွှဲခဲပစ်လုပ်နေကြသည်။ ပိုစ်ကတော့ အေးချမ်းသယောင်ရှိသည်။ ထို့ကြောင့် မိုးစက်က…



www.burmeseclassic.com

www.burmeseclassic.com



'အန်တီတို့ အခုနက ဘာတွေဖြစ်နေကြတာလဲ'

ထိုသို့မေးလိုက်ခြင်းကြောင့် ဒေါ်ယဉ်နွယ်က မျက်နှာလွဲလျက်မှ ပင်…

'မောင်မိုးစက် ပုဆိုးဝတ်ထားပြီလားဟင်'

မိုးစက် တွန့်ခနဲ ဖြစ်သွားပြီး…

'ဝတ်… ဝတ်ထားပါတယ် အန်တီရဲ့'

ထိုအခါမှ ဒေါ်ယဉ်နွယ် သက်ပြင်းချပြီး…

'ဟင်း… နောက်တစ်ခါ အဲဒီလိုမလုပ်ပါနဲ့ကွယ်၊ အန်တီ ရင်တုန် လွန်းလို့ပါ'

'အဟင်း… ဟိုလေ ကျွန်တော်က အိမ်ထဲမှာ ဘာဖြစ်နေမှန်းမသိ တော့ အစိုးရိမ်လွန်သွားပြီး ခြံထဲကို ကျော်ဝင်ရာကနေ ပုဆိုးကငြိ… ငြိပြီးတော့ ကျွန်ခဲ့လို့ပါ၊ ခုတော့ ပြန်ဝတ်ပြီးပါပြီ အန်တီရဲ့'

ထိုအခါမှ ဒေါ်ယဉ်နွယ် သက်ပြင်းတချချဖြင့် မိုးစက်ထံ မျက်နှာ မူလာသည်။ ရွှေပါရုံကတော့ ခေါင်းငုံ့ဆဲ။ ဒေါ်ယဉ်နွယ်က…

'အန်တီတို့က ဘာမှမဖြစ်ပါဘူး၊ ကြွက်တွေ့လို့၊ အဲဒါလိုက်မောင်း ထုတ်နေတာ'

မိုးစက် မအီမသာဖြစ်သွားမိသည်။ ဟုတ်တယ်။ ကိုယ့်မှာတော့ ဘာများဖြစ်လို့လဲလို့ သူတို့ကတော့ ကြွက်တွေ့လို့တဲ့။ ဟင်း… ကြွက် တွေ့တာများ ငေါဓိလာတွေ့တာ ကျနေတာပဲ၊ အရပ်ကိုပျက်လို့။ ဒေါ်ယဉ် နွယ်က ဆက်၍…

'ဒါနဲ့ မောင်မိုးစက် လာတာက…'

'ဪ… ဟိုလေ ဒီနေ့က ဟို ကျွန်တော့်အဘိုး မွေးနေ့မို့လို့ အဲဒါ ဘုရားသွားမလို့ ရွှေပါရုံများ လိုက်မလားဆိုပြီး လာခေါ်တာပါ'

ထိုသို့ပြောလိုက်ရာ ဒေါ်ယဉ်နွယ် နဝေတိမ်တောင်ဖြစ်သွားပြီး…

'ဟင်… မောင်မိုးစက်နဲ့ အဘိုးက ခုချိန်ထိရှိသေးလို့လား'

'ခင်ဗျာ… အဟင်း… ဟို… ကျွန်တော် မမွေးခင်ကတည်းက ဆုံးသွားပါပြီ၊ ဒါပေမဲ့… ဟိုလေ… မွေးနေ့က မွေးနေ့ပဲပေါ့'





'ဪ… ဪ'

ဒေါ်ယဉ်နွယ် မိုးစက်ရဲ့ လုပ်ကြံဇာတ်ကို ရိပ်မိပေမယ့် ဘာမှပြော မနေတော့ဘဲ ခုချိန်ထိ ခေါင်းငုံ့ဆဲဖြစ်သော ရွှေပါရုံအား…

'သမီး မောင်မိုးစက်နဲ့ ဘုရားကိုလိုက်သွားမလား'

ရွှေပါရုံထံမှ အတန်ကြာသည်အထိ အဖြေပြန်မရပါ။ နောက်မှ 'ဟုတ်'ဆိုသော လက်ခံသံခပ်တိုးတိုးသာ ထွက်လာသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ဘုရားသို့ လာရာလမ်းတစ်လျှောက်တွင် တိတ်ဆိတ်နေသော ရှုပါရုံကို ကြည့်၍ မိုးစက် ရင်ထဲတွင် အေးချမ်းနေမိ၏။ မျက်နှာကတော့ နည်းနည်းပူနေသည်ပေါ့။ ကိုယ်က ခုနကမှ လောလောလတ်လတ်ကြီး ကွင်းလုံးကျွတ်ထားတာကိုး။

ထို့နောက် ဘုရားပန်း ဘာညာဝယ်ပြီး ဘုရားပေါ်သို့ ရောက်သော အခါ ရှုပါရုံက…

'ကိုမိုးစက် အဘိုးက ဘာနေ့သားလဲဟင်'

'ဟင့်အင်း… မသိဘူး'

'ဟောတော့… ဒါဆိုရင် ဘယ်ဂြိုလ်တိုင်မှာ သွားပူဇော်မှာလဲ'

မိုးစက် ခေါင်းကုတ်၍…

'ဟိုလေ အဘိုးက ဆုံးတာလည်း ကြာပြီဆိုတော့ ခုလောက်ဆို ရင် ကောင်းရာမွန်ရာလည်း ရောက်သွားလောက်ပါပြီ၊ ဒီတော့ ရှုပါရုံ ဆန္ဒရှိတဲ့ ဂြိုလ်တိုင်ကိုသာ သွားပြီး ပူဇော်လိုက်ပါလား'

ရှုပါရုံ မျက်စောင်းတစ်ချက်လှမ်းထိုးသည်။

'အဲဒီလိုလုပ်လို့ရမလား၊ နာမည်က ဘယ်သူလဲ'

'မိုးစက်လေ၊ မေ့သွားလို့လား'

'အဲဒါကို မေးနေတာမဟုတ်ဘူး၊ ကိုမိုးစက်ရဲ့ အဘိုးနာမည်ကို မေးနေတာ'





'သြော်… ဦးတင်အေးတဲ့'

'ဒါဆို စနေသားနဲ့တူတယ်'

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့'

ရှုပါရုံ ဒုတိယအကြိမ်မြောက် မျက်စောင်းလှမ်းထိုးသည်။ သို့ရာတွင် ဘာမှထပ်မပြောတော့ဘဲ နှစ်ယောက်သား စနေထောင့်သို့သွား၍ ဖြူးယင်ကိစ္စများကို ပြုကြသည်။ ထိုသို့ပြုပြီးနောက် ဘုရားရင်ပြင်ပေါ်တွင် ဟိုကြည့်ဒီကြည့် လိုက်ကြည့်နေစဉ်…

'ဟာ… ဟော့ကောင် လေပွေ'

'အာ… အေး… နောက်တိုး'

နောက်တိုးနဲ့ သူ့မိန်းမ မဇိုက်တို့ပါ။ နောက်တိုးက…

'ဘယ်ကိုလာတာလဲကွ'

'ဘုရားပေါ်မှာတွေ့မှတော့ ဘုရားကိုလာတာပေါ့ကွ'

နောက်တိုးက ရှုပါရုံကို တစ်ချက်ကြည့်၍ မဲ့ပြုံးပြုံးကာ…

'အေးပေါ့လေ၊ အဖော်ရှိပြီဆိုတော့ မင်းလိုကောင်မျိုး ဘုရားရောက်မှာပေါ့'

မိုးစက် ရယ်လိုက်မိသည်။ နောက်တိုးက မရယ်ဘဲ ရှုပါရုံအား မျက်မှောင်ကြုတ်၍ အကဲခတ်နေ၏။ နောက်တိုးမိန်းမကတော့ မိုးစက်အား ခင်က ငါတို့ဆီတောင် ပေါ်မလာတော့ဘူး။ ဘာညာဖြင့် ပွစိပွစိလုပ်နေသေး၏။ ၎င်းအချိန်တွင် နောက်တိုးက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် အော်ကြီးဟစ်ကျယ် ထပြောသည်။

'အဟား… ငါမှတ်မိပြီကွ၊ သူက သဒ္ဒါရုံမဟုတ်လား'

တစ်လောကလုံး ငြိမ်သွားသည်။

မိုးစက်လည်း ကျောက်ရုပ်သဖွယ် တောင့်တင်းသွားသည်။

ရှုပါရုံကတော့ ကြက်သေသေလျှက်။

ခဏကြာတော့ မိုးစက် သတိဝင်လာပြီး…

'အာ… မင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သူ့နာမည်က ရှုပါရုံပါကွ၊ မင်းထင်တဲ့တစ်ယောက် မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟေ'

နောက်တိုး အူတူတူဖြစ်သွားပြီး…

'ဟုတ်လို့လားကွ၊ မင်းကလည်း…'

'ဟုတ်ပါတယ်ကွ၊ ရုပ်ချင်းဆင်နေလို့ပါ၊ ကဲကွာ၊ ငါလစ်မယ်၊ သွားစရာလေးတွေ ရှိသေးလို့'

ထိုသို့ စကားစကို ဖြတ်၍ မိုးစက် ရူပါရုံ၏လက်ကို ဆွဲကာ ထွက်လာခဲ့သည်။ နောက်တိုးကတော့ နဗေတိမ်တောင်ဖြစ်ပြီး ကျန်ရစ်ခဲ့တော့သည်။

ထို့နောက် ဘုရားပေါ်မှ အောက်သို့ရောက်လာပြီးနောက် မိုးစက်တို့ ကော်ဖီဆိုင်လေးတစ်ဆိုင်တွင် ဝင်ထိုင်ဖြစ်ကြသည်။

ထိုအချိန်ထိ တစ်ယောက်နှင့်တစ်ယောက် စကားဟဟမပြောဖြစ်ကြသေး။

ရူပါရုံ ကြည့်ရတာ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေဟန်ရှိသည်။ အတန်ကြာမှ…

'ကိုမိုးစက် ကျွန်မ တစ်ခုလောက် မေးလို့ရမလား'

'အင်း… မေးလေ၊ မေးပါ'

'ကျွန်မ ညီမလေး သဒ္ဒါရုံနဲ့ ကိုမိုးစက်က သိလို့လား'

ဇာတ်လမ်းက စပါပြီ။ မိုးစက် ရူပါရုံကို တည့်တည့်ကြည့်၍…

'သိတယ် ဆိုပါတော့'

ရူပါရုံ၏ မျက်နှာတစ်မျိုးဖြစ်သွားသည်။

'သြော်… ဒီလိုလား၊ ကျွန်မတောင်မှ ညီမလေးနဲ့ မတွေ့တာကြာပြီ'

မိုးစက် ဘာပြန်ပြောရမှန်းမသိ ဖြစ်မိသွားသည်။ အေးပေါ့လေ… သူ့ကိုယ်၌က သဒ္ဒါရုံဖြစ်နေတာဆိုတော့ ဘယ်လိုလုပ်ပြီးတော့ သဒ္ဒါရုံနဲ့ မျက်နှာချင်းဆိုင် တွေ့နိုင်မှာတဲ့လဲ။

ရူပါရုံက ဆက်၍…

'ဒါနဲ့ ကျွန်မ ညီမလေး နေထိုင်ရော ကောင်းရဲ့လားဟင်'





မိုးစက် ခေါင်းကုတ်၍…

'အင်း… ကောင်းပါတယ်၊ ဒေါင်ဒေါင်မြည်နေတာပဲ'

ထိုအခါ ရူပါရုံက ပြုံး၍…

'ဟုတ်တယ်၊ ညီမလေးက ကျန်းမာရေးအရမ်းကောင်းတာ၊ ကျွန်မကမှ ချူချာတာ'

မိုးစက် စိတ်ညစ်သလို ဖြစ်လာမိသည်။ သိသိကြီးနဲ့ မဟုတ်တာတွေလိုက်ရောပြီး ပြောနေရတော့ ညစ်လာပြီပေါ့။ ထို့ကြောင့်…

'အင်း… ရူပါရုံကို ကြည့်ရတာ သဒ္ဒါရုံကို အရမ်းချစ်သလိုပဲနော်'

'အဟင်း… ကိုမိုးစက်ကလည်း ချစ်တာပေါ့ရှင်'

'ကျွန်တော်လည်း ကျွန်တော့်အဘိုးကို ချစ်တယ်ဗျ'

'ဟင်… ကိုမိုးစက်အဘိုးက ကိုမိုးစက် မမွေးခင်ကတည်းက သေသွားတာဆို'

'ဟုတ်တယ်လေ၊ ဘာလဲ၊ သေသွားတဲ့လူကို ကျွန်တော်က ချစ်ခွင့်မရှိတော့ဘူးလား'

'သြော်… ကျွန်မက ဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး'

မိုးစက် ခေါင်းတစ်ချက်ညိတ်၍ မျက်နှာတည်လိုက်ပြီး…

'ပြီးတော့ ကျွန်တော် ငယ်ငယ်ကတည်းက ဆုံးသွားတဲ့အမေကိုလည်း ဒီနေ့ဒီအချိန်ထိ ချစ်တုန်းပဲ'

ရူပါရုံ နားလည်ဟန်ဖြင့် ခေါင်းညိတ်သည်။ မိုးစက်က ဆက်၍…

'ဒါပေမဲ့ သူတို့တွေ လူ့လောကကြီးထဲမှာ မရှိတော့ဘူး၊ သေဆုံးသွားကြပြီဆိုတာကို ကျွန်တော် အပြည့်အဝ လက်ခံယုံကြည်ပေးထားတယ်'

ထိုသို့ပြောပြီး ရူပါရုံ၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ရူပါရုံ ငြိမ်သက်နေသည်။ မိုးစက်က လေးနက်သော လေသံဖြင့် ဆက်၍…

'ဒီလိုယုံကြည်လက်ခံခဲ့လို့ ကျွန်တော် သူတို့အတွက် နှစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုင်း ကောင်းမှုကုသိုလ်တွေ လုပ်တယ်၊ ပြီးတော့ အမျှပေးဝေတယ်၊ ဒါမှလည်း သူတို့ရောက်ရာဘဝမှာ အေးချမ်းမှုတွေရမှာကို'

ထိုသို့ပြောပြီး စကားစကို ဖြတ်လိုက်သည်။ ပြီးမှ...

'ရူပါရုံရော... သေဆုံးသွားပြီဖြစ်တဲ့ ကိုယ်ချစ်ခင်ရသူတွေ အေးချမ်းအောင်လို့ ဘယ်လိုကောင်းမှုကုသိုလ်တွေ လုပ်ခဲ့ပြီးပြီလဲဟင်'

'ရှင်'

ရူပါရုံ မျက်လုံးဝိုင်းသွားပြီး မိုးစက်ကို ကြည့်သည်။

မိုးစက် ဘာမှဆက်၍မပြောပါ။ ရူပါရုံ၏ ဖြူဖတ်ဖြူရော်ဖြစ်သွားသော ရုပ်ကလေးကိုသာ ထိုင်ကြည့်နေလိုက်သည်။

ထို့နောက် မိုးစက်တို့နှစ်ယောက် တိတ်ဆိတ်စွာဖြင့်ပင် အိမ်သို့ ပြန်ခဲ့ကြသည်။ အိမ်ထဲသို့ မဝင်ခင်အချိန်တွင် ရူပါရုံက လေးနက်သော လေသံဖြင့်...

'ကိုမိုးစက် သေဆုံးသွားသူအတွက် ကျန်ခဲ့တဲ့လူက ကောင်းမှုကုသိုလ်လုပ်ပြီး အမျှပေးဝေမယ်ဆိုရင် သူတို့တကယ်ရပါ့မလားဟင်'

'သိပ်ရတာပေါ့ ရူပါရုံရယ်၊ ဘုရားရှင်ကိုယ်တော်တိုင်ကိုက ပြောထားတာပဲဟာ'

ထိုသို့ဖြေလိုက်အပြီးတွင် ရူပါရုံဘာမှဆက်မမေးတော့ဘဲ စိတ်လှုပ်ရှားနေဟန်ဖြင့် အိမ်ထဲသို့ ဝင်သွားသည်။ မိုးစက် ကျန်ရစ်ခဲ့ရင်း တွေးနေမိသည်မှာမိမိပစ်လိုက်သော မြှားချက်သည် ရူပါရုံ၏ ရင်ထဲသို့ ဘယ်အတိုင်းအတာအထိ ထိုးဖောက်ဝင်ရောက်သွားနိုင်သလဲဆိုတာကိုပင်။

သို့သော်... သိပ်မကြာခင် ရက်ပိုင်းမှာပင် ရူပါရုံတစ်ယောက် သဒ္ဒါရုံဘဝသို့ ကူးပြောင်းသွားသောအခါ မိုးစက် တက်တခေါက်ခေါက် သက်ပြင်းတချချဖြင့်သာ ဖြစ်နေခဲ့ရင်း...

သဒ္ဒါရုံတဖြစ်လည်း ရူပါရုံကို ရင်ဆိုင်ရန်အတွက် ရောက်ရှိလာခဲ့သည်။

မိုးစက် အရှုံးကို မလိုချင်ပါ။

ဒါပေမဲ့ အနိုင်ကိုလည်း မနှစ်မြို့နိုင်ပါ။





သို့ရာတွင် တစ်ခုခုကိုတော့ ရအောင်လုပ်ရပေမည်။

သို့ရာတွင်လည်း တစ်ခုခုကို မိုးစက် ရပြီးဖြစ်နေခဲ့ပါသည်။

ထိုအရာမှာ...

□ □ □

'ဟော့... သဒ္ဒါရုံ... သဒ္ဒါရုံ'

'ဩော်... ရှင်ပဲကိုး'

သဒ္ဒါရုံက မျက်နှာကိုမဲ့၍ ပြောလိုက်ခြင်းသာဖြစ်သည်။ မိုးစက်က ဟုတ်ကဲ့ ကျွန်တော်ပါခင်ဗျာဟု ပြန်မဖြေပါ။ ဘာမှလည်း မပြောပါ။ သဒ္ဒါရုံက ဆက်၍...

'ရှင်ပြောတော့ ကျွန်မနဲ့ ဝေးဝေးနေမယ်ဆို'

မိုးစက် ပခုံးတွန့်၍...

'ငါလည်း ကြိုးစားတာပဲ၊ ဒါပေမဲ့ ကိစ္စလေးတွေက မပြတ်သေးတော့ လာနေရတာပေါ့ကွာ'

သဒ္ဒါရုံ မျက်မှောင်ကြုတ်၍...

'ရှင်နဲ့ ကျွန်မကြားမှာက ဘာကိစ္စရှိသေးလို့လဲ'

'ပိုက်ဆံလေ၊ ပိုက်ဆံ၊ မင်း ငါ့ပိုက်ဆံတွေကို အလွဲသုံးစားလုပ်ပစ်လိုက်တဲ့ ကိစ္စက ရှိသေးတယ်'

'အို... ရှင့်ကို ဘုရားလှူလိုက်ပြီဆိုတာ ပြောပြီးသွားပြီလေ'

'ဟ... ရမလားကွ၊ သုံးသောင်းကျော်ကွ၊ သုံးထောင်ကျော် မဟုတ်ဘူး'

'ရှင်နော်... ရှင်၊ ခုမှချေးခြောက်ရေနှုးလာလုပ်မနေနဲ့၊ ကျေအေးတုန်းက ကျေအေးထားပြီးတော့'

သဒ္ဒါရုံ၏ ဒေါပွနေသော ရုပ်ကလေးကို ကြည့်၍ မိုးစက် ရယ်ချင်နေပါသည်။ သို့သော် မရယ်ဖြစ်ပါ။ ကိုယ်က အကြောင်းမရှိအကြောင်းရှာ ပြဿနာ လာရှာသည်ဆိုတော့ ရယ်နေလို့မှ မရတာ။ ထို့ကြောင့် ရုပ်တည်ကြီးဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ငါ ကြားဖူးတာက ပစ္စည်းပျောက်ရင် ရေအဆုံးကုန်းတစ်ဝက်တဲ့၊ ခု ငါတို့ကိစ္စက ကုန်းပေါ်မှာဖြစ်ခဲ့တဲ့အတွက် အနည်းဆုံးတော့ ပိုက်ဆံတစ်ဝက် မင်း ငါ့ကိုပြန်လျှော်ပေးရမယ်၊ ဒါပဲ'

'အို... ဘာလို့လျှော်ရမှာလဲ၊ မလျှော်နိုင်ပါဘူး'

'ဟ... မင်း ဒီလိုတာဝန်မဲ့စကား မပြောနဲ့လေ'

'ပြောတော့ ဘာဖြစ်လဲ'

'ဒါဆိုရင် ငါရဲစခန်းကို သွားတိုင်မှာနော်'

'သွားတိုင်... သွား'

'အောင်မာ... ပမာမခန့်နဲ့'

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မျက်စောင်းချင်းခုတ်ကြသည်။ ထိုစဉ် မိုးစက်တို့အနားသို့ လူတစ်ယောက်ရောက်လာ၏။ ထိုလူက တခြားလူတော့မဟုတ်ပါ။ မိုးစက် သူငယ်ချင်း ဒုရဲအုပ်ဟိန်းလတ်ပါ။ ယူနီဖောင်းနဲ့တော့မဟုတ်။ သာမန်အရပ်ဝတ်နဲ့ပါ။

'ဟေ့ကောင်... မိုးစက်'

'အာ... ဟိန်းလတ်'

မိုးစက် ပျော်သွားပြီး သဒ္ဒါရုံဘက်သို့ လှည့်ကာ...

'မင်း သူ့ကို သိတယ် မဟုတ်လား၊ သူက ငါ့သူငယ်ချင်းရဲ့အရာရှိပဲ'

သဒ္ဒါရုံ နှုတ်ခမ်းကို ထော်၍...

'သိသားပဲ'

မိုးစက်က ဟိန်းလတ်အား သဒ္ဒါရုံ မမြင်အောင် မျက်လုံးမှိတ်ပြလိုက်ပြီး...

'ဒီလိုကွာ၊ ငါ မင်းဆီက အကူအညီတစ်ခုတောင်းစရာရှိတယ်ကွ'

'အေးပြော သူငယ်ချင်း'

'လူတစ်ယောက်ဆီက တခြားလူတစ်ယောက်က ငွေကြေးကို အလွဲသုံးစားလုပ်ရင် အဲဒီလူကို ဖမ်းလို့ရလား'

'ဟ... ရတာပေါ့ကွ'





'ဒါဆိုရင် သူ့ကိုဖမ်းသွားစမ်းပါကွာ'

သဒ္ဒါရုံ မျက်လုံးပြူးသွား၏။ ဟိန်းလတ်က သဒ္ဒါရုံအား ကြည့်၍...

'ဖမ်းရမှာ နှမြောစရာကြီးကွာ ဟင်း'

မိုးစက်က ဟိန်းလတ်၏ ခြေထောက်အား မသိမသာနင်း၍ မျက်လုံးပြူးပြလိုက်သည်။ ထိုအခါမှ ဟိန်းလတ် မျက်နှာပိုးသတ်၍ ရုပ်ကိုတည်လိုက်ပြီး...

'အင်း... စိတ်တော့မကောင်းပါဘူးဗျာ၊ ဒါပေမဲ့ ဒီက အစ်မကို ငွေကြေးအလွဲသုံးစားမှုနဲ့ ဖမ်းရပါလိမ့်မယ်'

ထိုသို့ပြောလိုက်ရာ သဒ္ဒါရုံ တွန့်ခနဲဖြစ်သွားပြီး...

'အို... ဘာ... ဘာလို့ဖမ်းရမှာလဲ၊ ကျွန်မက သူ့ပိုက်ဆံကို ခိုးတာမှ မဟုတ်တာ၊ ကောက်ရတဲ့ဟာကို'

ဟိန်းလတ် မိုးစက်ကို မျက်လုံးဖွေကြည့်သည်။ မိုးစက် ခေါင်းကို မသိမသာ ညိတ်ပြ၍ သဒ္ဒါရုံအား...

'ဟော့... ဒီမှာ မင်းဘာမှလိမ်ဖို့ ကြိုးစားမနေနဲ့၊ ကောက်ရတယ်ဆိုပေမယ့် အဲဒါ ငါ့ပိုက်ဆံပါလို့ မင်းကို ပြောတာပဲဟာ'

သဒ္ဒါရုံ မိုးစက်အား မျက်ထောင့်နီကြီးဖြင့် ကြည့်သည်။ မိုးစက်က မသိချင်ယောင်ဆောင်၍ ဟိန်းလတ်အား...

'ကဲ... ဟိန်းလတ် ဘာမှစဉ်းစားမနေစမ်းပါနဲ့၊ သူ့ကိုဖမ်းမှာသာ ဖမ်းစမ်းပါ'

'သြော်... အေး... အေး'

ဟိန်းလတ် သဒ္ဒါရုံအား ဖမ်းမလိုလို ဘာလိုလိုလုပ်သည်။

ထို့ကြောင့် သဒ္ဒါရုံ လုံးဝကို ပေါက်ကွဲသွားပါတော့သည်။ ချက်ချင်းပင် မျက်ဝန်းမှ မျက်ရည်တို့ ဝေ့ဝိုက်၍ တက်လာပြီး...

'ဒီမှာ ကိုမိုးစက်'

'ဆို'

'ရှင့်ပိုက်ဆံကို ရှင် တော်တော်ပြန်လိုချင်နေတယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့'

သဒ္ဒါရဲ့ အံတစ်ချက်ကြိတ်၍ သူမ ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံ တစ်ထပ်ကို ဆွဲထုတ်လိုက်သည်။ ပြီးနောက် မိုးစက်အား စေ့စေ့ကြည့်၍...

'ရော့... ရှင့်ပိုက်ဆံကို ရှင်ပြန်ယူ'

မိုးစက် အေးအေးသက်သာ ပုံစံဖြင့်ပင် ပိုက်ဆံကို လှမ်းယူလိုက်သည်။ ပြီးတော့ ပိုက်ဆံကိုပါ တဖြတ်ဖြတ်ဖြင့် ရေတွက်လိုက်၏။

'တစ်ထောင်လိုနေသေးတယ်'

သဒ္ဒါရဲ့ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်သည်။ ပြီးနောက် တစ်ထောင်တန်တစ်ရွက်ကို ထပ်၍ထုတ်ပေး၏။ မိုးစက် လှမ်းယူရင်း...

'ကျေးဇူးပဲ'

'ဒီမှာ ကိုမိုးစက်'

'ပြော'

'ရှင့်ကိုလေ ကျွန်မ အရမ်းမုန်းတယ် သိလား'

'သြော်'

'ကျွန်မ ရှင်နဲ့ နောက်ကို ဘယ်တော့မှ မပတ်သက်တော့ဘူး'

'ကောင်းတာပေါ့'

'တောက်'

သဒ္ဒါရဲ့ ချာခနဲ လှည့်ထွက်သွားသည်။ မျက်ရည်တစ်ပေါက်က လည်း မြေပေါ်သို့ ကြွေသွား၏။ မိုးစက် ကျန်ခဲ့ပါသည်။

ဟိန်းလတ်က နဝေတိမ်တောင်လေသံဖြင့်...

'ဟေ့ကောင်... မိုးစက် ဟိုမှာ တကယ်ကို စိတ်ဆိုးသွားပြီ ထင်တယ်ကွ'

'ဟင့်အင်း... မုန်းသွားတာ'

'အာ... မင်းကလည်း ဒီလောက်ထိ မနောက်နဲ့လေ၊ သွားလိုက် ပြန်ချော့'

မိုးစက် သက်ပြင်းချ၍...

'ငါနောက်နေတာမှ မဟုတ်တာ၊ ချော့ဖို့မလိုတော့ပါဘူး'





'ဟ... မင်းကအတည်ကြီးလား၊ ငါက မင်းကောင်မလေးကို မင်းနောက်နေတယ်ထင်ပြီး ဝင်ပါလိုက်တာကွ'

မိုးစက် မချိပြုံး ပြုံးသည်။ ဟိန်းလတ် ခေါင်းကုတ်၍...

'မိုးစက် ဟိုက မင်းကို အတည်ကြီး မုန်းသွားတာနော်'

မိုးစက် အဝေးသို့ လှမ်းငေးသည်။ ပြီးတော့ သဒ္ဒါရဲ့ပေးသော ပိုက်ဆံလေးတွေကို ငေးသည်။

ပြီးမှ ခေါင်းရှုပ်နေဟန်ရှိသော သူငယ်ချင်းဖြစ်သူအား ကြည့်၍ နက်ရှိုင်းသော လေသံဖြင့်...

'ငါကလည်း ဒီအမုန်းကိုပဲ လိုချင်ခဲ့တာကွ'

ဟု ပြောလိုက်သည်။

၎င်းအချိန်တွင် ကမ္ဘာ့ဝင်ရိုးစွန်းတစ်နေရာတွင် လိပ်ပြာတစ်ကောင် လူးလွန့်၍ လှုပ်ရှားသက်ဝင်လာသည်။

ပြီးနောက် တစ်ချက်ဆို တစ်ချက်တည်း...

အတောင်ခတ်လိုက်၏။

'ဖျတ်'

□ □ □

ညသည် အတောင်အညှပ်ခံထားရသော ငှက်တစ်ကောင်ကဲ့သို့ လေးလံထိုင်းမှိုင်းနေသည်။ ၎င်းညထဲတွင် ပါဝင်ပတ်သက်နေရသော မိုးစက် တစ်ယောက်လည်း လေးတေးတေးကြီးဖြစ်၍နေ၏။

ရင်ဘတ်ထဲမှ အရာများကို သက်ပြင်းတချချဖြင့် မှုတ်ထုတ်ကြည့် နေမိသည်။ လျော့ပါး၍ မသွား။ ကိုယ့်ဝိညာဉ်သာ ပွန်းပဲ့သွားသည်ဟု ခံစားနေရသည်။

ဘယ်လိုနေရမလဲ။ ဘယ်လိုထိုင်ရမလဲ။ ဘယ်လိုခံစားရမလဲ။

ရင်ဘတ်ထဲမှ နှလုံးသားကို ဆွဲထုတ်၍ ဆေးလိမ်းပေးချင်သည့် စိတ်ပေါက်နေသည်။ သူနာနေသည်လေ၊ အထိမခံနိုင်လောက်အောင် နာကျင်နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် ခေါင်းမော့၍ ခပ်တိုးတိုးရယ်ပစ်လိုက်မိသည်။ ရယ်သံတွေက ကိုယ့်နားကို ကိုယ်ပြန်မှန်ပြီး ခါးသွားသဖြင့် ရပ်ပစ်လိုက်မိ၏။

ရယ်သံတို့ တိခနဲ ရပ်လိုက်သည်နှင့် အတွေးက ဝုန်းခနဲ ကိုယ်ထင်ပြလာ၏။

'ငါ ဘာကောင်လဲ'

ဘယ်သူမှ ပြန်၍မဖြေပါ။ ကိုယ်ကိုတိုင်လည်း မဖြေတတ်ပါ။

ရှုပါရုံက ကိုယ့်ကိုယ်ကိုယ် လိမ်ပြီး သဒ္ဒါရုံလုပ်သည်။

ကိုယ်က သူ့ကိုမလိမ်နိုင်အောင် ပြုပြင်ပေးမှာ။

ဒီကိစ္စက ရှင်းပါသည်။

ဒါပေမဲ့ ရှုပ်နေသည်။ ပြီးတော့ ရယ်စရာလည်းကောင်းနေသည်။

ဘာတဲ့။ သူ့ကိုယ်သူ မလိမ်နိုင်အောင် ကိုယ်ကပြုပြင်ပေးမှာတဲ့။

ကိုယ့်နှလုံးသားကို ကိုယ်ပြန်လိမ်နေတဲ့ကောင်က ပြုပြင်ပေးမှာတဲ့။

ဟင်း… ဟင်း… ရယ်စရာကောင်းလိုက်တာ။ ရယ်စရာကောင်းလိုက်တာ။ မိုးစက် အံကိုတင်းတင်းကြိတ်မိလိုက်သည်။

ဘာမှမမြင်ရသော အမှောင်ထုထဲသို့ နက်ရှိုင်းစွာ စိုက်ကြည့်မိလိုက်သည်။

ပြီးနောက် အမှောင်ထဲသို့ တစ်စ… တစ်စ… တိုးဝင်ပစ်လိုက်တော့သည်။

❒ ❒ ❒



## အခန်း(၁၅)

'အဖေ… သားကို ရှုပါရုံနဲ့ အမြန်ဆုံးလက်ထပ်ပေးဖို့ စီစဉ်ပေးပါ'

'ဟေ'

မိုးစက်၏ ဆိုင်းမဆင့် ဗုံမဆင့် စကားကြောင့် ဦးမြင့်အောင် နဝေတိမ်တောင်ဖြစ်သွားပြီး လှမ်းကြည့်၏။ ပြီးနောက် မျက်မှန်ကို ပင့်တင်၍…

'ဟေ့ကောင်… မင်း ငါ့ကို လာနောက်နေတာလား'

'မနောက်ပါဘူး အဖေရာ၊ သား ရှုပါရုံနဲ့ လက်ထပ်ပြီးရင် အဖေ့အလုပ်တွေကိုလည်း ဖိဖိစီးစီး လုပ်ပေးပါ့မယ်'

'ဟေ'

ဦးမြင့်အောင် ကိုယ့်ကိုယ်ကိုယ် အိပ်မက်မက်နေသည်ထင်ပြီး ပေါင်အားလက်ဖြင့် မသိမသာ ဆွဲလိမ်ကြည့်မိ၏။ နာသွားမှ တကယ်ဖြစ်နေမှန်း သဘောပေါက်သွားပြီး…

'နေပါဦး၊ မင်းက ဒီကိစ္စကို ဘာဖြစ်လို့ ဒီလောက်ထိ လောနေရတာလဲ'

မိုးစက် ရင်ဘတ်ကို ဘုန်းခနဲပုတ်ပြ၍…

'အချစ်ပေါ့ အဖေရာ၊ အချစ်ကြောင့်ပေါ့၊ သား ရှုပါရုံကို တကယ်ချစ်မိသွားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော'

ဦးမြင့်အောင် မျက်မှောင်ကြုတ်၍...

'ဟောကောင်... ဒါနောက်စရာမဟုတ်ဘူးနော်၊ မင်း အတည်ပြော နေတာလား'

'အတည်ပါဆို အဖေရာ'

ထိုအခါမှ ဦးမြင့်အောင်ပြုံး၍ ခေါင်းညိတ်ကာ...

'အေးပေါ့လေ၊ ဟိုကကောင်းကောင်းမွန်မွန်လေးဆိုတော့လည်း မင်း ကြိုက်သွားတာ မထူးဆန်းပါဘူး၊ ဟင်း... ဟင်း'

ထိုသို့ပြောလိုက်ခြင်းကြောင့် မိုးစက်လည်း ပြုံးမိသည်။ ဦးမြင့် အောင်က ဆက်၍...

'ကဲ... ဒါဆိုရင် ငါ မင်းတို့ကိစ္စကို အမြန်ဆုံး အကောင်အထည် ဖော်နိုင်အောင် မယဉ်နွယ်ကို ပြောလိုက်တော့မယ်'

'အဟင်း... မြန်မြန်သာ ပြောပေတော့ အဖေရေ'

'အေးပါကွာ၊ အေးပါ၊ ဟား... ဟား'

ထို့နောက် မိုးစက် အပြင်သို့ ထွက်သွားချိန်တွင် ဦးမြင့်အောင် တစ်ယောက် ဒေါ်ယဉ်နွယ်ထံသို့ ဝမ်းသာအားရဖုန်းဆက်လိုက်သည်။

'မယဉ်နွယ်ရေ ခင်ဗျားကို ကျွန်တော်ပြောထားတဲ့ကိစ္စ အဆင်ပြေ ပြီဗျို့'

'ဘာကိစ္စများလဲ ကိုမြင့်အောင်ရဲ့'

'ဩော်... ခင်ဗျားသမီးနဲ့ ကျုပ်သားကို နေရာချထားပေးဖို့ ပြော ထားတဲ့ကိစ္စလေ၊ ခုကျုပ်သားက အမြန်ဆုံးဖြစ်စေချင်ပြီလို့ ပြောနေတယ်ဗျ'

ဒေါ်ယဉ်နွယ်ဘက်က အသံတိတ်သွား၏။ ထို့ကြောင့် ဦးမြင့် အောင်က...

'မယဉ်နွယ် ဘာများဖြစ်လို့လဲဗျ'

'ဩော်... ကျွန်မ စဉ်းစားစရာလေးတွေ ပေါ်လာလို့ပါ'

'ဟုတ်လား၊ ဘာတွေများ စဉ်းစားစရာရှိနေသေးလို့လဲ'





'ကိုမြင့်အောင်ကို မောင်မိုးစက်က ကျွန်မသမီးအကြောင်း တခြား ဘာများပြောထားသေးလဲ'

'အင်း... ကျုပ်ကိုပြောတာ ခင်ဗျားသမီးနဲ့ မြန်မြန်ပေးစားဖို့ ပြောတာပဲရှိတာပါ၊ အဲ... ဒါကလည်း သူ... ဟို... တကယ်မေတ္တာ ရှိသွားလို့ဖြစ်မှာပါ'

ထိုအခါ ဒေါ်ယဉ်နွယ်က...

'ဒါပဲလား၊ တခြားထူးခြားတာ ဘာများပြောသေးလဲ'

'ထူးခြားတာ၊ အင်း... ထူးခြားတာတော့ မရှိပါဘူး'

ဒေါ်ယဉ်နွယ် စဉ်းစားရပါပြီ။ မိုးစက်က သူ့အဖေအား သမီးဖြစ် သူ၏ ကိစ္စရပ်များအား အသိမပေးထားဘူးထင်သည်။ မိမိအနေနှင့်လည်း သမီးကိစ္စများအား ဦးမြင့်အောင်နှင့် ယခင်က စကားအတည်တကျ မပြော ခဲ့ခြင်းကြောင့် ပြောမပြဖြစ်ခဲ့ချေ။

ယခု တစ်ဖက်က လူငယ်တွေကိစ္စအား အတည်အတံ့ကြီးပြောဆို လာခြင်းကြောင့် ၎င်းကိစ္စအား ပြောဆိုမှဖြစ်ပေတော့မည်။ ခွင့်လွှတ်တာ၊ မလွှတ်တာကတော့ သူတို့သဘောပေါ့။ နောက်မှ သိတယ်ဆိုရင် ဘယ် ကောင်းပါ့မလဲ။ ထို့ကြောင့် ဒေါ်ယဉ်နွယ် သက်ပြင်းကို အရင်ချ၍...

'ကိုမြင့်အောင်ကို မောင်မိုးစက်က ,သမီးရဲ့ပြဿနာလေးတွေကို ဘာကြောင့်ထုတ်မပြောသာလဲဆိုတာကိုတော့ ကျွန်မ မသိဘူး၊ ဒါပေမဲ့ စကားမလွန်ခင် ကျွန်မ ကိုမြင့်အောင်ကို အသိပေးမှဖြစ်မယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဦးမြင့်အောင် ဇဝေဇဝါဖြစ်သွားမိ သည်။

'ဘာကိစ္စများလဲ မယဉ်နွယ်ရဲ့'

'အင်း... ဒီကိစ္စတွေ အကုန်လုံးကို ကျွန်မ မောင်မိုးစက်ကိုတော့ ပြောပြီးပါပြီ၊ အဲဒါက ဘာလဲဆိုတော့ ကျွန်မ သမီးမှာက...'

ထိုသို့အစချီ၍ ရူပါရုံ၏ အကြောင်းများကို ပွင့်လင်းစွာ ပြောပြ လိုက်သည်။ ဦးမြင့်အောင် အစအဆုံးနားထောင်ဖြစ်သည်။

ပထမတော့ အံ့အားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတွေဝေလာသည်။

တတိယ ဆုံးဖြတ်ချက်တစ်စုံတစ်ခုချလိုက်သည်။

ပြီးတော့ ဖုန်းအားချလိုက်ပြီး သက်ပြင်းရှည်ကြီးကို ချလိုက်မိတော့သည်။

'ဖြစ်မှဖြစ်ရလေကွာ၊ တောက်... ဟင်း'

□ □ □

မိုးစက်နှင့် ဦးမြင့်အောင်တို့ အကြိတ်အနယ်ဖြစ်နေကြသည်။

'ဒီမှာ ငါ့သား လောကကြီးမှာ မိန်းမတွေ ပေါပါတယ်ကွာ'

'ဒါပေမဲ့ အချစ်က ရှားတယ် အဖေ'

'ဟော့ကောင် ငါ့ကို ရုပ်ရှင်ထဲက စကားလုံးတွေ လာပြောမနေနဲ့'

'ရုပ်ရှင်ဆိုတာကလည်း လူတွေအကြောင်းကို လူတွေကပဲ ဖန်တီးထားတာပါ အဖေ'

'အာ... ဒီကောင်ကွာ၊ ဒီမှာ မင်းကို ငါ တည့်တည့်ပဲပြောမယ်၊ ဟိုမရောက် ဒီမရောက်နဲ့ စိတ်မှုမမှန်တဲ့ မိန်းကလေးမျိုးကို ငါ လုံးဝ သဘောမတူနိုင်ဘူးကွာ'

'သူ မရူးပါဘူး အဖေရာ'

'အေး... ဒါပေမဲ့ လူကောင်းလည်းမဟုတ်ဘူးကွ'

'သူ့အကျင့်က ပြင်လို့ရပါတယ်'

'ဟ... ဘာအကျင့်လဲ၊ အဲဒါ အကျင့်မဟုတ်ဘူးကွ၊ စိတ်မနှံ့တာ စိတ်မနှံ့တာ၊ နားလည်လား'

'ကျွတ်... အဖေ မှားနေပြီ'

'မင်းလည်း မှန်မနေပါဘူးကွာ'

ဦးမြင့်အောင်ဘက်က ပြတ်သားလွန်းနေ၏။ ထို့ကြောင့် မိုးစက် ရှင်းပြရခက်နေပါသည်။

'မဟုတ်သေးဘူး အဖေ၊ သူ့ကိစ္စကို သားသူငယ်ချင်း ဆရာဝန် တစ်ယောက်နဲ့ သွားတိုင်ပင်ပြီးသွားပြီ၊ သူ့မှာ ဘာဝေဒနာမှ မရှိတော့ဘူး'





'ဟော့ကောင်... မင်း ငါ့ကို ပေါက်ကရတွေပြောပြီး နားလည်နိုင်းဖို့ မကြိုးစားနဲ့၊ ဒီမှာ ဘယ်အဖေကမှ ကိုယ့်သားသမီး လူကောင်းဆို ရူးနေပါတယ်လို့ မပြောဘူးကွ၊ ခုကိစ္စက သူ့အမေကိုယ်တိုင်က ငါ့ကိုပြောတာ၊ ရှင်းလား'

မိုးစက် ခေါင်းကိုကုတ်၍...

'အရင်တုန်းကတော့ သူ့မှာဒီဝေဒနာရှိခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ခုနောက်ပိုင်းမှာ မရှိတော့ဘူး အဖေရဲ့၊ ခု သူဒီလိုတွေလုပ်နေတယ်ဆိုတာက အကျင့်ကြောင့်ဖြစ်နေတာ'

'တော်စမ်း မိုးစက်၊ ငါ့မှာ သားသမီးဆိုလို့ မင်းတစ်ယောက်တည်းရှိတာကွ၊ ပြီးတော့ သံယောဇဉ်တွယ်စရာဆိုလို့ မင်းပဲရှိတာ၊ ငါ့မှာ မင်းအပြင် ဘာမှကို မရှိတော့ဘူး၊ မင်းတစ်ခုခုဖြစ်သွားမှာ မင်းဘဝတစ်စုံတစ်ခုကြောင့် တိမ်းစောင်းသွားမှာကို ငါ လုံးဝမလိုလားဘူးကွ၊ ပြီးတော့ လုံးဝကို ခွင့်မပြုနိုင်ဘူး၊ အဲဒါကို မင်းသိလား၊ ဟင်း...'

မိဘတစ်ယောက်၏ မေတ္တာအတ္တကထင်းခနဲ ပေါ်လာပါသည်။

ထို့ကြောင့် မိုးစက် ရင်ထဲတွင် နင့်ခနဲဖြစ်သွားမိ၏။

'အဖေရယ်'

'ဒီမှာ ငါ့သား၊ ငါက ဘာဖြစ်လို့ ခုချိန်ထိ ပိုက်ဆံတွေကို လောဘတကြီးနဲ့ ရှာနေရတာလဲ ဆိုတာကို မင်းသိလား၊ အဲဒါ မင်းရှေ့ရေးအတွက် ငါသေသွားခဲ့ရင် မင်းလူ့လောကကြီးမှာ အေးအေးချမ်းချမ်းနဲ့ နေထိုင်နိုင်ဖို့အတွက်ကွ၊ ပြီးတော့ ဒီမိန်းကလေးနဲ့ မင်းကို အရင်က ဘာလို့သဘောတူခဲ့သလဲ သိလား၊ ဒီကောင်မလေးက ရိုးသားတယ်၊ အေးချမ်းတယ်၊ ပြီးတော့ အရှုပ်အရှင်းကင်းတယ်၊ မင်းပေါက်ကရ လုပ်သမျှကိုလည်း ခေါင်းငုံ့ပြီးခံနိုင်လိမ့်မယ်လို့ ထင်လို့ ငါသဘောတူပြီး မင်းကို တိုက်တွန်းခဲ့တာ၊ ခု သူက ဒီလိုကြီးတွေဖြစ်နေတော့ သူ့ကိုယူလိုက်ရင် မင်းဒုက္ခရောက်တော့မှာလေ၊ ဒီတော့ ငါ ကန့်ကွက်ရတော့တာပေါ့'

မိုးစက် နားလည်ပါသည်။ ရှင်းအောင်ပြောရရင် အရင်ကထက် ပို၍ အဖေ့ကို နားလည်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



‘အဖေ… အဖေ့သားအပေါ်မှာ ချစ်တဲ့အချစ်တွေကို သားနားလည်ပါတယ်၊ ဒါပေမဲ့ သားကို အခွင့်အရေးနည်းနည်းလောက်တော့ပေးပါ’

‘ဘာအခွင့်အရေးလဲ’

‘လူတစ်ယောက်ရဲ့ ဘဝကို ပုံမှန်အတိုင်းလေး ပြန်ဖြစ်အောင် ပြုပြင်ပေးချင်တဲ့ သားရဲ့ဆန္ဒကို နားလည်ပေးမဲ့ အခွင့်အရေးပါ’

ဦးမြင့်အောင် မိုးစက်အား စေ့စေ့ကြည့်သည်။

‘အဲဒီဆန္ဒအတွက် မင်းဘက်က ဘာအရင်းအနှီးပေးလိုက်ရမလဲ ဆိုတာကို သိလား’

‘အဖေပြောကြည့်လေ’

‘မင်းရဲ့ဘဝကြီးတစ်ခုလုံးကွ၊ တောက်…’

မိုးစက် ပြုံးသည်။

‘အဖေပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သားက အဲလိုဖြစ်ချင်နေတာပါဆို’

ဦးမြင့်အောင် မိုးစက်ကို မျက်တောင်မခတ်ဘဲ ကြည့်သည်။

‘မင်းဟာလေ၊ နားပဲမလည်တာလား၊ ဒါမှမဟုတ် ခေါင်းပဲ မာလွန်းတာလားဆိုတာကို ငါ မတွေးတတ်တော့ဘူး’

‘နှစ်ခုလုံးမဟုတ်ဘူး အဖေ၊ သားက ဒါကို လုပ်နိုင်မယ်လို့ ယုံကြည်ထားလို့ပါ’

အတန်ကြာသည်အထိ ဦးမြင့်အောင်ဘက်မှ ဘာစကားမှ မပြောသေးပါ။

နောက်တော့မှ မိုးစက်၏ ခိုင်မာသော ဆုံးဖြတ်ချက်ကို တိတိကျကျ သိသွားပြီး လက်ခံလိုက်တော့သည်။

❒ ❒ ❒

သဘာဝတရားကြီးက ခိုင်မာသော အလှတရားအား ညနေဆည်းဆာအချိန်တွင် ရက်ရက်စက်စက်ကြီးကို ပေးနေပါသည်။ ပြောရရင် ယနေ့ကြုံနေရသော ညနေသည် ကြုံခဲ့သမျှ ညနေတွေထဲမှ ဖောက်ထွက်ပြီး





အစွမ်းကုန်ကို လှပနေသလို လွမ်းချင်သူအဖို့လည်း နေရင်းထိုင်ရင်း လွမ်းချင်စိတ် ပေါက်သွားလောက်ပါသည်။ သာယာကြည်နူးခြင်းနှင့် လွမ်းခြင်းဆိုသော အစွန်းနှစ်ဖက်ကို ဒီညနေ ဝါကျင့်ကျင့်က ပြုလုပ်ထားသည်။

၄င်းအစွန်းနှစ်ဖက်ဖြင့် ရပ်တည်ထားသော ညနေတွင် မိုးစက်နှင့် ရွှေပါရုံတို့ရောက်ရှိနေကြသည်။ ပါဝင်ပတ်သက်နေကြသည်။ ငြိမ်သက်နေကြသည်။

ရွှေပါရုံက တလွင့်လွင့် ဖြစ်နေသော ဆံစများကိုလက်ဖြင့်အသာစုကိုင်၍ မိုးစက်အား မျက်လုံးစွေကြည့်ပြီး လေသံခပ်တိုးတိုးဖြင့်…

‘ကိုမိုးစက် ကျွန်မကို ပြောစရာရှိလို့ဆို’

မိုးစက် ရွှေပါရုံအား ကြည့်၍ ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းညိတ်ရင်း…

‘အင်း… ဟုတ်တယ်’

‘ဒါဆိုလည်း ပြောလေ၊ ရောက်နေတာ ကြာပြီပဲဟာကို’

‘ပြောမှာပါ၊ စကားက အရေးကြီးတော့ အချိန်ယူတဲ့သဘောပါ’

ထိုသို့ပြောလိုက်ခြင်းကြောင့် ရွှေပါရုံ စိတ်ဝင်စားသွားပြီး…

‘အရေးကြီးတယ်၊ ဟုတ်လား၊ ဘာလဲဟင်’

‘အင်း… တခြားတော့မဟုတ်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်ကို လူကြီးတွေက လက်ထပ်ပေးဖို့ စကားပြောဆိုထားတာ ရွှေပါရုံ သိတယ်နော်’

မိုးစက် စကားကြောင့် ရွှေပါရုံ၏မျက်နှာ ရဲခနဲဖြစ်သွားပြီး ခေါင်းငုံ့ကာ…

‘အင်း… သိတော့ သိပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက အတည်ကြီး မဟုတ်သေးဘူးလို့လည်း အမေက ပြောတယ်’

မိုးစက် ခေါင်းညိတ်၍…

‘ဒါကို ကျွန်တော်လည်း သိပါတယ်၊ ဒါပေမဲ့ သူတို့တွေ ကျွန်တော်တို့ကို နီးစပ်သွားစေချင်တဲ့ ဆန္ဒရှိတယ်ဆိုတာတော့ အမှန်ပဲလေ’

ရွှေပါရုံ ရှက်ပြုံးတစ်ချက်ပြုံးလိုက်ပြီး…

‘ခု ကိုမိုးစက်က ဘာဖြစ်လို့ ဒါတွေလာပြောနေတာလဲဟင်’



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ဘာလို့ပြောနေရတာလဲဆိုတော့ လူကြီးတွေ လုပ်ပုံကို ကျွန်တော် သိပ်သဘောမကျလို့ပါပဲ'

'ရှင်'

ရူပါရုံ မျက်လုံးဝိုင်းသွားသည်။

'ကိုမိုးစက်ဆိုလိုတာက ဒီကိစ္စကို လက်မခံနိုင်ဘူးဆိုတဲ့ သဘောလား'

'ဟုတ်တယ် ရူပါရုံ၊ ကျွန်တော် သိပ်သဘောမကျဘူး'

ရူပါရုံ၏ မျက်နှာသည် တစ်မျိုးဖြစ်သွားသည်။ ဝမ်းနည်းသွားဟန်လည်း ရှိ၏။ နှုတ်ခမ်းကို တစ်ချက်ကိုက်၍...

'ဟိုလေ... ခုကိစ္စကလည်း အတည်ကြီးမဟုတ်သေးတော့ ကိုမိုးစက် သဘောမတူဘူးဆိုရင်လည်း ဖျက်လို့ရမယ်ထင်ပါတယ်'

မျက်ရည်စေ့ချင်သလို ဖြစ်နေသော ရူပါရုံကို ကြည့်၍ မိုးစက်ပြုံးပြီး ခေါင်းခါကာ...

'ရူပါရုံ ဘာတွေပြောနေတာလဲ၊ ကျွန်တော် ပြောချင်တာက ဒီသဘောမှ မဟုတ်တာ'

ရူပါရုံ နဝေတိမ်တောင်ရုပ်ဖြင့် မိုးစက်အား ကြည့်သည်။ ထို့ကြောင့် မိုးစက်က ဆက်၍...

'ကျွန်တော်က ဒီကိစ္စကြီးကို အားမလိုအားမရဖြစ်မိနေလို့ ပြောနေတာပါ၊ ရူပါရုံပဲ စဉ်းစားကြည့်လေ၊ လူကြီးတွေက ကျွန်တော်တို့နှစ်ယောက်ရဲ့ ကိစ္စကို ပြောထားတာကြာပဲကြာပြီ၊ ခုချိန်ထိ ပြောထားတဲ့အဆင့်ကကို မတက်နိုင်သေးဘူးဖြစ်နေတယ်၊ ကျွန်တော်က အဲဒါကို သဘောမကျတာ ဟင်း'

ရူပါရုံ မျက်လုံးလေး ကလယ်ကလယ်ဖြင့်...

'ကိုမိုးစက် ပြောတာကို ကျွန်မ မရှင်းသေးဘူး'

'ကောင်းပြီလေ၊ ဒါဆိုရင် ကျွန်တော် ရှင်းအောင် ပြောရတော့မှာပေါ့'

ထို့နောက် မိုးစက် ရူပါရုံကို တည့်တည့်ကြည့်ပြီး...





'ကျွန်တော် ရူပါရုံကိုချစ်တယ်၊ ဒါကြောင့် အမြန်ဆုံးလက်ထပ်ချင်နေပြီ'

'ရှင်'

ရူပါရုံ ကျောက်ရုပ်ဖြစ်သွားသည်။

မိုးစက် ညင်သာစွာဖြင့် ရူပါရုံ၏ လက်ဖျားလေးများကို ဆုပ်ကိုင်လိုက်သည်။

ပြီးနောက် လေသံခပ်တိုးတိုးဖြင့်...

'ရူပါရုံရော ကျွန်တော့်ကို ပြန်ချစ်လားဟင်'

ရူပါရုံ မော့ကြည့်သည်။

ဘာမှတော့ ပြန်မပြော။ သို့ရာတွင် မျက်ဝန်းအတွင်း၌ အဓိပ္ပာယ်များစွာက ပျော်ဝင်လျက်...

မိုးစက် ရူပါရုံအား ညင်သာစွာ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

နှလုံးသားသည် ဆတ်ခနဲတစ်ချက်တုန်ခါသွား၏။

သို့ရာတွင် ဘာပဲဖြစ်ဖြစ် မိုးစက်နှင့် ရူပါရုံတို့ချစ်သူတွေဘဝသို့ ယနေ့တွင် ရောက်ခဲ့ကြသည်။

မိုးစက်၏ စိတ်အတွင်းပိုင်းတွင်တော့ တံခါးတစ်ချပ်သည် ဟင်းလင်းပွင့်လျက်။ ဤသို့တံခါးပွင့်နေခြင်းကြောင့် တစ်စုံတစ်ယောက်က ရင်ထဲသို့ ဝင်သွားခြင်းဖြစ်နိုင်သလို တစ်စုံတစ်ယောက်က ရင်ထဲမှ ထွက်သွားနိုင်တာ လည်းဖြစ်နိုင်ပါလိမ့်မည်။

မိုးစက် ပြုံးနေသည်။

၎င်းအပြုံးသည် ခွဲခြားရအလွန်ခက်ပါသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ထိုနောက်ပိုင်းတွင် မိုးစက်၏ အတင်းအကျပ်တိုက်တွန်းမှုကြောင့် ဖခင်ဖြစ်သူ ဦးမြင့်အောင်က မိုးစက်နှင့် ရှုပါရုံအား ကြောင်းလမ်းပေးရန် ဒေါ်ယဉ်နွယ်အား ပြောဆိုရတော့သည်။

ဒေါ်ယဉ်နွယ်ကလည်း မယုံမရဲဖြင့် သဘောတူလက်ခံလိုက်သော အခါ မိုးစက်တို့ကိစ္စသည် အတည်ဖြစ်သွားပြီး လက်ထပ်မည့်ရက်ကိုပင် သတ်မှတ်လိုက်ကြ၏။

သို့ရာတွင် ဦးမြင့်အောင်ရော ဒေါ်ယဉ်နွယ်ပါ မိုးစက် ဘာများ လုပ်မလဲဟူသော အတွေးဖြင့် ရင်တထိတ်ထိတ်ဖြစ်ကာ စောင့်ကြည့် လျက်···

□ □ □

ဘဝတွင် ပျော်ရွှင်မှုတွေ ရှားပါးခဲ့သော ရှုပါရုံတစ်ယောက် ယခု ဖြတ်သန်းနေရသော ကာလအတွင်းတွင် အလွန်ပျော်ရွှင်နေခဲ့သည်။

၎င်းပျော်ရွှင်မှုတွေအားလုံးကို မိုးစက်က ဆောင်ကြဉ်းပေးခဲ့ခြင်း ပင်ဖြစ်သည်။ မိုးစက် ရှုပါရုံကို ပျော်အောင်ထားခဲ့သည်။

ထို့ကြောင့် ရှုပါရုံ ပျော်သည်။

လက်ထပ်မည့်ရက်ကို လက်ချိုး၍ ထိုင်တွက်တတ်လာပြီ။





မိုးစက်နှင့်အတူ ရယ်စရာရုပ်ရှင်များကို ကြည့်ရခြင်းကို နှစ်သက် တတ်လာပြီ။

မိုးစက်နှင့်အတူ ကစားကွင်းသွားရတာကိုလည်း ကြိုက်သည်။

ကန်တော်ကြီးတွင်ထိုင်၍ မိုးစက်ပြောသမျှ ရယ်စရာမှန်သမျှကို လိုက်၍ရယ်ရခြင်းကိုလည်း သဘောကျသည်။

ပြီးတော့ မိုးစက် ဝယ်ပေးသော အရုပ်ကလေးတွေနှင့် မိုးစက် အကြောင်းပြောရသည်ကိုလည်း ကျေနပ်သည်။

ရှုပါရုံ လုံးဝ အနှစ်သက်ဆုံးအချိန်ကာလက မိုးစက်၏ ရင်ခွင် ထက်တွင် ခိုဝင်နေရသော အချိန်ကာလလေးကိုပင်ဖြစ်သည်။

ဟုတ်သည်။ ရှုပါရုံအတွက် မိုးစက်၏ ရင်ခွင်သည် လုံခြုံသည်။ အေးမြသည်။ ပြီးတော့ နွေးလည်းနွေးထွေးသည်။ မိုးစက် ရင်ခွင်တွင် ပါးလေးအပ်၍ မျက်စိမှိတ်လိုက်ချိန်သည် ရှုပါရုံ၏ နတ်ပြည်ဖြစ်သွားသည်။

ပြောရလျှင် ရှုပါရုံ မိုးစက်ကို ရင်ထဲအသည်းထဲက နှစ်နှစ်ခြိုက် ခြိုက် စွဲစွဲလမ်းလမ်း ချစ်ခင်နှစ်သက်မိသွားခဲ့ပြီဖြစ်သည်။

သို့သော်···

□ □ □

ကန်တော်ကြီးရေပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေပြေသည် အေးမြခြင်းကိုဆောင်ယူလာသကဲ့သို့ မိုးစက်၏ ပခုံးကိုမှီနေသော ရှုပါရုံသည် လည်း အလိုအလျောက်ပင် ရင်ထဲ၌ ငြိမ်းချမ်းနေပါသည်။

'မိုးစက်··· ရှုပါတို့ လက်ထပ်ဖို့ ရက်တောင်မှ သိပ်မလိုတော့ ဘူးနော်'

မိုးစက် ဘာမှပြန်မဖြေပါ။ ရှုပါရုံကပင်ဆက်၍···

'မိုးစက် ပျော်လားဟင်၊ ရှုပါကတော့ မိုးစက်နဲ့ နီးရတော့မယ်ဆို တော့ အရမ်းပျော်တာပဲ'

မိုးစက်ထံမှ ဘာမှပြန်ဖြေသံမကြားရခြင်းကြောင့် ရှုပါရုံ စိတ်ထဲ တွင် တစ်မျိုးဖြစ်သွားပြီး ခေါင်းထောင်၍ ထကာ မိုးစက်အား ကြည့်၍···



www.burmeseclassic.com

www.burmeseclassic.com



'မိုးစက် ဘာဖြစ်နေတာလဲ'

ထိုအခါမှ အဝေးသို့ အဓိပ္ပာယ်မဲ့ မျက်ဝန်းများဖြင့် ငေးနေသော မိုးစက်က သတိဝင်လာဟန်ဖြင့်…

'ဟင်… ဘာမှမဖြစ်ပါဘူး'

'ဘာမှမဖြစ်ပါဘူးလည်းဆိုသေး၊ ရှုပါမေးတာကိုလည်း ပြန်မဖြေဘူး'

'ဟင်… ရှုပါက ဘာမေးလိုက်လို့လဲ'

ရှုပါရုံ နှုတ်ခမ်းကိုစူ၍ မျက်စောင်းထိုး၏။

'ရှုပါတို့ လက်ထပ်ဖို့ရက် နီးလာလို့ မပျော်ဘူးလားလို့ မေးနေတာ'

'သြော်…'

'ဖြေလေ'

'အင်း… ဒီလိုပါပဲ'

'ကြည့်… ဖြေပုံကိုက အသက်မပါသလိုနဲ့'

ထိုသို့ပြောပြီး ရှုပါရုံ စိတ်ကောက်သလိုလို ဘာလိုလိုလုပ်သည်။

မိုးစက်က သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

ရှုပါရုံ မျက်မှောင်ကြုတ်၍…

'မဟုတ်သေးပါဘူး၊ မိုးစက် တစ်ခုခုဖြစ်နေပါတယ်၊ အဲဒါ ဘာဖြစ်နေတာလဲ ပြော'

မိုးစက် ပုံစံက စိတ်ရှုပ်နေဟန် အထင်းသား။ ရှုပါရုံ၏ မေးခွန်းကို ပြန်လည်းမဖြေ။ ထို့ကြောင့် ရှုပါရုံပို၍အားမလိုအားမရဖြစ်သွားပြီး…

'မိုးစက် ဘာဖြစ်နေတာလဲ… ပြောဆို…'

'ပြော….ပြော'

ထိုသို့ ရှုပါရုံ မရမက မေးမှ မိုးစက်က မပြောချင်ပြောချင်ဟန်ဖြင့်…

'အင်း… စိတ်ရှုပ်နေတယ်'

'ဟုတ်လား၊ ဘယ်သူ့ကြောင့်လဲ'



'ရှုပါကြောင့်'

ရှုပါရုံ နားမလည်နိုင်ဟန်ဖြစ်သွားသည်။

'ဘယ်လို… ရှုပါကြောင့်… ဟုတ်လား'

'အင်း'

'ရှုပါက ဘာလုပ်လို့လဲ'

'လိမ်လို့'

'ဟင်… ရှုပါက ဘယ်သူ့ကို လိမ်နေလို့လဲ'

'ကိုယ့်ကိုယ်ကိုယ် လိမ်နေတာ'

ရှုပါရုံ နားရှုပ်သွားဟန်ဖြင့်…

'မိုးစက် ဘာတွေပြောနေတာလဲ၊ ရှုပါက ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် လိမ်ရမှာလဲ'

မိုးစက် သက်ပြင်းချ၍…

'ရှုပါ အမေက ပြောတယ်၊ ရှုပါက တစ်ခါတလေကျရင် ကိုယ့်ကိုယ်ကိုယ် သဒ္ဒါရုံဆိုပြီး လိမ်တတ်တယ်တဲ့၊ အဲဒါကြောင့် စိတ်ညစ်နေတာ'

ထိုသို့တည့်တည့်ကြီးပြောလိုက်ခြင်းကြောင့် ရှုပါရုံ၏ မျက်နှာမှာ သိသိသာသာပင် ဖရိုဖရဲဖြစ်သွား၏။ ပြီးတော့ အကြောက်အကန်လေသံဖြင့်…

'ဟင့်အင်း… ဟင့်အင်း… ဘာဆိုင်လို့ ရှုပါက ဒီလိုလုပ်ရမှာလဲ၊ မလုပ်ပါဘူး'

ရှုပါရုံ ပုံစံက တော်တော်ကြီးကို တုန်လှုပ်ချောက်ချားသွားဟန်ရှိသဖြင့် မိုးစက်လည်း ဆက်၍မပြောသင့် ပြောသင့် စဉ်းစားမိသည်။ နောက်မှ ယခုအချိန်တွင် အလျှော့ပေးလိုက်ပါက နောင်ကျလျှင် ပို၍ အခြေအနေဆိုးသွားနိုင်သည်ကို တွေးမိ၍ နောက်မဆုတ်တော့ဘဲ…

'ဒီမှာ ရှုပါ သေတဲ့လူကလည်း သေသွားပြီပဲကွာ၊ မင်း ဘာလို့ ဒီလိုတွေ လျှောက်လုပ်နေရတာလဲ'

ထိုအခါ ရှုပါရုံက အကြောက်အကန်လေသံဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



'အို… မိုးစက်နော် ဘာတွေလျှောက်ပြောနေတာလဲ၊ ညီမလေးက ဘာလို့သေရမှာလဲ၊ မသေဘူး'

'ကျွတ်… ရူပါ… မင်း… ပြောလေဆိုးလေပါလား၊ မင်းညီမ သဒ္ဒါရုံက လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက သေသွားပြီကွ၊ အဲဒါ မင်း လက်ခံရလိမ့်မယ်'

'အို… ဘာလို့လက်ခံရမှာလဲ၊ လက်မခံပါဘူး၊ ညီမလေးက လုံးဝကို မသေသေးဘူး'

ထိုသို့ပြောရင်းမှ ရူပါရုံ မျက်ရည်များ စီးကျလာပါတော့သည်။ မိုးစက်က…

'ဒီမှာ ရူပါရုံ မင်း ဒီလိုတွေ လျှောက်ပြောမနေနဲ့၊ သဒ္ဒါရုံ သေသွားပြီဆိုတာကို တစ်လောကလုံးလက်ခံတယ်၊ အေး… မင်းတစ်ယောက်ပဲ ခေါင်းမာမာနဲ့လက်မခံနိုင်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သဒ္ဒါရုံ အယောင်ဆောင်ပြီး လိမ်နေတာ'

'အို… ညီမလေး မသေဘူး၊ အသေရဘူး၊ အဟင့်… ဟင့်'

မိုးစက်က တည်ကြည်သော လေသံဖြင့်…

'မင်း တော်တော်ခေါင်းမာပါလား၊ ငါချစ်တာက ရူပါရုံကိုကွ၊ သဒ္ဒါရုံကို မဟုတ်ဘူး၊ သဒ္ဒါရုံကို ငါ မုန်းတယ်၊ ဒါကြောင့် ငါလက်ထပ်ရင်လည်း ရူပါရုံကိုပဲ လက်ထပ်မှာ၊ သဒ္ဒါရုံကို လက်မထပ်နိုင်ဘူး၊ အေး ရူပါရုံဖြစ်လိုက်၊ သဒ္ဒါရုံဖြစ်လိုက်ဆိုရင် ငါ မင်းနဲ့ ဘယ်လိုလုပ်ပြီး လက်ထပ်လို့ရမှာလဲ'

ထိုသို့ပြောပြီး မိုးစက် စကားကို ခဏဖြတ်လိုက်သည်။

ရူပါရုံကတော့ ခေါင်းငုံ့ပြီး တရှုံ့ရှုံ့ငို၍ကောင်းဆဲ…

မိုးစက် အံကိုတစ်ချက်ကြိတ်၍…

'ငါပြောတာကို မင်း သေသေချာချာနားထောင်ပါ၊ ပြီးတော့ သေသေချာချာ စဉ်းစားပါ၊ မင်းက ငါချစ်ရတဲ့ ရူပါရုံ လုပ်မှာလား၊ ဒါမှမဟုတ် ငါမုန်းရတဲ့ သဒ္ဒါရုံလုပ်မှာလား၊ မင်း အဲဒီမေးခွန်းကိုဖြေပါ'

ရူပါရုံ အငိုမျက်နှာနှင့် မိုးစက်အား ဖျတ်ခနဲ လှမ်းကြည့်သည်။





ပြီးနောက် အင့်ခနဲ တစ်ချက်ရှိုက်၍ ထွက်ပြေးသွားတော့သည်။

မိုးစက် ကျန်ခဲ့သည်။ ထို့နောက်…

သက်ပြင်းတစ်ချက်ကို ဗျူးခနဲ မှုတ်ထုတ်လိုက်သည်။

'လူတစ်ယောက်က နေပြန်ကောင်းဖို့ဆိုရင် ဆေးကခါးလည်း သောက်ရမှာပဲ ရူပါရုံ၊ ငါ့ကိုခွင့်လွှတ်ပါ'

ဟု စိတ်ထဲမှ တီးတိုးပြောရင်း အဝေးသို့ လှမ်းငေးလျက်…

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## တစ်နှစ်ခန့်ကြာသော

အချိန်က ည နှစ်နာရီ။

မိုးစက်တစ်ယောက် အိမ်ဝရံတာထက်တွင် ရပ်၍ လခြမ်းကွေးကွေးကို ငေး၍ကြည့်နေမိသည်။ တစ်ရေးနိုးလာခြင်းကြောင့် ဤသို့ ဝရံတာသို့ ထွက်လာခဲ့ခြင်းသာဖြစ်သည်။ အခုတလော အိပ်မက်တစ်ခုတည်းကိုပင် မိုးစက် ထပ်တလဲလဲ မက်နေမိ၏။ အိပ်မက်က တခြားတော့မဟုတ်။ သဒ္ဒါရုံက မိမိအား ပြုံး၍ကြည့်နေသော အိပ်မက်ပင်ဖြစ်သည်။

ဟုတ်သည်။ အိပ်မက်ထဲတွင် သဒ္ဒါရုံက ဘာမှမလုပ်။ ပြုံး၍သာ ပြုံးနေခြင်းဖြစ်၏။ ဒါပေမဲ့ ထိုအပြုံးကို မိုးစက် သရုပ်မခွဲတတ်။

ယခုလည်း ၎င်းအိပ်မက်ကို မက်ရင်းမှ နိုးလာခြင်းကြောင့် အပြင်သို့ ထွက်လာခြင်းသာဖြစ်သည်။

အခန်းထဲရှိ အိပ်ရာထက်တွင်တော့ ရူပါရုံက ကွေးကွေးလေး အိပ်နေလျက်။ ည၏ တိတ်ဆိတ်မှု၊ ပြီးတော့ အိပ်မက်၏ သွေးဆောင်မှုကြောင့် မိုးစက် အလိုအလျောက်ပင် သဒ္ဒါရုံအကြောင်း တွေးမိသွားသည်။

သဒ္ဒါရုံ… သဒ္ဒါရုံ ဆိုသည်မှာ ဘယ်သူနည်း။

အဖြေက ရှင်းပါသည်။ သဒ္ဒါရုံက ရူပါရုံ၏ အမြွှာညီအစ်မဖြစ်ပြီး လွန်ခဲ့သော ခြောက်နှစ်ခန့်က ဆုံးသွားပြီ။

သဒ္ဒါရုံ သက်ရှိထင်ရှား ရှိစဉ်က မိုးစက်နှင့် တစ်ကြိမ်တစ်ခါမှ တွေ့ဆုံဖူးခြင်းမရှိခဲ့။ ထို့ကြောင့် မိုးစက်နှင့် သဒ္ဒါရုံသည် ဘယ်လိုမှပင် ပတ်သက်စရာမရှိဟု ပြော၍ရသည်။

သို့ရာတွင် သဒ္ဒါရုံသည် မိုးစက်၏ ရင်ဘတ်ထဲ၌ဝင်၍ ရှုပ်နေ၏။ မိုးစက် ရူပါရုံကို သဒ္ဒါရုံအနေနဲ့ စတွေ့ခဲ့သည်။

ထို့ကြောင့် သဒ္ဒါရုံ၏ စိတ်ကို ကြိုက်သည်။

သဒ္ဒါရုံ၏ စရိုက်ကို သဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သဒ္ဒါရုံက မိုးစက်၏ ရင်ထဲသို့ ဝင်သွားသည်။

ရှင်းအောင်ပြောရလျှင် မိုးစက် သဒ္ဒါရုံကို ချစ်မိခဲ့သည်ပေါ့။

ဒါပေမဲ့ ရှုပါရုံနှင့် သဒ္ဒါရုံသည် တစ်ယောက်တည်းဟု သိလိုက်ရချိန်တွင် မိုးစက်၏ ရင်ထဲ၌ ရှုပ်ထွေးသွား၏။

ကိုယ်ချစ်သွားမိသော သဒ္ဒါရုံက အပြင်လောကတွင် တကယ်မရှိတော့။

မိုးစက် ဘာလုပ်လို့ရပါတော့မည်နည်း။

အသိတရားထဲတွင် သဒ္ဒါရုံ မရှိတော့ကြောင်းကို လက်ခံမိသော်လည်း စိတ်ထဲတွင်ချစ်မိခဲ့သော သဒ္ဒါရုံက ပျောက်၍မသွား။ ဆက်၍ချစ်မြဲ။

ပြီးတော့ ရှုပါရုံက သနားစရာကောင်းသည်။ ထို့ကြောင့် သနားသည်။ သူမ၏ အကျင့်ဆိုးကြီးကို ပြင်ပေးချင်သည်။

အရင်းအနှီးက ကိုယ့်ဘဝတစ်ခုလုံးဖြစ်မှန်းကို ရိပ်မိ၏။ ကိုယ်ရင်းရကျိုးနပ်သည်ဟု ပြော၍ရသည်။

အဘယ်ကြောင့်ဆိုသော် မိမိ၏ လက်ထပ်ပြီးသည့်အချိန်မှစ၍ ရှုပါရုံသည် သဒ္ဒါရုံ ပြန်၍မဖြစ်တော့။ ရှုပါရုံသည် ရှုပါရုံဘဝ၌ပင် ပျော်သွားပါပြီ။

သူမ ရင်ထဲ၌ သဒ္ဒါရုံအစား မိုးစက်က အစားထိုးဝင်ရောက်သွားခဲ့ပြီလေ။ သူမအတွက် သဒ္ဒါရုံက လိုမှမလိုတော့တာ။

သို့ရာတွင် မိုးစက်အတွက်တော့ သဒ္ဒါရုံက ရင်ထဲတွင် ရှိနေဆဲ။

ရှိနေမြဲ။ ချစ်နေဆဲ။

လခြမ်းက ကွေးကွေးလေး။ မိုးစက် ကြည့်နေသည်။

ပြီးတော့ တီးတိုးလည်း ရေရွတ်မိ၏။

'လွမ်းလိုက်တာ သဒ္ဒါရုံရယ်'

အခုလေးတင် အိပ်ရာထက်၌ သဒ္ဒါရုံကို အဲ··· သဒ္ဒါရုံဟု သူသိခဲ့ရသော သဒ္ဒါရုံလည်းဖြစ်ခဲ့ဖူးသော ရှုပါရုံကို သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ခဲ့သေးသည်လေ။

**တန်ခူးလေပြေ**